EVERY MONDAY

# မြစ်ကြီးနားသတင်း ဂျာနယ်


၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

အတွဲ (၆)၊ အမှတ် (၃) “ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ” (ဇန်နဝါရီ ၂၈ ၊ ၂၀၁၉)


## “လူထုရဲ့အမြင်မှာ ဒီအစိုးရလက်ထက်ဝန်ကြီးအဆင့်မှာ ကချင်က ဦးHလအောင် တစ်ယောက်တည်းပါတော့ သူပြုန်ဖြုတ်ခံရတာ ကျွန်တော်တို့လည်း စိတ်မကောင်းဘူး”

စာ - ၈ သို့ »





ဦးမြသိန်း (နုတ်ထွက်ခွင့်ပြု)



ဦး H လအောင် (တာဝန်မှရပ်စဲ)



ဦးသင်းလွင် (နုတ်ထွက်ခွင့်ပြု)

# ကျန်းမာရေးကောင်းမွန်သည့် ဝန်ကြီး ၃ ဦးကို ကျန်းမာရေးအကြောင်းပြ၍နုတ်ထွက်ခိုင်း

စာ - ၃ သို့ »

## အစိုးရနှင့် ကေအိုင်အိုတို့ တရားဝင်တွေ့ဆုံမည်

စာ - ၄ သို့ »

## သက်တမ်းကုန် လုပ်ကွက်များအတွင်း တရားမဝင် ဝင်ရောက်တူးဖော်မှုများ ရှိနေ

စာ - ၄ သို့ »

စာ - ၇ သို့ »



## လာမည့်ပွင့်လင်းရာသီတွင် မီးပြတ်တောက်မှု မရှိစေရန် တာဝန်ယူသွားမည်ဟု ဘူးဂါးပြော

စာ - ၁၅ သို့ »

## လာမည့်စာသင်နှစ်တွင် တိုင်းရင်းသားစာပေ ပထမတန်းကို စတင်သင်ကြားတော့မည်

စာ - ၁၇ သို့ »

၂၀၁၅–၂၀၁၆ ခုနှစ်အတွက်

"ရတနာပုံ" ပညာရေးဆိုင်ရာ ထူးချွန်ဆုရ

ELC PRIVATE HIGH SCHOOL Mandalay

# ELC ကိုယ်ပိုင်အထက်တန်းကျောင်း မန္တလေး

၂၀၀၇–ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ



မောင်ဇင်လင်း(မနတ–၉၈၃)
ရမှတ်ပေါင်း–၅၅၇ မှတ်
အထက–၁၄
ဘာသာစုံဂုဏ်ထူးရှင်
မြန်မာတစ်နိုင်ငံလုံး ပထမ

၂၀၀၇–ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ



မသီသီထွေး(မရတ–၄၄၃)
ရမှတ်ပေါင်း–၅၅၇ မှတ်
အထက–၁၃
ဘာသာစုံဂုဏ်ထူးရှင်
မြန်မာတစ်နိုင်ငံလုံး ပထမ

## ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ

# ဘာသာစုံဂုဏ်ထူးရှင် နှင့် (၅)ဘာသာ ဂုဏ်ထူးရှင်များ



| 6D | 6D | 6D | 6D | 5D | 5D | 5D | 5D |
|---|---|---|---|---|---|---|---|
| မြသဲမွန်ဖူး | ယုကလျာ | အိမွန်ဖြူ | ဝေယံကျော် | မင်းခန့်ကျော် | အောင်မျိုးကျော် | ထားမြတ်စန္ဒီအောင် | ထက်ရွှေစင်ဝင်း |
| မနတ–၁၅၅၂ | မနတ–၁၅၇၇ | မနတ–၁၅၅၇ | မနတ–၁၅၀၁ | မနတ–၁၅၀၃ | မနတ–၁၅၀၉ | မနတ–၁၅၉၈ | မနတ–၁၅၈၂ |
| (မန္တလေး) | (သပိတ်ကျင်း) | (မန္တလေး) | (မန္တလေး) | (ကန့်ဘလူ) | (ကျောက်ဆည်) | (တောင်ကြီး) | (မန္တလေး) |

## အောင်မြင်မှုမှတ်တမ်း

| | စုစုပေါင်း | ဇီဝ | ဘောဂ |
|---|---|---|---|
| ဖြေဆိုသူ | ၁၆၈ ဦး | ၁၁၄ ဦး | ၅၄ ဦး |
| အောင်မြင်သူ | ၁၅၃ ဦး | ၁၁၁ ဦး | ၄၂ ဦး |
| ဂုဏ်ထူးဖြင့်အောင်မြင်သူ | ၆၈ ဦး | ၅၉ ဦး | ၉ ဦး |
| ရိုးရိုးအောင်မြင်သူ | ၈၅ ဦး | ၅၂ ဦး | ၃၃ ဦး |
| ကျရှုံးသူ | ၁၅ ဦး | ၃ ဦး | ၁၂ ဦး |
| အောင်ချက်ရာခိုင်နှုန်း | ၉၁.၀၇% | ၉၇.၃၆% | ၇၇.၇၇% |

## ဂုဏ်ထူးရဦးရေ

| | |
|---|---|
| ၆ ဘာသာဂုဏ်ထူးရှင် | ၄ ဦး |
| ၅ ဘာသာဂုဏ်ထူးရှင် | ၄ ဦး |
| ၄ ဘာသာဂုဏ်ထူးရှင် | ၁၃ ဦး |
| ၃ ဘာသာဂုဏ်ထူးရှင် | ၉ ဦး |
| ၂ ဘာသာဂုဏ်ထူးရှင် | ၁၆ ဦး |
| ၁ ဘာသာဂုဏ်ထူးရှင် | ၂၂ ဦး |

| | |
|---|---|
| မြန်မာစာ | ၈ ဦး |
| အင်္ဂလိပ်စာ | ၇ ဦး |
| သင်္ချာ | ၄၇ ဦး |
| ဓာတု | ၄၅ ဦး |
| ရူပ | ၃၃ ဦး |
| ဇီဝ | ၃၁ ဦး |
| ဘောဂ | ၆ ဦး |

## ကချင်ပြည်နယ်မှ ဂုဏ်ထူးရှင်များ



4D မထက်ထက်အောင် သ၊ဓ၊ရ၊ဇ မြစ်ကြီးနား
4D မောင်နန္ဒထင်ဇော် သ၊ဓ၊ရ၊ဇ ဆိတ်မူ
4D မဥမ္မာထက် သ၊ဓ၊ရ၊ဇ ဖားကန့်
4D မောင်ဟိန်းထက်ဝင်း သ၊ဓ၊ရ၊ဇ ဖားကန့်
4D မရွှေလမင်းအိမ် သ၊ဓ၊ရ၊ဇ ဆိုင်းတောင်
3D မောင်ကောင်းဇော်ဟိန်း ဓ၊ရ၊ဇ ဆိုင်းတောင်
2D မောင်ကျော်သူရ သ၊ဘ ပိုင်းမော်
2D မောင်စစ်မင်းဟန် သ၊ဓ မောင်းပြင်
2D မနန်းစုစုခိုင် ဓ၊ဇ နောင်ပိုအောင်
1D မောင်ကြီးမြတ်သူရိန် သ ဆိတ်မူ

အောင်ချက်ရာခိုင်နှုန်း

# 91.07%

အမှတ်(၂၄၁)၊ ၃၁လမ်း၊ ၈၃×၈၄လမ်းကြား၊ မန္တလေးမြို့။ Ph:02-4068091, 02-4073926, 02-4031121





# မြစ်ကြီးနားသတင်း ဂျာနယ်

ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ

အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်

ကြော်ငြာထည့်သွင်းလိုသူများ ဆက်သွယ်နိုင်သည်။
၀၉-၄၀၀၀၄၈၆၈၀၊၀၉-၄၀၀၀၁၂၁၉၃

လပေးနစ်ချုပ် မှာယူနိုင်သည်။
လက်ပွေ့ရောင်းချလိုသူများဆက်သွယ်နိုင်သည်။

ဖုန်း – ၀၉-၄၅၉၄၅၂၉၀၂၊ ၀၉-၂၅၆၃၆၀၂၇၄၊ ၀၉-၄၂၀၀၈၅၉၂၈၊ ၀၉-၇၉၆၉၂၇၃၅၃
အမှတ် (၁၆၄)၊ အင်ဂျန်ဒုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။



ကလေးသူငယ်များအပေါ်
လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့်
အမြတ်ထုတ်မှုများ ဖြစ်ပေါ်ပါက
တိုင်ကြားရန်ဖုန်းနံပါတ်များ

၀၆၇-၄၀၄၉၉၉၊ ၀၆၇-၄၀၄၂၂၂



# မျိုးဆက်သစ် (AirCon Express) NEW GENERATION EXPRESS

ဂုဏ်ဇောအကယ်ဒမီ

## အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး

မြစ်ကြီးနား ⇄ မိုးကောင်း ⇄ ဟိုပင် ⇄ မိုးညှင်း ⇄ ရန်ကုန်



မြစ်ကြီးနားမှ နံနက် ၁၀:၀၀ | ရန်ကုန်မှ နံနက် ၁၀:၀၀
မြစ်ကြီးနားမှ ညနေ ၃:၀၀ | ရန်ကုန်မှ ညနေ ၄:၀၀

နေ့စဉ်ပုံမှန် ၂ ကြိမ် ပြေးဆွဲပေးနေပါသည်

မြစ်ကြီးနားမြို့တွင်း ခရီးသည်ကြိုပို့နှင့် တန်ဆာပစ္စည်းအရောက်ပို့ ဧနစ်ဖြင့် ဝန်ဆောင်မှုပေးနေပါသည်

ဆက်သွယ်ရန် – ရွှေလမ်းမကြီး၊ လမ်းသွယ် (၁၀)၊ မြစ်ဈေးရာ အဝေးပြေးယာဉ်ရပ်နားစခန်း၊ အခန်းနံပါတ် (၁၅) မြစ်ကြီးနားမြို့။

မြစ်ကြီးနား 09-440064211,09-440064288,09-456469223
မိုးကောင်း 09-264145613,09-42465070,09-454097368
ဟိုပင် 09-766577944,09-258029160, 09-796517743
မိုးညှင်း 09-400053210, 09-790215384

ရန်ကုန် (အောင်မင်္ဂလာ) 09-450549991,09-450549992, 09-450549993, 09-459261688
ရန်ကုန် (စမ်းချောင်း) 01-510921, 09-421087976, 09799654210
ရန်ကုန် (အောင်ဆန်းကွင်း) 09-453196492, 09-453196493

လက်မှတ်အရောင်းခွဲနှင့် တန်ဆာပစ္စည်း လက်ခံဌာန
အမှတ် (၈၇)၊ မင်းရပ်ရပ်ကွက်၊ ဘူတာကြီးရှေ့၊ မြစ်ကြီးနား
Ph: 09-404895206, 09-404895207

VIP 2+1 အထူးကားကြီးများဖြင့်သာ ပြေးဆွဲပေးလျက်ရှိပါသည်။

# ကျန်းမာရေးကောင်းမွန်သည့် ဝန်ကြီး ၃ ဦးကို ကျန်းမာရေးအကြောင်းပြ၍နုတ်ထွက်ခိုင်း


ဦးမြသိန်း (နုတ်ထွက်ခွင့်ပြု)


ဦး H လအောင် (တာဝန်မှရပ်စဲ)


ဦးသင်းလွင် (နုတ်ထွက်ခွင့်ပြု)

မြစ်ကြီးနား၊ ဇန်နဝါရီ ၂၅

အစိုးရသစ်သက်တမ်း ၃ နှစ် ကျော်လာတဲ့အချိန် ကချင်ပြည်နယ်အစိုးရအဖွဲ့မှာ အပြောင်းအလဲ အကြီးကြီးတစ်ခုကို ပြုလုပ်ခဲ့ပါတယ်။

ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးတွေဖြစ်တဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးH လအောင်၊ လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်နဲ့ စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြသိန်းတို့ကို နိုင်ငံတော်သမ္မတရဲ့ အမိန့်အရ ရာထူးကနေ နုတ်ထွက်ခွင့် ပြုလိုက်တာပါ။ အဲဒီသုံးဦးထဲမှာ လူမှုရေးဝန်ကြီးက ပြည်သူတင်မြှောက်ထားတဲ့သူ မဟုတ်ဘဲ ဝန်ကြီးချုပ်နဲ့ လွှတ်တော်ကရွေးချယ်တင်မြှောက်ထားတဲ့ အရပ်သားတစ်ဦး ဖြစ်ပါတယ်။

နုတ်ထွက်ခဲ့ရတဲ့ ဝန်ကြီးတွေဟာ သူတို့ကို ဘယ်လိုအကြောင်းတွေကြောင့် ထုတ်ပယ်ခံရတယ်ဆိုတာကို မသိရပေမယ့်လည်း ဦးမြသိန်းနဲ့ ဒေါက်တာသင်းလွင်ကိုတော့ ကျန်းမာရေးအရ နုတ်ထွက်ခွင့်ပြုခဲ့ပြီး ဦးHလအောင်ကို တာဝန်ကနေ ရပ်ဆိုင်းစေခဲ့တာပါ။

ဝန်ကြီးတွေထဲမှာ တစ်ဦးတည်းသော ကချင်လူမျိုးဖြစ်တဲ့ ဖားကန့်လွှတ်တော်အမတ် ဦးHလအောင်ကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က နုတ်ထွက်စာပေါ်မှာ လက်မှတ်ထိုးဖို့ ပြောဆိုခဲ့ပေမယ့်လည်း ဦးလအောင်က သူ့ကိုထုတ်ပယ်တဲ့ အကြောင်းပြချက် မသိရမချင်း နုတ်ထွက်စာကို လက်မှတ်ရေးထိုးမှာ မဟုတ်ဘူးလို့ သတင်းမီဒီယာတွေနဲ့ တွေ့ဆုံစဉ်မှာ ပြောဆိုခဲ့ပါတယ်။ အကြောင်းအရင်းမှန်ကို သိရဖို့ နိုင်ငံတော်သမ္မတနဲ့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ကို သွားပြီး မေးမြန်းမယ်လို့လည်း ပြောဆိုခဲ့ပါသေးတယ်။

"ကျွန်တော့်ကို အမြန်ဆုံး လက်မှတ်ထိုးပါ။ နုတ်ထွက်စာတင်တာကောင်းတယ်။ အကောင်းဆုံးကတော့ ခင်ဗျားကျန်းမာရေးကိစ္စနဲ့တင်တာ ကောင်းတယ်။ မတင်ဘူးဆိုရင် မရပါဘူး။ ဘာကြောင့်လဲဆိုတော့ အထက်အမိန့်ကြောင့် ဖြစ်တယ်လို့ပြောတယ်"လို့ ဦးH လအောင်က ပြောပါတယ်။

ရာထူးမှ အနားယူရတဲ့ ဝန်ကြီးတွေ အကုန်လုံး ဇန်နဝါရီလ ၂၁ ရက်နေ့က မီဒီယာရဲ့ မေးမြန်းမှုတွေကို ဖြေဆိုခဲ့ကြပြီး အဲဒီနောက်ပိုင်းမှာတော့ အကြောင်းအမျိုးမျိုးကြောင့် တွေ့ဆုံခွင့် မပေးခဲ့ကြပါဘူး။

စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြသိန်းရဲ့ 7 Day TV ကို ဖြေကြားချက်အရ အမှုန်းတရားထားကာ ဖယ်ရှားခံရခြင်း ဖြစ်ကြောင်းနဲ့ နေရာလုချင်သူများ၏ တိုက်ခိုက်မှုကြောင့်လည်း ဖြစ်နိုင်ကြောင်း ပြောဆိုထားပါတယ်။

ဦးHလအောင်ကို တာဝန်က ရပ်ဆိုင်းစေခဲ့လို့ ဒါဟာ ဒီမိုကရေစီနည်းလမ်းမကျကြောင်းနဲ့ ဘာကြောင့် နုတ်ထွက်စေရတာလဲ. . .။ ဦးHလအောင် အပြစ်ရှိကြောင်း တွေ့ရှိပါက တွေ့ရှိတဲ့အပြစ်နဲ့ စပ်လျဉ်းတဲ့အရာကို ဝန်ကြီးချုပ်မှ အများပြည်သူများ သိအောင်ရှင်းလင်း တင်ပြစေလိုကြောင်းလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ ၃၇ ဖွဲ့ကနေ ဇန်နဝါရီလ ၂၁ ရက်နေ့က တင်ပြခဲ့ကြပါတယ်။

"ကျွန်တော်တို့အမိကက ဒီမိုကရေစီရဲ့ စံချိန်စံညွှန်းပေါ့နော်။ ဥပမာ - လူတစ်ယောက်ကို ထုတ်တယ်ဆိုထုတ်ရတဲ့အကြောင်းအရင်းတွေရှိတယ်။ အခုက ထုတ်ရတဲ့အကြောင်းတွေ မသိရဘဲနဲ့ ဒီဝန်ကြီးသုံးဦးကို နုတ်ထွက်စာတင်ခိုင်းတယ်ဆိုတဲ့ နုတ်မိန့်နဲ့ လာတယ်ဆိုတာက ဒီမိုကရေစီရဲ့စံချိန်စံညွှန်းနဲ့ မကိုက်ညီဘူးပေါ့နော်" ဟု Kachin Conservation WorkGroup(KCWG) အဖွဲ့မှ အကြံပေး ဦးဘရန်အောင်က ပြောပါတယ်။

ဥပဒေပညာရှင်အချို့က ဝန်ကြီးသုံးဦးကို ဒီမိုကရေစီအစိုးရလက်ထက် အခုလို နုတ်ထွက်စေခြင်း၊ ရပ်စဲခြင်းက ရုပ်ဆိုးအကျည်းတန်တဲ့လုပ်ရပ် ဖြစ်ကြောင်း၊ နုတ်ထွက်စေခိုင်းရခြင်း အကြောင်းကို ပြည်သူလူထုထံ ချပြစေလိုကြောင်း၊ ပြည်သူလူထံ ပွင့်လင်းမြင်သာအောင် မချပြပါက အစိုးရအပေါ် လူထုရဲ့အယုံအကြည် ကင်းမဲ့သွားနိုင်ကြောင်း သုံးသပ်ပြောဆိုနေကြပါတယ်။

"အဂတိနဲ့တိုင်ကြားခြင်းခံထားရတဲ့ ဝန်ကြီးတွေကို မထုတ်ဘဲနဲ့ တခြားဝန်ကြီးတွေကို ထုတ်တာကတော့ လုံးဝ လက်သင့်ခံလို့ မရနိုင်တဲ့ လွဲချော်မှုကြီးတစ်ခုလို့ ထင်တယ်။ ဒီဝန်ကြီးတွေကို ထုတ်ပယ်တာက ပါတီတွင်းက ပြဿနာတစ်ခုကြောင့် ဖြစ်လိမ့်မယ်လို့ ယူဆတယ်" လို့ တရားလွှတ်တော်ရှေ့နေ ဦးဂဲနက်စ်က သုံးသပ်ပြောဆိုပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် လစ်လပ်သွားတဲ့ ဝန်ကြီးသုံးဦးရဲ့ နေရာမှာတော့ ဖားကန့်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂) က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဒါရှီလဆိုင်းကို သယံဇာတနှင့် သဘာဝထိန်းရေးဝန်ကြီး၊ မိုးညှင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ကျော်ဝင်းကို စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ ဝိုင်းမော်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးနော်လီကို လူမှုရေးဝန်ကြီးတွေအဖြစ် အစားထိုး ခန့်အပ်သွားနိုင်တယ်လို့ ခန့်မှန်းပြောဆိုမှုတွေ ရှိနေပါတယ်။

ဝန်ကြီးသုံးဦး နုတ်ထွက်ရခြင်းအပေါ်မှာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က အုပ်ချုပ်ရေးယန္တရားအရ ပြောင်းလဲမှုတွေ ပြုလုပ်ခဲ့တာဖြစ်ပြီးတော့ အထက်အဆင့်ဆင့်ရဲ့ ညွှန်ကြားချက်အတိုင်း လုပ်ဆောင်ခဲ့တာ ဖြစ်တယ်လို့ ပြောပါတယ်။

"အုပ်ချုပ်ရေး အဖွဲ့အစည်းဆိုတာ Change of Command ဆိုတာ ရှိတယ်။ အဆင့်ဆင့် ကွပ်ကဲပြီးတော့ ညွှန်ကြားတဲ့ လုပ်ရိုးလုပ်စဉ်ပေါ့လေ။ ဒါကိုလုပ်ခြင်းပဲဖြစ်တယ်လို့ အန်ကယ် ဒီလိုပဲဖြေပါရစေ"ဟု ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ပြောပါတယ်။

ဝန်ကြီးသုံးဦးရဲ့ နေရာမှာ အတည်ပြုခန့်အပ်ဖို့ ဇန်နဝါရီလ ၂၈ ရက်နေ့မှာလွှတ်တော် အထူးအစည်းအဝေးတစ်ရပ် ကျင်းပပြီးတော့ ကတိပြုလက်မှတ်ရေးထိုးပြီး ရွေးချယ်ခန့်အပ်သွားမှာပါ။ ဒါ့အပြင် ဗန်းမော်-မြစ်ကြီးနားလမ်းပိုင်းမှာ လွှတ်တော်ကိုကျော်ပြီး ငွေကျပ် ၁၁ ဘီလီယံသုံးစွဲ လမ်းဆောက်လုပ်ခဲ့လို့ တင်ဒါစည်းမျဉ်းစည်းကမ်းနဲ့ မညီဘူးဆိုပြီး တိုင်တန်းခံထားရတဲ့ ဝန်ကြီးတွေလည်း ကျန်နေပါသေးတယ်။ သူတို့ကို ရှေ့နေတစ်ဦးက အဂတိတိုက်ဖျက်ရေးကော်မရှင်ကို တိုင်တန်းထားတာ ဖြစ်ပါတယ်။ ဒါပေမဲ့ တိုင်တန်းပြီး ရက်ပေါင်း ၆၀ ကျော်ကြာတာတောင် စုံစမ်းစစ်ဆေးမှုတွေ မရှိသေးလို့ သူတို့ကိုလည်း ဘယ်လိုဆောင်ရွက်သွားမလဲ ဆိုတာကို ပြည်သူလူထုက သိချင်နေကြပါတယ်။ တာဝန်က နေရပ်ဆိုင်းခံလိုက်ရတဲ့ ဝန်ကြီးတွေကို ဘာကြောင့် ရပ်ဆိုင်းတယ်ဆိုတာနဲ့ သူတို့နေရာမှာ ဘယ်သူတွေကို အစားထိုး ခန့်အပ်မယ်ဆိုတာကတော့ အခုလ မကုန်ခင် သိရတော့မှာပါ။

စည်သူ(မြစ်ကြီးနား)

High Class
AKZ GROUP
AIR-CON , AIR SUSPENSION
EXPRESS
မြစ်ကြီးနား ⇌ မိုးကောင်း ⇌ ဟိုပင် ⇌ မိုးညှင်း ⇌ ရန်ကုန် (တိုက်ရိုက်)

BRAND NEW
SCANIA ( 2+1 ) VIP
ရန်ကုန်မှ ညနေ (၅)နာရီ
မြစ်ကြီးနားမှ နေ့လည်(၁)နာရီ
နံနက်(၁၀)နာရီ ( 2+2) ကား ၊ နံနက်(၁၁)နာရီ VIP(1+1) ကားများအပြင်
အဲယားကွန်း၊လေအိတ် SCANIA MARCOPOLO ကားသစ်ကြီးများဖြင့် နေ့စဉ်ထပ်မံတိုးချဲ့ပြေးဆွဲနေပါပြီ။
မြစ်ကြီးနား - 0930242433, 09253186611,0949213323 ၊ ရန်ကုန် - 09420225777,09 420225888, 09793211170, 09793211180

# အစိုးရနှင့် ကေအိုင်အိုတို့ တရားဝင်တွေ့ဆုံမည်







ဇန်နဝါရီ ၂၅

လက်ရှိအစိုးရနှင့် ကေအိုင်အိုတို့ လာမည့် ဖေဖော်ဝါရီလအတွင်း တရားဝင်ဆွေးနွေးရန် သဘောတူညီမှုရရှိခဲ့ကြောင်း ငြိမ်းချမ်းရေးဆွေးနွေးရေးအကျိုးဆောင်အဖွဲ့(PCG)မှ သိရသည်။

ပြီးခဲ့သည့် ဇန်နဝါရီ ၂၁ ရက်နေ့က ကချင်လွတ်လပ်ရေးအဖွဲ့(KIO)နှင့် ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့(NRPC) တို့ တရုတ်နိုင်ငံ ကူမင်းမြို့တွင် အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုတစ်ရပ်ပြုလုပ်ခဲ့ရာမှ ယခုကဲ့သို့ သဘောတူညီမှု ရရှိခဲ့ခြင်း ဖြစ်သည်။

ယခု တွေ့ဆုံခြင်းသည် တရားဝင် ဆွေးနွေးပွဲအတွက် ရှေ့ပြေးပြင်ဆင်ထားသည့် နှစ်ဘက်သဘောထားကို ဆွေးနွေးသည့် အလွတ်သဘောတွေ့ဆုံခြင်း ဖြစ်ပြီး တရားဝင် ဆွေးနွေးပွဲအတွက် သဘောတူညီခဲ့သည်ဟု ငြိမ်းချမ်းရေးဆွေးနွေးရေး အကျိုးဆောင်အဖွဲ့(PCG)မှ တာဝန်ရှိသူ ဦးဆန်အောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

အဆိုပါ တရားဝင်ဆွေးနွေးပွဲအား မြန်မာနိုင်ငံအတွင်းရှိ မြို့တစ်မြို့တွင် ဖေဖော်ဝါရီလအတွင်းတွင် ပြုလုပ်မည်ဟု သဘောတူထားပြီး နေ့ရက်၊ နေရာ မသိရှိရသေးကြောင်း ဦးဆန်အောင်က ပြောသည်။

“တရားဝင်ဆွေးနွေးပွဲအတွက် သဘောတူခဲ့တာရှိပြီး မကြာခင် လာမယ့် ဖေဖော်ဝါရီလထဲမှာပဲ ပြည်တွင်းတစ်နေရာမှာ ဆွေးနွေးဖို့ကို သဘောတူထားပြီးသားပေါ့ ရက်၊နေရာ အတိအကျတော့မပြောပေမယ့် ဖေဖော်ဝါရီလထဲမှာဖြစ်မယ်။ လဆန်းပိုင်းလား၊ လလယ်ပိုင်းလာဆိုတာတော့ မသိသေးဘူး”ဟု ဦးဆန်အောင်က ပြောသည်။

ဖေဖော်ဝါရီလ အတွင်း ပြုလုပ်မည့် တရားဝင်တွေ့ဆုံပွဲတွင် မြန်မာ့တပ်မတော်၊ အစိုးရ၊ ကေအိုင်အိုတို့ အားလုံး ပါဝင်မည် ဖြစ်သည်ဟုလည်း ၎င်းက ထပ်မံပြောဆိုသည်။

အလွတ်သဘော တွေ့ဆုံခဲ့ကြစဉ်က အစိုးရကိုယ်စားလှယ်အဖွဲ့ အနေဖြင့် ငြိမ်းချမ်းရေး ကော်မရှင်ဒုဥက္ကဋ္ဌ ဦးသိန်းဇော်၊ ကော်မရှင်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း) တို့ပါဝင်ပြီး ကေအိုင်အိုအဖွဲ့မှ ဗိုလ်ချုပ်ဂွန်မော်ဦးဆောင်သောအဖွဲ့၊ ကေအိုင်အို အထွေထွေအတွင်းရေးမှူး ဦးလနန်တို့ ဦးဆောင်ပြီး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

Salai

---

# သက်တမ်းကုန် လုပ်ကွက်များအတွင်း တရားမဝင် ဝင်ရောက်တူးဖော်မှုများ ရှိနေ

ဇန်နဝါရီ ၂၅

ဖားကန့် ကျောက်စိမ်းတွင်းဒေသအတွင်း နှစ်အလိုက် သက်တမ်းကုန်ဆုံးနေသည့် လုပ်ကွက်များတွင် ကျောက်မျက်တူးဖော်ရေးကုမ္ပဏီအချို့က ဝင်ရောက်တူးဖော်နေကြသည်ဟု ဆိပ်မူကျေးရွာအုပ်စု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရွှေသိန်းက အတည်ပြုပြောကြားသည်။

ယင်း ကုမ္ပဏီများက ကျောက်မျက်တူးဖော်ရေးရာသီရောက်တိုင်း ယခုကဲ့သို့ တရားမဝင် ဝင်ရောက်တူးဖော်လေ့ရှိကြပြီး သက်ဆိုင်ရာက အမြန်ဆုံး ကြပ်မတ်သင့်သည်ဟုလည်း ဆိုသည်။

“တူးနေတာ သေချာတယ်ဆိုတာ ပြောနိုင်တယ်လေ။ ကျောက်စိမ်းဌာနက နေပြီးတော့မှ အများပြည်သူသိအောင် သက်တမ်းတော့ကုန်သွားပြီဆိုပြီး ပိုစတာတွေနဲ့ ဆောင်ရွက်ထားတာမျိုးတွေ မရှိဘူးလေ။ ရေမဆေးသမားတွေဆီက ရရှိတဲ့ သတင်းအရဆိုရင်တော့ အားလုံးဟာ ယန္တရားကြီးတွေနဲ့တူးတယ်ဆိုတာ သတင်းရတယ်လေ”ဟု ဦးရွှေသိန်းက ရှင်းပြသည်။

ယင်းအပြင် ဖားကန့်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင့်စိုးကလည်း ဥပဒေအတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိသည့်အပြင် အရေးယူဆောင်ရွက်ရန် အားနည်းနေသေးသည်ဟုလည်း သုံးသပ်ပြောဆိုသည်။

“ဥပဒေကဘယ်လောက်ပဲကောင်းကောင်း ဥပဒေအတိုင်း ထိန်းညှိပေးရမယ့် ဝန်ကြီးဌာနက သိပ်အရေးကြီးပါတယ်။ အားလုံး သိနေကြားနေကြတယ်။ လုပ်ကွက်



သက်တမ်းကုန်တွေမှာ တရားမဝင် တူးနေကြတာတွေပေါ့။ ကျောက်စိမ်းတူးဖော်ရေးဌာနကလည်း လုံခြုံရေးပဲ အကြောင်းပြုပြီး ဘာမှမလုပ်ဘဲ ရှိနေတယ်”ဟု ဦးတင့်စိုးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ဖြေကြားထားသည်။

ဖားကန့်ဒေသအတွင်း ကျောက်မျက်တူးဖော်ရေးကုမ္ပဏီပေါင်း ၃၀၀ အတွက် ပုဂ္ဂလိကလုပ်ကွက် လေးထောင်ကျော်နှင့် နိုင်ငံတော်နှင့် အကျိုးတူလုပ်ကွက်ပေါင်း ၂၀၀ ကျော်အား ဧကပေါင်း ၇၉၀၀ ကျော်တွင် တူးဖော်ခွင့်လိုင်စင် ချထားပေးသည်ဟုလည်း သိရသည်။

စည်သူ(မြစ်ကြီးနား)၊
ဇော်မိုးထက်(ဖားကန့်)

မြစ်ကြီးနားသတင်းဂျာနယ်

**အမှုဆောင်အရာရှိချုပ်**
ဘရန်မိုင်၊ ဇော်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းမိုင်

**အယ်ဒီတာ**
အောင်မျိုးဦး

**စာပြင်**
မြတ်သွေးထက်၊ ဝေဝေ

**သတင်းထောက်**
Salai၊ စည်သူ၊ မွန်းမွန်းပန်၊ အက်စတာ၊ ဆိုင်းလတ်အောင်၊

**အငယ်တန်းသတင်းထောက်**
PH ဘရန်ဂျာ၊ Ah Je (လပတ်)၊ မျိုးမြတ်မြတ်ပန်၊ ဂျာစင်မိုင်(Ann)၊ ထုဆန် (Benadeth)

**နယ်သတင်းထောက်**
သန်းထွန်းအောင်၊

**ဗွီဒီယို တည်းဖြတ်**
ဇင်မင်း

**ကွန်ပျူတာစာစီ**
ဝေဝေအောင်

**ဂရပ်ဖစ်ဒီဇိုင်း၊ သတင်းစာဒီဇိုင်း**
La Tawng

**မြစ်ကြီးနားရုံးတာဝန်ခံ**
နိုနိုထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**စာရင်းကိုင်**
နန်အောင်၊ ဘောက်ဂျာ

**စီးပွားရေးတာဝန်ခံ**
အိဇင်ဖြိုး၊ ဂျာစင်

**ဖြန့်ချိရေးတာဝန်ခံ**
ဇော်ထုန်

**တန်ဖိုး**
၅၀၀ ကျပ်

**ဖလင်**
KING

**ထုတ်ဝေသူ**
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၁)

**ဆက်သွယ်ရန်**
အမှတ်(၁၆၄)၊ အင်ဂျန်ဒုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၁၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးသော်လည်းကောင်း၊ တံစိုးလက်ဆောင်သော်လည်းကောင်း၊ လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။ မြစ်ကြီးနားသတင်းဂျာနယ် ရင်ထိုးတပ်ဆင်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

# မြစ်ဆုံစီမံကိန်းနှင့် ပတ်သက်၍ ဒေသခံပြည်သူများသဘောထားထုတ်ပြန်




မြစ်ကြီးနား၊ ဇန်နဝါရီ ၂၅

မြစ်ဆုံဒေသခံ ပြည်သူများသည် မြစ်ဆုံစီမံကိန်းနှင့် ပတ်သက်၍ ဇန်နဝါရီလ ၂၄ ရက်နေ့က သဘောထားထုတ်ပြန်လိုက်သည်။

ယင်းသို့ သဘောထားထုတ်ပြန်ရခြင်းမှာ "ဒေသခံပြည်သူများက မြစ်ဆုံကို ရောင်းစားခွင့်မပြု" ဆိုသည့် အကြောင်းကို မြန်မာတစ်နိုင်ငံလုံးသိရှိရန်နှင့် အစိုးရအနေနှင့်လည်း မြစ်ဆုံစီမံကိန်းနှင့်ပတ်သက်ပြီး အမှန်တရားကိုချပြနိုင်ရန် ရည်ရွယ်ကြောင်း မြစ်ဆုံဒေသခံ ဦးမုန်ရာက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ကျွန်တော် မြစ်ဆုံစီမံကိန်းအတွက် သတင်းစာရှင်းလင်းပွဲစသဖြင့် အမျိုးမျိုးလုပ်ပြီး ကန့်ကွက်ခဲ့ကြတယ်။ ဒါပေမဲ့တရုတ်တွေက ရပ်တန့်သွားတာမျိုးမရှိဘူး။ အစိုးရဘက်ကလည်း အဖြူအမည်းသဲကွဲအောင် ပြောတာမျိုးမရှိဘူး။ အဲဒါကြောင့် ခက်ခဲတဲ့သူတွေလည်း အရမ်းခက်ခဲလာတယ်"ဟု ဦးမုန်ရာက ပြောသည်။

အဆိုပါ မြစ်ဆုံဒေသခံပြည်သူများ၏ သဘောထားထုတ်ပြန်ချက်တွင် "မြစ်ဆုံရေကာတာကြောင့် စံပြမဟုတ်သော စံပြကျေးရွာသို့ အတင်းအဓမ္မ ပြောင်းရွှေ့ခံခဲ့ရသော ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များ ဖြစ်ခဲ့သည်။ မိမိတို့ဥယျာဉ်ခြံမြေ၊ လယ်ယာမြေများ စွန့်လွှတ်ခဲ့ရခြင်းကြောင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများလည်း ဆုံးရှုံးခဲ့ရသည်။ ထိုသို့ မြစ်ဆုံရေကာတာ စီမံကိန်းကြောင့် ဆုံးရှုံးနစ်နာမှုများ အမြောက်အများရှိသဖြင့် မြစ်ဆုံရေကာတာစီမံကိန်းကို လုံးဝဖျက်သိမ်းသည့်တိုင် SPIC ကုမ္ပဏီမှ ဆန်ထောက်ပံ့ပေးခြင်းနှင့် အခြားလိုအပ်သော ကူညီပံ့ပိုးမှုကို နစ်နာကြေးအဖြစ် ဆက်လက်ကူညီရန် ကုမ္ပဏီ၏ တာဝန်သာဖြစ်ကြောင်းနှင့် ဒေသခံပြည်သူများသည် ပြည်သူများ၏ သဘောထားဆုံးဖြတ်ချက်မပါသော မြစ်ဆုံရေကာတာတည်ဆောက်ခြင်းနှင့် ဧရာဝတီမြစ်ညာ မြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများကို မလိုလား၍ လုံးဝရပ်ဆိုင်းသွားရန် အစဉ်တစိုက် ကန့်ကွက်သည်"ဟု ပါဝင်ပြီး ထိုသို့ကန့်ကွက်နေစဉ် ဒေသခံပြည်သူများကို မကန့်ကွက်ဝံ့အောင် နှုတ်ပိတ်တားဆီးခြင်း၊ ဆန်နှင့် တခြားသော ထောက်ပံ့မှုများဖြတ်တောက်ခြင်းကို ခံခဲ့ရသည်။

ထို့ပြင်မြစ်ဆုံရေကာတာ ထာဝရရပ်ဆိုင်းရေး၊ ဒေသခံများမူလနေရပ်သို့လွတ်လပ်စွာ ပြန်လည်နေထိုင် လုပ်ကိုင်စားသောက်နိုင်ရေးတို့သည် ဒေသခံများ၏သဘောထားဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရမှ ဒေသခံပြည်သူလူထုအတွက် အကျိုးမရှိသော မြစ်ဆုံရေကာတာစီမံကိန်းကို ဖျက်သိမ်းပေးရန်နှင့် ရွှေ့ပြောင်းခံ ဒေသခံပြည်သူများ၏ ဆုံးရှုံးနစ်နာခဲ့ရသော ဒုက္ခအဝဝကို ပံ့ပိုးကူညီပေးရန်တာဝန်ရှိကြောင်းလည်း သဘောထားထုတ်ပြန်ချက်တွင် ပါဝင်သည်။

ပြောင်းရွှေ့ခံပြည်သူများက တရုတ်ကုမ္ပဏီက ထောက်ပံ့ပေးမှုများကို မယူချင်ဘဲ ယူနေရကြောင်း မီဒီယာကို ဖြေကြားလိုက်သည့် ဒေသခံ အမျိုးသမီးတို့ကို ဆန်ထောက်ပံ့မှု ဖြတ်တောက်ခံခဲ့ရခြင်းများလည်း ရှိသည်။

ထိုသူတို့မှာ မြစ်ဆုံရေကာတာစီမံကိန်းကို အစဉ်တစိုက်ကန့်ကွက်နေသော ဒေါ်ဂျာခေါန်နှင့် ဒေါ်လုရာတို့ဖြစ်ကြပြီး မြစ်ကြီးနားသတင်းဂျာနယ်နှင့် တွေ့ဆုံစဉ် ပြောဆိုခဲ့မှုကြောင့် ဆန်အထောက်အပံ့ ဖြတ်တောက်ခံရခြင်း ဖြစ်သည်။

"အဲဒီတစ်ချက်ကြောင့်မို့ အပေါ်ကစာသားကို သူတို့ ကောင်းကောင်း မဖတ်ဘူး။ အောက်ဘက်က စာသားကိုလည်း ကောင်းကောင်းမဖတ်ဘူး။ မီဒီယာကို ကျွန်မ ပြောလိုက်တဲ့ မယူချင်ဘဲနဲ့ ယူနေရတယ် ဆိုတဲ့ဟာကို အကြွေးမဆပ်နိုင်လို့။ ကြာလာရင်တော့ အကြွေးက ထပ်လာမှာလေ။ ပြန်ဆပ်နေရမယ်။ အဲဒါကြောင့် မယူချင်ဘဲနှင့် ယူနေရတယ်ဆိုတဲ့ စကား စာသားတစ်ကြောင်းလေးကို ယူပြီးမှ သူတို့ဆန်မထောက်ပံ့ပေးဘူးလို့ မြစ်ကြီးနားဂျာနယ်ကိုင်ပြီးမှလာခဲ့တာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

ထို့အပြင် မလိယန်စံပြရွာ၌ နေထိုင်သည့် ဦးမုန်ရာကိုလည်း အလားတူ ဆန်ထောက်ပံ့ပေးမှုကို ဖြတ်တောက်လိုက်ကြောင်း ဒေါ်ဂျာခေါန်က ပြောသည်။

"သူလည်း နိုင်ငံခြားမီဒီယာမှာ ပြောလိုက်တယ်တဲ့။ အဲဒါကြောင့် ဆန်ဖြတ်လိုက်တယ်တဲ့။ အဲလိုပြောပြပါတယ်"ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံ အခြေစိုက် တရုတ်သံရုံးမှ ထုတ်ပြန်လိုက်သည့် ထုတ်ပြန်ချက်သည် ဒေသခံပြည်သူများ ကန့်ကွက်နေသည့် ကြားမှ ကန့်ကွက်ခြင်းမရှိဟု ရေးသားလိုက်ခြင်းသည် အခက်အခဲများကို နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်နေရသည့် ဒေသခံများကို မသိကျိုးကျွံပြုပြီး ပြောလိုက်ခြင်း ဖြစ်ကြောင်းနှင့် NLD အစိုးရအနေဖြင့်လည်း လျစ်လျူရှုထားခြင်း ဖြစ်ကြောင်း ဒေါ်ဂျာခေါန်က ပြောသည်။

"အဲဒါကတော့ သူတို့ မသိဟန်ဆောင်ပြီးမှ ပြောလိုက်တဲ့ဟာပေါ့နော်။ အဲဒီလိုဖြစ်နေတာဟာ ကျွန်မတို့ ကန့်ကွက်တာကတော့ ဟိုးအရင်ကတည်းက ကန့်ကွက်နေတာလေ။ ကျွန်မတို့ ပြည်သူတွေ၊ ဒေသခံတွေက တကယ် စာလည်း အကြိမ်ကြိမ် တင်ပြီ။ ရန်ကုန်မှာလည်း သတင်းစာရှင်းလင်းပွဲ လုပ်တယ်။ မြစ်ကြီးနားမှာလည်းလုပ်ခဲ့တယ်။ ကျွန်မတို့ဒေသ မြစ်ဆုံမှာလည်း လုပ်ခဲ့တယ်။ အဲဒါကို ကျွန်မတို့ကို မကန့်ကွက်ဘူးလို့ ပြောတယ်။ အဲဒါက သူတို့ ကျွန်မတို့ကို အထင်သေးလို့ပေါ့နော်။ ပြီးတော့ မသိဟန်ဆောင်သလို အကွက်ဆင်သလိုဖြစ်သွားတယ်"ဟု ဒေါ်ဂျာခေါန်က ဆိုသည်။

ဒေသခံ ပြည်သူများသည် မြစ်ဆုံစီမံကိန်းကို ဆက်လက် ကန့်ကွက်နေမည်ဖြစ်ကြောင်းနှင့် သားသမီးများ၏ အနာဂတ် ရှေ့ရေးအတွက် သမိုင်းပေးတာဝန်ရှိသေးကြောင်း ဒေါ်ဂျာခေါန်က ဆက်လက်ပြောသည်။

"ကျွန်မတို့ ဒေသခံတွေအားလုံး မလုပ်စေချင်ဘူး။ အဲဒါကြောင့်မို့လို့ ဆက်ပြီးကန့်ကွက်မှာပဲ။ သေတဲ့အထိကန့်ကွက်သွားမယ်"ဟု ၎င်းက ပြောသည်။

မျိုးမြတ်မြတ်ပန်

## Editorial

### အယ်ဒီတာ့အာဘော်

### အများပြည်သူဝန်ဆောင်မှုနှင့် ဝန်ကြီး ဝန်ထမ်းများ

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်နိုင်ဖို့ မဏ္ဍိုင်လေးခုကို အဓိကဦးစားပေး လုပ်ဆောင်သင့်တယ်လို့ ပညာရှင်တွေက ဆိုခဲ့ပါတယ်။ အဲ့ဒါတွေကတော့ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုနဲ့ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးမှု စတာတွေဖြစ်ပြီး ဒီနေ့ NLD အစိုးရရဲ့ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု ကဏ္ဍကြောင့် ကချင်ပြည်သူတွေကြား ဂယက်ရိုက်ခတ်ခဲ့ပါတယ်။

ဒါကတော့ ဝန်ကြီးသုံးဦးကို ဇန်နဝါရီလ ၁၈ ရက်နေ့က နုတ်ထွက်စာ တင်ခိုင်းခဲ့တာပဲ ဖြစ်ပါတယ်။ သူတို့ကတော့ စီးပွားရေးနဲ့ နိုင်ငံရေးကဏ္ဍကို အထူးဂရုပြုလုပ်ဆောင်ရမယ့် နေရာတွေမှာ တာဝန်ကြီးသူတွေအဖြစ် အကြမ်းဖျင်း မှတ်ယူလို့ ရပါတယ်။

ဒီ ဝန်ကြီးသုံးဦးကတော့ စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးမြသိန်း၊ လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာသင်းလွင်၊ သယံဇာတနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနက ဝန်ကြီး ဦး H လအောင် တို့ပဲဖြစ်ပါတယ်။ ဇန်နဝါရီ ၂၁ ရက်နေ့မှာပဲ နိုင်ငံတော်သမ္မတရုံးက ဝန်ကြီးနှစ်ဦးကို ရာထူးမှ နုတ်ထွက်ခွင့်ပြုကြောင်းနဲ့ ဝန်ကြီးတစ်ဦးကိုတော့ တာဝန်မှရပ်စဲလိုက်ကြောင်း တရားဝင် ထုတ်ပြန်ကြေညာချက်တွေကို ထုတ်ပြန်ခဲ့တာပါ။

ဒီ ဝန်ကြီးသုံးဦးကိစ္စနဲ့ ပတ်သက်လို့ တချို့က အစိုးရကို ပွင့်လင်းမြင်သာမှုမရှိကြောင်း ဆိုကြပြန်ပါတယ်။ ကချင်ပြည်နယ်အခြေစိုက် ပတ်ဝန်းကျင်နဲ့ သဘာဝသယံဇာတဆိုင်ရာများကို လုပ်ဆောင်နေကြတဲ့ လူမှုအဖွဲ့အစည်းပေါင်း ၃၅ ဖွဲ့ကနေပြီး ဇန်နဝါရီလ ၂၁ ရက်နေ့မှာ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်ထံ ဝန်ကြီးတွေကို နုတ်ထွက်စာတင်ခိုင်းတဲ့ကိစ္စနဲ့ ပတ်သက်ပြီး မေးမြန်းတဲ့စာတစ်စောင် ပေးပို့ခဲ့ကြပါတယ်။

သတင်းသမားတွေနဲ့တွေ့ပြီး ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ဖြေကြားရာမှာ အုပ်ချုပ်ရေး အဖွဲ့အစည်းဆိုတာ Change of Command ဖြစ်ပြီး အဆင့်ဆင့် ကွပ်ကဲညွှန်ကြားတဲ့ လုပ်ရိုးလုပ်စဉ် ဖြစ်တဲ့အလျောက် အထက်ကညွှန်ကြားတဲ့ အတိုင်းလုပ်တာလို့ ဆိုပါတယ်။

ဒါဟာ ကဏ္ဍလေးရပ်ထဲက အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုဆိုတဲ့ကဏ္ဍကို အဓိက လုပ်ဆောင်လိုက်တာပါ။ 'အထက်ကညွှန်လို့'ဆိုတဲ့ စကားရပ်က 'ခေါင်းဆောင်'ကို ဆိုတာပါ။ 'ခေါင်းဆောင်'နဲ့ 'ခေါင်းဆောင်မှု'ဆိုတဲ့စကားရပ်ကိုပညာရှင်တွေ ဆွေးနွေးထားတာက 'ခေါင်းဆောင်'သည် မှန်ကန်သည့် ဦးဆောင်မှု၊ အလုပ်နဲ့ဆုံးဖြတ်ချက်ကို ချမှတ်ပေးရသူဖြစ်ပြီး၊ 'ခေါင်းဆောင်မှု'ဆိုတာက ရည်မှန်းထားတဲ့ လုပ်ငန်းတွေကို အောင်မြင်အောင် စီမံခန့်ခွဲခြင်းအတတ် ဖြစ်တယ်လို့ ဆိုပါတယ်။

ဒီနေ့ ဝန်ကြီးသုံးဦးကို အနားပေးလိုက်တဲ့ အစိုးရရဲ့ဆုံးဖြတ်ချက်ဟာ မှန်ကန်သော 'ခေါင်းဆောင်'ရဲ့ ဆုံးဖြတ်ချက် ဟုတ်မဟုတ်ဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

အများနိုင်ငံမှာ မိမိနိုင်ငံနဲ့ လူမျိုးကောင်းစားရေးအတွက် လုပ်ခလစာနည်းသော်လည်း ပြည်သူကို အလုပ်အကျွေးပြုလိုတာကြောင့် အစိုးရဝန်ထမ်းဘဝကို ဂုဏ်ယူစွာနဲ့ ပေးဆပ်လုပ်ဆောင်နေကြတဲ့ ဝန်ထမ်းတွေ ဒုနဲ့ဒေးပါ။ သို့သော် ကျွန်တော်တို့နိုင်ငံမှာလူတချို့ဟာ အစိုးရဝန်ထမ်း လုပ်ရခြင်းရဲ့ ရည်ရွယ်ချက်ကို လွဲမှားစွာ ခံယူနေတာ တွေ့ရပါတယ်။ ဝန်ထမ်းဖြစ်ရလို့ ခံစားရမယ့် အာဏာနဲ့အကျိုးကိုသာ မျှော်ကိုးပြီးပြည်သူ့အကျိုးနဲ့ဝန်ကိုထမ်းဖို့မေ့လျော့နေကြပါတယ်။

ဆရာအောင်ထွန်းသက် ပြောခဲ့သလိုပါပဲ၊ တကယ်တော့ ဝန်ထမ်းနဲ့ ဝန်ကြီးဆိုတာ ဝန်ကိုထမ်းလို့ ဝန်ထမ်း၊ တာဝန်ကြီးတွေကို ထမ်းရလို့ ဝန်ကြီးလို့ ခေါ်ဝေါ်သမုတ်ထားတာပါ။

ဒါ့ကြောင့် အစိုးရဝန်ထမ်းတိုင်းမှာ ပြည်သူ့ဝန်ထမ်းပြီး ပြည်သူကို ဝတ်ကျေးပြုဖို့ တာဝန်ရှိပါတယ်။ ဒါကို အများပြည်သူ ဝန်ဆောင်မှု Public Service လို့ ခံယူပြီး အစိုးရဝန်ထမ်းအားလုံး ပြည်သူ့အတွက် မှန်ကန်တဲ့ 'ခေါင်းဆောင်မှု'နဲ့အတူ မှန်ကန်ဖြောင့်မတ်တဲ့ 'ခေါင်းဆောင်' ကောင်းရဲ့ ညွှန်ကြားမှုကိုလေးစားလိုက်နာလို့ပြည်သူ့ဝန်ကိုထမ်းပေးစေလိုကြောင်း မြစ်ကြီးနားသတင်းဂျာနယ်က တိုက်တွန်းလိုက်ရပါတယ်။

# နေချင်စဖွယ်သောမြို့ရွာများဖြစ်ရေး ပြည်နယ်အစိုးရနှင့်လွှတ်တော်ကိုယ်စားလှယ်များ၏ အဓိက တာဝန်

ယော်ဘောမ်မန်ရှန်



၂၀၁၁ ခုနှစ်က စတင်၍ မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရက နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုအချို့နှင့်အတူ အခြေခံအဆောက်အအုံများ ပြုပြင်ဆောက်လုပ်လာသည်ကို တွေ့ရသည်။ လမ်း၊ တံတားများ ပြုပြင်/တည်ဆောက်မှု များကို တွေ့လာရသလို မြို့၊ ရွာများလည်း တိုးချဲ့လာသည်။ ဤကဲ့သို့ မြို့ရွာများကို တိုးချဲ့မှုနှင့် မြို့ပြစီမံကိန်းများ ရေးဆွဲရာတွင် ရေရှည်အမြော်အမြင်ဖြင့် ရှုထောင့်ပေါင်းစုံမှ စဉ်းစားသုံးသပ်ရန် လိုအပ်ပေသည်။

အကြောင်းမှာ နိုင်ငံတစ်နိုင်ငံ သို့မဟုတ်မြို့တစ်မြို့ကို နေချင်စဖွယ် ဖြစ်အောင် တည်ဆောက်ရာတွင် သက်ဆိုင်ရာ အစိုးရခေါင်းဆောင်များ၏ အမြော်အမြင်ကြီးမှုနှင့် ကျွမ်းကျင်စွာ စီမံအုပ်ချုပ်မှုသည် အရေးကြီးလှသည်။ အစကောင်းမှ အနှောင်းသေချာ ဆိုသလိုပင် မြို့၊ ရွာများကို တိုးချဲ့ပြုပြင်ခြင်းနှင့် မြို့ပြစီမံကိန်းသစ်များ ရေးဆွဲတည်ဆောက်ရာတွင် ရေရှည်အမြင်ဖြင့် ရှုထောင့်ပေါင်းစုံမှ စဉ်းစားဆင်ခြင်ပြီး ရေးဆွဲတည်ဆောက်ရန် အရေးကြီးလှသည်။

စာရေးသူသည် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ရောက်ရှိလေ့လာဖူးသည်။ မြို့ပြစီမံကိန်းအတွက် လေ့လာသင်ယူစရာများစွာ တွေ့ရသည်။ ဥပမာ - မြို့ကြီးများ၌ ရပ်ကွက်တိုင်းနီးပါးတွင် အများပြည်သူများအခမဲ့အပန်းဖြေနိုင်သော ပန်းခြံ အနည်းဆုံး တစ်ခု ရှိသည်ကို တွေ့ရသည်။ ၎င်းပန်းခြံသည် အများပြည်သူများစုဝေးမိတ်ဖွဲ့ရာနေရာ (socializing venue) လည်း ဖြစ်သည်။

ပန်းခြံများ၊ ကစားကွင်းများသည် မြို့ပြများအတွက် မရှိမဖြစ်သော အရာများလည်း ဖြစ်သည်။ တိုက်ခန်းအတွင်း နေ့စဉ်အလုပ်များကို ပင်ပန်းစွာလုပ်ဆောင်နေရသော်လည်း စိမ်းလန်းစိုပြေသည့် နေရာများတွင် အပန်းဖြေခြင်း မရှိပါက ကျန်းမာရေးအတွက် ထိခိုက်နိုင်သည်ကိုလည်း ကျန်းမာရေးပညာရှင်များ၏ သုတေသန လေ့လာတွေ့ရှိချက်များအရ သိရသည်။

ထို့အပြင် လမ်းမကြီးများနှင့် ယာဉ်ရပ်နားရာ နေရာများ စနစ်တကျ နေရာချထားခြင်း၊ လမ်းသွယ်များသည်လည်း မီးသတ်ကားများ လွတ်လပ်စွာ သွားလာနိုင်လောက်သော လမ်းအကျယ်ရှိခြင်း၊ မီးအန္တရာယ်ကာကွယ်ရေးအတွက် လိုအပ်သောအခြေခံ အဆောက်အအုံများ တည်ဆောက်ခြင်း၊ စွန့်ပစ်ရေမြောင်းနှင့် မိလ္လာစနစ်ကောင်းမွန်ခြင်းသည်လည်း အရေးအကြီးဆုံး အခြေခံလိုအပ်ချက်များ ဖြစ်ပေသည်။

ဆယ်စုနှစ်များစွာ စစ်အာဏာရှင်စနစ်၏ ညှဲ့ဖျင်းသော စီမံအုပ်ချုပ်မှု၏ ဆိုးကျိုးဒဏ်များကို ရန်ကုန်မြို့သူမြို့သားများ နေ့စဉ်ညည်းတွားနေကြသည်။ ဥပမာ - ရေနုတ်မြောင်းများ ပိတ်ဆို့၍ မိုးရာသီတွင် ရေဆိုးရေညစ်များ လမ်းမပေါ်၌ပြည့်လျှံကာ လမ်းလျှောက်ရန် အဆင်မပြေခြင်း၊ ယာဉ်ကြောကြပ်ခြင်း၊ လမ်းမကြီးများတွင် လူသွားစင်္ကြံများ စနစ်တကျမရှိခြင်း တို့သည် မြို့သူမြို့သားများ နေ့စဉ် ကြုံတွေ့နေရသောဒုက္ခများ ဖြစ်သည်။

ထို့ပြင် အများပြည်သူ ကျန်းမာရေးအတွက် အခမဲ့ ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများ ပြုလုပ်နိုင်သည့် ပြည်သူ့အားကစားကွင်းများလည်း လုံးဝလိုလောက်မှုမရှိဟု ဆိုရပေမည်။ အများပြည်သူတို့ စိတ်ချမ်းမြေ့စွာ အနားယူအပန်းဖြေနိုင်ရန် စိမ်းလန်းစိုပြေသော ပန်းခြံဥယျာဉ်များလည်း ရှားပါးသည်ကို တွေ့ရသည်။

ရန်ကုန်မြို့ရှိ လူနေတိုက်များ တည်ဆောက်ထားပုံကို ကြည့်လျှင်လည်း အို၊ နာ၊ သေဘေးဆိုသည့် လူ့သဘောကို ထည့်သွင်းစဉ်းစားထားပုံ မတွေ့ရပါ။ ဥပမာ - လှေကားများသည် ကျဉ်းမြောင်းလွန်းသည်။ လူ့သဘာဝအတိုင်း လူသားတို့သည် တစ်နေ့မဟုတ်တစ်နေ့ အိုခြင်း၊ နာခြင်းနှင့် သေခြင်းကို ဧကန်ရင်ဆိုင်ရမည်ဖြစ်သည်။ သို့သော် ရန်ကုန်မြို့၏ လူနေတိုက်ခန်းများသည် ကျဉ်းမြောင်းလွန်း၍ လူနာ (ဥပမာ - ဗိုက်ကြီးသည်) တိုက်ပေါ်မှ ခေါ်ဆင်းရန် မလွယ်ကူလှပေ။ အကယ်၍ တိုက်ခန်းတွင် လူတစ်ဦးဦး သေဆုံးလျှင် အလောင်းကို သယ်ချရန် ခေါင်းခဲစရာပင်။ တိုက်ပေါ်မှ ပစ်ချဖို့ ခွေးလည်းမဟုတ်။ ထို့ပြင် လူနေတိုက်အများစုသည် မီးလောင်မှုဖြစ်ပွားခဲ့လျှင် ပြေးဆင်းရန် အရေးပေါ်လှေကားလည်း မရှိသည်က များသည်။

ဤသို့ ဖြစ်ရခြင်းမှာ လူနေအိမ် အဆောက်အအုံများ တည်ဆောက်ရာတွင် လိုက်နာရမည့် စည်းကမ်း၊ အရည်အသွေးများ၊ စံချိန်စံနှုန်းများကို သက်ဆိုင်ရာ အစိုးရ(ဥပမာ - စည်ပင်သာယာ)က သေချာချမှတ်ပေးပြီး၊ အားလုံးလိုက်နာအောင် စောင့်ကြည့်ရေးတွင် အားနည်းသောကြောင့် ဖြစ်သည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် (၅)ထပ်အထက် တိုက်ဆောက်မည်ဆိုပါက ဓါတ်လှေကားတပ်ဆင်ရမည် ဖြစ်သည်။ သို့သော် ရန်ကုန်မြို့ရှိ လူနေတိုက်များသည် ၈ ထပ်၊ ၉ ထပ်ထိ တည်ဆောက်သော်လည်း ဓါတ်လှေကားတပ်ဆင်ခြင်းမရှိသော တိုက်က များသည်။

## ဒေသဖွံ့ဖြိုးရေး အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရတို့၏ လုပ်ပိုင်ခွင့်များ

ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ဗဟိုချုပ်ကိုင်မှု များလွန်းသည်မှာ အားလုံးအသိပင်။ သို့သော် လုပ်ပိုင်ခွင့်အချို့ရှိသည်ကိုလည်း တွေ့ရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ ၏ အပိုဒ် ၁ (ငါ/ည)အရ "အဆောက်အအုံနှင့် မြေခွန်၊ ရေခွန်၊ လမ်း၊ မီးခွန်၊ ဘီးခွန် စသည့် စည်ပင်သာယာရေးဆိုင်ရာ အခွန်အခများ"နှင့် "ဒေသန္တရစီမံကိန်း"များကို လည်းကောင်း၊ အပိုဒ် ၈ (က/ခ)အရ "စည်ပင်သာယာရေး၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေး"များကို လည်းကောင်း ပြည်နယ်အစိုးရထံ ဆောင်ရွက်ခွင့် ပေးထားသည်။

ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ ခေါင်းဆောင်ဖြစ်သည့်အလျောက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကတာဝန်ရှိသည်ဟု ဆိုရပေမည်။ အကြောင်းမှာ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ဥပဒေ (ပုဒ်မ ၂၅)အရ ဝန်ကြီးချုပ်သည် ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် လိုအပ်သော ဘဏ္ဍာငွေ ရရှိရေးအတွက် စီမံကိန်းများကို ဦးဆောင်ရေးဆွဲပြီး ပြည်ထောင်စုအစိုးရ၏ ထောက်ခံအားပေးမှု ရရှိအောင် ဆောင်ရွက်ရမည် ဖြစ်သည်။

## မြို့ပြများ နေချင်စဖွယ်ဖြစ်ရေးတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍ

အစိုးရ၏ စီမံကိန်းများနှင့် လုပ်ဆောင်ချက်များကို ထိန်းကျောင်းရေးသည် လွှတ်တော်ကိုယ်စားများ၏ အဓိကတာဝန်တစ်ခု ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ(ပုဒ်မ ၂၅၁)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ဥပဒေ (ပုဒ်မ ၃၃) အရပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စီမံကိန်းများသည် သက်ဆိုင်ရာလွှတ်တော်၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည် ဖြစ်သောကြောင့် လွှတ်တော် ကိုယ်စားလှယ်များ၏အခန်းကဏ္ဍ အရေးပါသည်။

လက်တွေ့တွင်လည်း လွှတ်တော်ကိုယ်စားလှယ်များက ညီညွတ်လျှင် အစိုးရတာဝန်ရှိသူများကို ထိန်းကျောင်းနိုင်သော သာဓကများလည်း ရှိသည်။ ဥပမာ - ၂၀၁၈ ခုနှစ်ဇန်နဝါရီလတွင် ရခိုင်ပြည်နယ် စည်ပင်ဝန်ကြီး ဦးမင်းအောင်အား ပေးအပ်သည့် တာဝန်များကို ဆက်လက် ထမ်းဆောင်ရန် မသင့်ဟု ပြည်နယ်လွှတ်တော်က ထောက်ခံမဲ ၃၇ မဲနှင့် ကန့်ကွက်မဲ ၈ မဲ ဖြင့် ဖြုတ်ချခဲ့သည်။

မွန်ပြည်နယ် ဝန်ကြီးချုပ်ဟောင်း ဦးမင်းမင်းဦး သည်လည်း တာဝန်ယူခဲ့သည့် ကာလအတွင်း လွှတ်တော်အစည်းအဝေးတက်ရန်ပျက်ကွက်ခြင်း၊ပြည်နယ်စီမံကိန်းကော်မတီဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ ပြည်သူလူထုကြား ဝေဖန်ခံခဲ့ရခြင်း၊ လူမှုရေးကိစ္စသတင်းထွက်ပေါ်မှုနှင့် ပတ်သက်၍လည်း ဝေဖန်ခံခဲ့ရ၊ တိုင်ကြားခြင်း ခံရသဖြင့် NLD ပါတီက လေ့လာသုံးသပ်ရေးအဖွဲ့ ဖွဲ့၍ စစ်ဆေးခြင်းခံရပြီး နောက်ဆုံးတွင် ရာထူးမှ နုတ်ထွက်ပေးခဲ့ရသည်။

ရခိုင်ပြည်နယ် တရားလွှတ်တော် တရားသူကြီး ဒေါ်စီစီကလည်း မြို့နယ်နှင့် ခရိုင်တရားရုံးများက လက်ခံခဲ့သည့်အမှု (ငွေကျပ် သိန်းပေါင်း ၄၃၀၀ လိမ်လည်သည့်အမှု)ကို ၎င်းက အမှုမမြောက်ဟုဆိုကာ သြဇာအာဏာကိုသုံး၍ လက်မခံပယ်ချခဲ့သဖြင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၁၄ ဦးက လွှတ်တော်၌ "တရားသူကြီးကို အယုံအကြည်မရှိ" အဆိုကို တင်သွင်းခဲ့ကြသည်။ ထို့ပြင် လွှတ်တော်က ၅ ဦးကော်မတီဖွဲ့စည်း၍ စစ်ဆေးခဲ့ပြီးနောက် တရားသူကြီး ဒေါ်စီစီမှ ဖြေရှင်းခွင့်ရသော်လည်း ဖြေရှင်းချက် မပေးဘဲ ရာထူးမှသာ နုတ်ထွက်ခဲ့ရသည်။

အချုပ်အားဖြင့် တင်ပြရလျှင် မြို့ရွာများနေချင်စဖွယ်ဖြစ်ရန် သက်ဆိုင်ရာအစိုးရတာဝန်ရှိသူများသည် အမြော်အမြင်ကြီးစွာဖြင့် ရှုထောင့်ပေါင်းစုံမှ ရေရှည်အကျိုးကို စဉ်းစားကာ စီမံကိန်းများ စတင်ရေးဆွဲစဉ်ကတည်းက သေချာစွာ စီမံဆောင်ရွက်သင့်ပေသည်။ ရန်ကုန်မြို့ကဲ့သို့ လက်ရှိတွေ့ကြုံနေသော ပြဿနာများကို နမူနာယူ၍ အနာဂတ်တွင် ဒုက္ခမရောက်ရစေရန် စီမံဆောင်ရွက်သင့်ပေသည်။ လွှတ်တော် ကိုယ်စားလှယ်များသည်လည်း မြို့ရွာများ နေချင်စဖွယ်ဖြစ်ရန် ကြိုးပမ်း ဆောင်ရွက်ကြရာတွင် လိုအပ်သလို အကြံကောင်း ဉာဏ်ကောင်းများ ပေးကာ ပါဝင်ပူးပေါင်းဆောင်ရွက်သင့်ပါကြောင်း နေချင်စဖွယ်သော မြို့ရွာများတွင်နေနိုင်ရန် မျှော်လင့်လျက် တင်ပြအပ်ပါသည်။

❑




**တုတ်ထိုး** - ရပ်စဲသူတွေကို ရပ်စဲ၊ နုတ်ထွက်တဲ့သူက နုတ်ထွက်။ လော်ဘီလုပ်တဲ့ သူတွေကလည်း သူ့ပါတီ ကိုယ့်ပါတီ ဆက်ပြီး လော်ဘီ လုပ်နေကြ။ ကျေးဇူးရှင် တရုတ်က ထအော်၊ ပြည်တွင်းစစ်က မီးခိုးကြွက် လျှောက်၊ သစ္စာဖောက်တဲ့ လူက သစ္စာဖောက်၊ အသားထဲကထွက်တဲ့ လောက်တွေကလည်း တဖွားဖွား၊ ကိုယ်တင်ပေးလိုက်တဲ့သူတွေ အသုံးမကျလို့ တက်ခေါက်တဲ့ လူက တက်ခေါက်။ နောက်တစ်ခါ မဲမပေးဘူးလို့ အော်တဲ့လူကအော်။ ဒီကြားထဲ နိုင်ငံတော်ကနေ ခွဲထွက်ပြီး နိုင်ငံတည်ထောင်ဖို့ တက်ကြွတဲ့သူက တက်ကြွ။ မလုပ်မရှုပ်မပြုတ်မှုနဲ့ ကိုယ့်ထိုင်ခုံ မလှုပ်ဖို့ ထိုင်နေတဲ့သူက ထိုင်။ တရုတ်ငှက်ပျောကိစ္စကလည်း တစ်ပူဖြစ်ရ။ မြစ်ဆုံစီမံကိန်းကိစ္စမှာ ဘယ်သူတွေ ဘယ်ဝါတွေ ကြိတ်ဝါးသွားပြီး ဘာတွေ သဘောတူထားခဲ့ကြတယ်ဆိုတာ ပြည်သူတွေက မသိ။ စံစရာရှိရင် "ဘို့သမား"တွေက စံပြီး ခံစရာကျတော့ ကျုပ်တို့ပြည်သူတွေက ခံကြရတယ်။ ဒီကြားထဲ နေ့ရောညရော တတိန်တိန် တတောင်တောင်နဲ့ MPT တို့၊ Telenor တို့ Mytel တို့က စာတိုတွေနဲ့ ဒုက္ခပေး။ အို. . ရှုပ်ပါတယ်၊ ပွင့်လင်းမြင်သာမှု မရှိတဲ့ တိုင်းပြည်မှာ ပွင့်လင်းမြင်သာမှုရှိတဲ့ သင်ဇာဝင့်ကျော် လေးကိုပဲ ထိုင်ကြည့်နေတာ ကောင်းပါတယ်။

**အိုးပေါက်** - ဟွန်း၊ အကောင်းမှတ်လို့ နားထောင်နေတာ။ နောက်ဆုံးတော့ သင်ဇာဆီပဲ ဆိုက်သွားတာပါပဲ။

**တုတ်ထိုး** - အဟီး၊ ကြည့်တတ်ရင် ဘာဝနာတဲ့ဗျ။ ဘာဝနာအကြည့်နဲ့ ကြည့်တာပါခင်ဗျာ။ မယုံရင် ကျုပ်ကို မေးကြည့်တော်မူပါ။

**အိုးပေါက်** - မှတ်တောင်ထားရဦးမယ်။ ဒါနဲ့ နေပါဦး။ ကချင်ပြည်နယ် အစိုးရအဖွဲ့မှာ ဝန်ကြီးတချို့ကို ရပ်စဲလိုက်တယ်ဆိုတာ ဟုတ်သလားဗျ။

**တုတ်ထိုး** - ကချင်ပြည်နယ် အစိုးရအဖွဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးHလအောင်ရယ်၊ ပြီးတော့ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြသိန်းနဲ့ လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်တို့ သုံးဦးကို တာဝန်ကနေ ရပ်စဲလိုက်တာဗျ။

**အိုးပေါက်** - ကျုပ် အရင်က ပြောဖူးတဲ့ စင်္ကာပူနိုင်ငံသား ကီရှိုးမာဘူဘာနီရဲ့စကားကို ပြန်ပြောချင်တယ်။

**တုတ်ထိုး** - ဘာတဲ့တုန်း။

**အိုးပေါက်** - တိုင်းပြည်တစ်ခုအတွက် အရေးကြီးတဲ့ အရာတွေပေ့ါ။ သူပြောတာကတော့ MPH အရေးကြီးသတဲ့ဗျ။

**တုတ်ထိုး** - MPH ဆိုတာ Mile Per Hour ကို ပြောတာလား။ တစ်နာရီအတွင်း ခရီးပေါက်တဲ့ မိုင်နှုန်းလေ။

**အိုးပေါက်** - အဲ့ဒီ MPH ကို ပြောတာ မဟုတ်ဘူးဗျ။ အခုပြောတဲ့ MPH ကတော့ တိုင်းပြည်တစ်ခုအတွက် ခရီးမိုင်ပေါင်းများစွာ ပေါက်ရောက်စေလိမ့်မယ်ဗျ။

**တုတ်ထိုး** - ပြောစမ်းပါဦးဗျာ။

**အိုးပေါက်** - M ဆိုတာက Meritocracy ဗျ။ အရည်အသွေးအလျောက် မြောက်စားတဲ့စနစ် ဆိုပါတော့။ ပြောရရင် လူမှန် နေရာမှန်ပေ့ါဗျာ။ သူ့နေရာနဲ့သူ တန်ဖိုးထားသင့်တဲ့သူကို တန်ဖိုးထား။ မြှောက်စားသင့်တဲ့သူကို မြှောက်စားပေ့ါ။ လူမှန်နေရာမှန် မထားဘဲ နီးစပ်ရာ ဆွေမျိုးသားချင်းတွေကို နေရာထားပြီး ရာထူးပေးထားမယ်။ ကိုယ်နဲ့ပနံသင့်သူတွေကိုပဲ မြှောက်စားထားမယ်ဆိုရင်တော့ အဲ့ဒီတိုင်းပြည်ဟာ တိုးတက်လာမှာ မဟုတ်ဘူး။ လူမှန်နေရာမှန် မရှိဘဲ အလျင်းသင့်သလို ခန့်ထား၊ ငါ့ဆွေ ငါ့မျိုး ငါ့သား ငါ့မိဖုရားစိတ်နဲ့ နေရာတွေပေး၊ ရာထူးတွေပေးထားကြရင် အဂတိတိုက်ဖျက်မှုတွေ ဘယ်လောက်ပဲ လုပ်နေပါစေဦးတော့ သိပ်ကြီး ထိရောက်လာနိုင်မှာ မဟုတ်ဘူး။

**တုတ်ထိုး** - မရှင်းသေးဘူးဗျာ။

**အိုးပေါက်** - ဘာကို မရှင်းတာတုန်း။

**တုတ်ထိုး** - ဆိုပါတော့။ ပါတီတစ်ခု ဆိုပါတော့။ ပါတီတစ်ခုမှာ ခင်ဗျားက ပညာတတ်တစ်ယောက် ဆိုပါတော့။ ဒေါက်တာဘွဲ့တွေရထားမယ်၊ အများက ကြည်ညိုလေးစားမယ်။ ခင်ဗျားလောက် တတ်တဲ့လူလည်း ပါတီတွင်းမှာ နေရာပေးဖို့ လူလည်း မရှိဘူး။ ခင်ဗျားက ဝန်ကြီးတို့ ဘာတို့ မလုပ်ချင်ဘူး ဆိုပါတော့။ ဒါပေမဲ့ အများကနေပြီး တခြားလူတင်ဖို့ မရှိတော့တဲ့အခါ ခင်ဗျားကို ဝန်ကြီးခန့်မယ်။ ခင်ဗျားကလည်း ဝန်ကြီးနေရာ စိတ်မဝင်စားဘူး။ မဖြစ်မနေမို့သာ ဝန်ကြီးတစ်နေရာ ရတယ်ဆိုပါတော့. . . ခင်ဗျား ဘာလုပ်မလဲ။

**အိုးပေါက်** - ငြင်းမှာပေ့ါ။ စိတ်မှ မဝင်စားတာ။

**တုတ်ထိုး** - နိုင်ငံရေးအရ ခင်ဗျားပါတီက ရွေးကောက်ပွဲမှာ နိုင်နေပြီ။ ဘာပဲဖြစ်ဖြစ် ခင်ဗျားက အမတ်ဖြစ်ဖြစ် တစ်နေရာ ရယူပြီး ပါတီအတွက် ရပ်တည်ပေးရတော့မယ် ဆိုပါတော့။ အားနာပြီး ကြိတ်မှိတ်ပြီး ခင်ဗျားဟာ အစိုးရအဖွဲ့အစည်းမှာ ဝန်ကြီးဖြစ်လာပြီ။ ဆိုပါစို့။ ခင်ဗျား ဘာလုပ်မလဲ။

**အိုးပေါက်** - ခင်ဗျား ချောင်ပိတ် မေးနေတာပဲ။ မဖြစ်နိုင်တဲ့ အတွေးတွေ မပြောစမ်းပါနဲ့။

**တုတ်ထိုး** - ဟော့လူ. . . ဟော့လူ။ စကားက မပြတ်သေးဘူး။ ပြောပါဦး ခင်ဗျား ဝန်ကြီးဖြစ်နေပြီ။ ဘာလုပ်မလဲ။ ခင်ဗျားဘေးက လူတချို့ကလည်း အဂတိလိုက်စားမှုရှိတယ်ဆိုပြီး နာမည်ဆိုးတွေ ထွက်နေတယ်။ ဒါပေမဲ့ သူက အရင်အစိုးရလက်ထက် အဆက်ဆက်ကတည်းက နိုင်ငံရေးမှာ လှုပ်ရှားနေတယ်။ ဘာတွေဆောင်ရွက်ရမယ်၊ ဘယ်ဌာနကလူတွေနဲ့ ဘယ်လိုလူတွေနဲ့ ချိတ်ဆက်ရမယ်ဆိုတာ ကျွမ်းတယ်ဆိုပါတော့ . . .။

**အိုးပေါက်** - ဟာဗျာ။ ဝန်ကြီး တကယ်မဖြစ်ရသေးဘူး။ ကျုပ်ကို ခင်ဗျားက တုတ်နဲ့ ထိုးနေပြီ။ ကဲဗျာ။ အဲ့ဒီလူဟာ လုပ်ငန်းခွင်မှာ ဘယ်လောက်ပဲ လည်ပတ်နိုင်အောင် ဘယ်လောက်ပဲ ဆောင်ရွက်နိုင်တယ် ထားဦး၊ ကျုပ်ကတော့ သူ့ကို အနားယူစရာရှိရင် ယူမှာပေ့ါ။ သူ့ကို ဖြုတ်ချမယ်ဗျာ၊ ထုတ်မယ်ဗျာ။ တာဝန်က ရပ်စဲမယ်ဗျာ။ လူမှန် နေရာမှန်ဖြစ်အောင် ကြိုးစားမယ်။ ကျုပ်ကိုယ်တိုင် အသုံးမကျဘူးဆိုရင် အဲ့ဒီနေရာကနေ ဖယ်ပေးမယ်၊ ဆင်းမယ်။ ကဲ. . . ခင်ဗျား ကျုပ်ကို ဘေးကျပ်နံကျပ်တွေ မပြောတော့ဘူးလား။

**တုတ်ထိုး** - ဟဲ ဟဲ ဟဲ။ ချစ်လို့ စနေတာပါဗျာ။ Meritocracy ဆိုတဲ့ အရည်အသွေးအရ မြှောက်စားတဲ့စနစ်ကို ပြောရင်း ခင်ဗျားကို ခေါင်းပူအောင် အလုပ်ပေးလိုက်တာဗျ။

**အိုးပေါက်** - ပြောပါဦး။ ကျန်တာတွေက။

**တုတ်ထိုး** - P ဆိုတာကတော့ Peace ပေ့ါဗျာ။ ငြိမ်းချမ်းရေးပေ့ါ။ ငြိမ်းချမ်းရေးမရရင်တော့ ဘာမှ ဆက်လုပ်လို့ မရပါဘူး။ ပြည်တွင်းစစ်တွေ အဆုံးသတ်တဲ့တစ်နေ့၊ သေနတ်ဖျားကနေ သေပန်းမပွင့်ဘဲ ပန်းတွေပွင့်တဲ့နေ့။ အဲ့ဒီတစ်နေ့ရောက်လာရင်တော့ ကျုပ်တို့ တိုင်းပြည်တိုးတက်လာမှာပဲ။ ဘို့သမားအတွေးတွေ ရှိနေကြသရွေ့တော့ ငြိမ်းချမ်းရေးကတော့ ဝေးနေဦးမှာ ပါပဲ။

**အိုးပေါက်** - H ကဘာကြီးတုန်း။

**တုတ်ထိုး** - H က Happy ပေ့ါဗျာ။

**အိုးပေါက်** - နိုင်ငံသူ နိုင်ငံသားတွေ ပျော်ရွှင်ချင်တယ်ဆိုရင်တော့ တရားဥပဒေစိုးမိုးဖို့လိုတယ်။ ခင်ဗျားပြောတဲ့ MPH နဲ့ ပြည့်စုံလာမယ်ဆိုရင်တော့ အတိုင်းထက်အလွန်ပေ့ါဗျာ။ မှတ်ထားပါဦးမယ်။ MPH/Meritocracy, Peace ပြီးတော့ Happy.

**တုတ်ထိုး** - မဆိုးဘူး။ ခင်ဗျား အိုးမပေါက်တော့ဘူး။

**အိုးပေါက်** - ကျုပ် အိုးပေါက်မပေါက်က အရေးမကြီးဘူး။ သေနတ်တွေ ဆက်မဖောက်ကြဖို့ လိုတယ်။ ဒါပေမဲ့ ငြိမ်းချမ်းရေးကတော့ ဝေးနေဦးမလား မသိ။

**တုတ်ထိုး** - ဘာလို့။

**အိုးပေါက်** - မြန်မာ့တပ်မတော်က စစ်ရေးလှုပ်ရှားမှုကို လေးလကြာ ရပ်ဆိုင်းထားပေမယ့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တွေက စစ်ရေးလှုပ်ရှားနေလို့ အဲ့ဒီလှုပ်ရှားမှုတွေအပေါ် တပ်မတော်က လိုအပ်သလို လုပ်ဆောင်သွားမယ် ဆိုပဲဗျ။

**တုတ်ထိုး** - ဝမ်းသာစရာသတင်းတစ်ခုတော့ ဖတ်ရသဗျ။ လက်ရှိ အစိုးရလက်ထက်မှာ အစိုးရနဲ့ ကချင်လက်နက်ကိုင်အဖွဲ့ (KIO) တို့အကြား ပထမအကြိမ် တရားဝင်ဆွေးနွေးပွဲကို မကြာမီမှာ အမြန်ဆုံးပြုလုပ်ဖို့ သဘောတူထားသတဲ့ဗျ။ အစိုးရကိုယ်စားလှယ် အဖွဲ့တွေနဲ့ဗိုလ်ချုပ်ဂွမ်မော်ခေါင်းဆောင်တဲ့ KIO ကိုယ်စားလှယ်အဖွဲ့တွေဟာ တရုတ်နိုင်ငံ ကူမင်းမြို့မှာ အလွတ်သဘော တွေ့ဆုံဆွေးနွေးခဲ့ကြသတဲ့ဗျ။

**အိုးပေါက်** - ဘယ်နေ့က ဆွေးနွေးသွားကြတာတုန်း။

**တုတ်ထိုး** - ဇန်နဝါရီလ ၂၁ ရက်နေ့က။

**အိုးပေါက်** - အင်း။ ငြိမ်းချမ်းရေး လင်းရောင်ခြည်လေး ဖြစ်ပါစေကြောင်း ဆုတောင်းလိုက်ရပါရဲ့ဗျာ။

**တုတ်ထိုး** - မြန်မာပြည် ငြိမ်းချမ်းပါစေဗျာ။ ပြုတ်သင့်တဲ့ ဝန်ကြီးတွေလည်း ပြုတ်တော်မူကြပါစေဗျာ။

**အိုးပေါက်** - မှတ်တောင်ထားရဦးမယ်။ ။

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
( ဇန်နဝါရီ ၂၈ ၊ ၂၀၁၉ )

# ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (KBC) ဥက္ကဋ္ဌ ဒေါက်တာခလမ်ဆမ်ဆွန်နှင့် တွေ့ဆုံမေးမြန်းခြင်း

**နှစ်ဆန်းပိုင်းက ကချင်ပြည်နယ်၊ မြစ်ကြီးနားကို ရောက်ရှိလာတဲ့ နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ ညစာစားပွဲ အတူတက်ရောက်ခဲ့ပြီး တရုတ်သံအမတ် မစ်စတာဟုန်းလျှန်နဲ့လည်း သီးခြားတွေ့ဆုံခဲ့တဲ့ ကေဘီစီဥက္ကဋ္ဌဒေါက်တာ ခလမ်ဆမ်ဆွန်ကို မြစ်ကြီးနားသတင်းဂျာနယ်က တွေ့ဆုံမေးမြန်းထားပါတယ်။**



Salai မေးမြန်းသည်

**အထက်ပါ ပုဂ္ဂိုလ်တွေနဲ့ တွေ့ဆုံခဲ့စဉ်က ဘယ်လိုအကြောင်းအရာတွေကို ပြောဆိုဆွေးနွေးဖြစ်ခဲ့သလဲ ဆိုတာနဲ့ လက်ရှိ ကချင်ပြည်နယ်မှာဝန်ကြီးသုံးဦးတာဝန်က ရပ်စဲခံရတာတွေ၊ မြစ်ဆုံရေအားလျှပ်စစ်ကိစ္စနဲ့ စစ်ရှောင်ဒုက္ခသည်တွေ နေရပ်ပြန်ရေးကိစ္စ အစရှိတဲ့ ကိစ္စတွေနှင့်ပတ်သက်ပြီး ကေဘီစီရဲ့ သဘောထားအမြင်တွေကို မေးမြန်းဖော်ပြလိုက်ပါတယ်။**

**ကချင်ပြည်နယ်နေ့ကို တက်ရောက်ခဲ့တဲ့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ ညစာစားပွဲမှာ တွေ့ဆုံမှုရှိခဲ့တယ်လို့ သိရတယ်။ ဆရာတို့အနေနဲ့ ဘာတွေများ ပြောဖြစ်ခဲ့ကြလဲ ခင်ဗျ။**

ကျွန်တော့်အနေနဲ့ တရုတ်ကမြစ်ဆုံရေအားလျှပ်စစ်ကို လုပ်ဖို့အတွက်တွန်းအားပေးနေတယ် ဆိုတဲ့အကြောင်း၊ နောက်တစ်ချက်က ပုဒ်မ ၅၀၀ နဲ့ ဖမ်းဆီး ထောင်ချခံခဲ့ရတဲ့ ကချင်လူငယ် သုံးဦးရဲ့ကိစ္စကို စဉ်းစားပေးဖို့အတွက် ပြောဖြစ်ခဲ့ပါတယ်။ နောက်ပြီး စာလည်းပေးဖြစ်ပါတယ်

**စာတစ်စောင်လည်း ပေးလိုက်တယ်ဆိုတော့ စာထဲမှာ ဘယ်လို အကြောင်းအရာတွေ ပါဝင်လဲဗျ။**

စာကိုကျတော့ ဒေါ်ဂျာဆိုင်းခေါန်တို့၊ ရှေ့နေအဖွဲ့ဖြစ်တဲ့ ဒေါ်ဒွဲဘူတို့ရေးပြီးမှ ကျွန်တော့်ကို ပေးခိုင်းလိုက်တော့ ကျွန်တော်ကနေတစ်ဆင့် ဒေါ်အောင်ဆန်းစုကြည်ရဲ့လက်ထောက်ကနေတစ်ဆင့် ပေးခိုင်းလိုက်တယ်။ သူတို့လည်း ပေးဖြစ်တယ်လို့ ပြန်ပြောပါတယ်။

**ညစာစားတဲ့အချိန်မှာ ဒေါ်အောင်ဆန်းစုကြည်ကို မြစ်ဆုံစီမံကိန်းကိစ္စ၊ ထောင်ချခံခဲ့ရတဲ့ ကိုဇော်ဂျတ်၊ ကိုလွမ်းဇောင်း၊ ဒေါ်နန်ပူတို့ ကိစ္စနဲ့ပတ်သက်ပြီး ပြောတော့ ဒေါ်အောင်ဆန်းစုကြည်က ဘယ်လို တုံ့ပြန်ပြောဆိုခဲ့ပါသလဲ။**

သူကတော့ ‘ဟုတ်လား’ ဆိုတာပဲ ဖြေပါတယ်။ ထမင်းစားချိန် ဆိုတော့လေ၊ ရှည်ရှည်ဝေးဝေးလည်း မပြောဖြစ်ဘူး။ သတင်း အချက်အလက်လောက်ပါပဲ။ နောက်ကိစ္စတစ်ခုအနေနဲ့ သူက ပုဒ်မ ၅၀၀ ကတော့ သူတို့လည်း ဘာမှလုပ်လို့မရဘူးလို့ပြောတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ‘စာလည်းပါတယ်၊ စာလည်း ပေးချင်ပါတယ်’ ပြောတော့ သူ့ရဲ့ ဝန်ကြီးကို ပေးလို့ရပါတယ် ပြောတယ်။ ကျွန်တော်ကလည်း အစီရင်ခံတာပါ၊ သူတို့ လွှတ်လာလို့ရှိရင်တော့ NLD အတွက်လည်း ကချင်လူထုတွေရဲ့ ယုံကြည်မှု တော်တော်ရှိသွားနိုင်တယ် ဆိုတဲ့အကြောင်းတွေ ပြောဖြစ်ခဲ့ပါတယ်။

**နောက်တစ်ခုအနေနဲ့ အခုလက်ရှိ ကချင်ပြည်နယ်မှာ ဝန်ကြီးသုံးဦးကို တာဝန်ကနေ ရပ်စဲလိုက်တယ်။ ဒီလိုဖြစ်ရပ်က ဒေါ်အောင်ဆန်းစုကြည်လာခဲ့တဲ့ ခရီးစဉ်နဲ့ ပတ်သက်နိုင်လား ခင်ဗျ။**

အဲ့ဒီ နောက်ပိုင်းတော့ ကျွန်တော်လည်း သတင်းတော့ ကြားနေတယ်။ ဒါပေမဲ့ ဘယ်သူလဲဆိုတာတော့ မသိခဲ့ဘူး။ ခု မနေ့တစ်နေ့ကမှ ဝန်ကြီးသုံးဦး ဖြစ်မှန်းသိခဲ့တာပေ့ါ။ ဆိုတော့ ဒီမှာ ပြောဆိုတာတွေလည်း နားထောင်ကြည့်တော့ ဘာမှ အကြောင်းအရာခိုင်လုံမှု မရှိဘဲ ဖြစ်သလားပေ့ါ၊ ဒါကို ကျွန်တော်တို့လည်း နားမလည်ဘူး။ သို့သော် လူထုရဲ့ အမြင်မှာတော့ ကျွန်တော်တို့ ဒီ အစိုးရလက်ထက်မှာ ကချင်က ဝန်ကြီးအဆင့်မှာ သူတစ်ယောက်တည်း ပါတော့။ သူပြန်ဖြုတ်ခံရတော့ ကျွန်တော်တို့လည်း စိတ်မကောင်းဘူး၊ အကြောင်းခိုင်လုံရင်တော့ မလိုပါဘူး။ အကြောင်း မခိုင်လုံဘဲနဲ့တော့ ဒီလိုအထက်က အာဏာနဲ့ ဖြုတ်ချတာတော့ မကောင်းဘူးပေ့ါဗျ။ ဒီလို ဒီမိုကရေစီခေတ်မှာ ဦး H လအောင် ပြောပြချက်အရတော့ သူ့ကို ဝန်ကြီးက နုတ်ထွက်ဖို့ ပထမဆုံးပြောတယ်။ နောက်တစ်ခါသမ္မတအထိ ဖုန်းဆက်ခိုင်းတယ် ဆိုတော့၊ အဲ့ဒီကနေ တိုင်ကြားတာ စဖြစ်နိုင်ပါတယ်။ ဗဟိုချုပ်ကိုင်မှုက များနေသေးတယ် ဆိုတာတော့ တွေ့ရတာပေ့ါ။ ဒီမိုကရေစီအသွင် မဆောင်သေးဘူး။ နောက်ဖက်ဒရယ် စနစ်လည်း မပီပြင်တဲ့ လုပ်ဆောင်ချက်တွေပေ့ါ။

**လူမှုရေးဝန်ကြီး ထုတ်ပယ်ခံရတာကရော စစ်ရှောင်အရေးတွေနဲ့ ပတ်သက်နိုင်လားခင်ဗျ။**

လူမှုရေးဝန်ကြီးကတော့ သူ လူထုကို စကားပြောတာတွေက ဟို သိပ်အဆီအငေါ် မတည့်ဘူး။ ပြီးစလွယ် ပြောတာများတာပေ့ါ။ ဆိုတော့ အထူးသဖြင့် စစ်ရှောင်နဲ့ ပတ်သက်ပြီးမှတော့ သူက ဘာမှ သဘောပေါက် နားလည်ခြင်းမရှိဘူး ဆိုတာတွေ့ရတာပေ့ါ။

**စစ်ရှောင်တွေ နေရပ်ပြန်ရေးမှာ တချို့ပြန်နိုင်ပြီလို့ ကြားတယ်။ ဒီအပေါ်မှာ KBC က ဘာများပြောချင်ပါသလဲ။**

မကြာခင် ကေအိုင်အေနဲ့ မြန်မာ့တပ်မတော်နဲ့ တွေ့ဆုံပြီးမှ သူတို့ရဲ့ လက်မှတ်ထိုးမှုအပေါ် မူတည်ပြီး ဘယ်နေရာ ဘယ်ဒေသတွေက ပြန်လို့ရမယ်ဆိုတဲ့ လုံခြုံမှုရှိတဲ့နေရာတွေမှာ သူတို့သတ်မှတ်လာလို့ရှိရင် ကျွန်တော်တို့ ပြန်ပို့ဖို့တော့ စီစဉ်ထားပါတယ်။

**တကယ်ရော နေရပ်ပြန်လို့ရပြီလား၊ ပြန်ရင်ရော သူတို့ ရွာတွေမှာ လုံခြုံစိတ်ချမှု ရှိနေပြီလား။**

တချို့နေရာတွေတော့ ပြန်ဖို့ အဆင်ပြေတဲ့နေရာတွေ ရှိပါတယ်။ ဒါပေမဲ့ တချို့နေရာကတော့ မဖြစ်သေးဘူး။ IDPs တွေ နေရပ်ပြန်ရေးမှာတော့ နယ်စပ်မှာနေတဲ့သူတွေရော ဒီဘက်မြို့ပေါ်မှာနေတဲ့သူတွေရော အတူပြန်မှဖြစ်မှာ တစ်ဘက်ပဲ ပြန်ရင်တော့ မဖြစ်ဘူး။

**စစ်ရှောင် နေရပ်ပြန်ရေးအပေါ် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နဲ့ KBC တို့ ဘာများပြောထားတာ ရှိပါသလဲ။**

မြောက်ပိုင်းတိုင်းနဲ့တော့ ကျွန်တော်တို့ တခြားဘာမှ ပြောထားတာ မရှိပါဘူး . . သူတို့နဲ့တော့။

**နောက်ပြီး ဒီဇင်ဘာလကုန်ပိုင်းလောက်က မြစ်ကြီးနားကို လာခဲ့တဲ့ တရုတ်သံအမတ်နဲ့ ဆရာတို့ ကေဘီစီနဲ့ သီးသန့်တွေ့ဆုံခဲ့တယ်လို့ သိရတယ်။ ဘာတွေများ ပြောဖြစ်ခဲ့ကြပါသလဲ။ ဆရာက အခုလိုပြောပါတယ် ဆိုပြီး သူတို့ ထုတ်ပြန်ချက်မှာပါတဲ့ အကြောင်းအရာတွေကရော အမှန်ပဲလား ခင်ဗျ။**

သူရဲ့ အစီရင်ခံစာ၊ သဘောထားတော့ သူ့ရဲ့ထင်မြင်ယူဆချက်မှာတော့ ဒေသခံလူထုတွေ မကန့်ကွက်ပါဘူးဆိုတာတော့ သူ့ရဲ့ ထင်မြင်ယူဆချက်ပေ့ါ၊ သူက အဲ့လိုရေးထားတော့ အောက်မြန်မာပြည်က လူတွေက တော်တော် ပြန်ပြီး တစ်ခေါက် ပြန်နိုးထလာတာပေ့ါ၊ ဆိုတော့ ကျွန်တော်ကတော့ တရားဝင်စာနဲ့ KBC က ကန့်ကွက်တယ်။ ဒါပေမဲ့ ဆန္ဒပြတဲ့အချိန်မှာတို့၊ တစ်နှစ်တစ်ခါ ဆုတောင်းပွဲပြုလုပ်တဲ့ အချိန်မှာတို့ကတော့ ကျွန်တော်တို့ KBC က ဦးဆောင်ပြီးလုပ်တာတော့ မရှိဘူး။ CSO တို့ကပဲ ဦးဆောင်ပါတယ်လို့ ပြောခဲ့တယ်။ ပါတီတွေနဲ့ တွေ့တဲ့အချိန်မှာလည်း လူထုသဘောတူရင် ကျွန်တော်တို့ မကန့်ကွက်ဘူးဆိုတာတွေ ပြောမှာပေ့ါ၊ ဒါတွေကို ခြုံပြီးပြန်ပြောရင် ဒေသခံတွေက မကန့်ကွက်ဘူးဆိုတာကို ထင်မြင်ယူဆချက်ရေးလိုက်တယ်လို့ ခန့်မှန်းတယ်။

**ဒီလိုအခြေအနေမှာ လက်ရှိအစိုးရလက်ထက်မှာ ဒီ မြစ်ဆုံစီမံကိန်းကို ပြန်ပြီး လုပ်ဆောင်လာနိုင်လား။ ဘယ်လိုမြင်လဲ ခင်ဗျ။**

သူတို့(တရုတ်သံအမတ်) ပြောတာက ဒေါ်အောင်ဆန်းစုကြည်က သူအတိုက်အခံတုန်းကတော့ (မြစ်ဆုံစီမံကိန်းကို) ကန့်ကွက်ခဲ့ပေမယ့် အခုအစိုးရဖြစ်လာတဲ့ အချိန်မှာတော့ သူက အမြင်ပြောင်းသွားတယ် ဆိုတာတော့ သူ(တရုတ်သံအမတ်) ထည့်ပြောပါတယ်။

ကျေးဇူးတင်ပါတယ် ခင်ဗျ။

# မရောတဲ့ မျက်လုံးတွေ နောက်ကွယ်က ကြောင်ချောက်

မွန်းမွန်းပန်



အပြင်ကနေ ဆိုင်ကယ်တစ်စီးနဲ့ ပြန်ရောက်လာတဲ့ အသက် ၁၆ နှစ်အရွယ် 'အောင်အောင်'ကို အဒေါ်ဖြစ်သူက လက်ယပ်လှမ်းခေါ်လိုက်ပြီး "ရော့ . . မင့်အမေနဲ့ ဖုန်းပြောလိုက်ဦး" လို့ ပြောရင်း Video Call ဝင်နေတဲ့ သူ့လက်ထဲက ဖုန်းကို လှမ်းပေးလိုက်ပါတယ်။ အောင်အောင်က ဖုန်းမျက်နှာပြင်မှာပေါ်နေတဲ့ အမျိုးသမီးကိုကြည့်ပြီး ပါးချိုင့်လေးပေါ်အောင် ပြုံးပြလိုက်ရင်း"အမေ"ဆိုတဲ့စကားလုံးနဲ့ နှုတ်ဆက်လိုက်တယ်။

မတွေ့တာ ကြာပြီဖြစ်တဲ့ မိခင်ကို တမ်းတတဲ့စိတ်နဲ့ "ဘယ်ကို ရောက်နေတာလဲ၊ ဘာလုပ်နေလဲ၊ ဘယ်တော့ ပြန်လာမှာလဲ"ဆိုတဲ့ မေးခွန်းတွေ ဆက်တိုက်မေးမိတော့ သားရော အမေပါ ဝမ်းနည်းမျက်ရည်တွေ ကျကြတယ်။ အောင်အောင့်အတွက် အမေနဲ့ပတ်သက်ပြီး မေးခွန်းတွေ ကျန်ဦးမှာပါ။ "အမေ့သားလေး အရမ်းကြီးလာပြီ။ သားလိမ်လိမ်မာမာနေနော်၊ အမေ မကြာခင် သားဆီ ပြန်လာပါမယ်" လို့ မျက်ရည်လည်ရွှဲနဲ့ မကြာခဏပြောတဲ့ အမေ့စကားက တစ်နေ့နေ့ကျရင်တော့ မှန်လာမှာပါလို့ အားတင်းပြီး အောင်အောင် စောင့်နေခဲ့ပါတယ်။

တကယ်တော့ အသက် ၄၀ မိခင်ဖြစ်သူ ဒေါ်အဂျာက လွန်ခဲ့တဲ့ ၁၀ နှစ်လောက်ကမြစ်ကြီးနားမြို့ရဲ့ ရပ်ကွက်လေးတစ်ခုမှာ မိဘက ခွဲဝေပေးတဲ့ မြေကွက်လေးမှာ အိမ်ဆောက်ပြီး ခင်ပွန်းဖြစ်သူရယ်၊ သားရယ် အတူတကွ လယ်ယာလုပ်ကိုင် နေထိုင်ခဲ့သူပါ။ လယ်ယာလုပ်ငန်းက ရတဲ့ဝင်ငွေက သားတစ်ယောက်သာရှိတဲ့ သူ့မိသားစုလေးအတွက် မဖူလုံခဲ့ဘူး။ ဘဝမှာ အဓိကကျတဲ့ နေစရာအိမ်လေးကလည်း သားလေး အောင်အောင်နဲ့ နောက်ထပ် မွေးလာမယ့် သားသမီးတွေအတွက် လိုအပ်တယ်လေ။ သားကလေး ၅ နှစ် ပြည့်လို့ ကျောင်းအပ်ပြီးသိပ်မကြာမှာပဲ အဂျာက ဆောက်လက်စ အိမ်ကို အပြီးသတ်နိုင်ဖို့နဲ့ မိသားစုစားဝတ်နေရေး ပြေလည်အောင်ဆိုပြီး ကလေးကို ဆွေမျိုးမိဘအိမ်မှာ ထားခဲ့ပြီး တရုတ်နိုင်ငံကို စီးပွားရှာဖို့ ခင်ပွန်းဖြစ်သူနဲ့အတူ ထွက်ခွာ သွားခဲ့ပါတယ်။ တရုတ်ပြည် ရောက်တော့ ခင်ပွန်းဖြစ်သူနဲ့ တစ်နေရာစီ အလုပ်ခွဲလုပ်ရင်း သားကလေးရှိရာ မြန်မာနိုင်ငံကို ပြန်မလာ ဖြစ်တော့တာ အောင်အောင်လေး ၁၄ နှစ်အရွယ် ရောက်တဲ့အထိပါပဲ။

တရုတ်ပြည်မှာ ယုံကြည်ရတဲ့ သူငယ်ချင်းတစ်ဦးက အဂျာကို အလုပ်လက်တွဲလုပ်ဖို့ခေါ်ရာကနေ မြန်မာနိုင်ငံရဲ့ နယ်စပ်ဒေသမှာ မဟုတ်တဲ့ တရုတ်နိုင်ငံအတွင်းထဲကို လူမသိ၊ သူမသိအောင် တရားမဝင်နည်းလမ်းနဲ့ ခေါ်ဆောင်သွားပါတယ်။ လူကုန်ကူးခံလိုက်ရတယ်လို့ ဆိုပါတော့။ အဂျာက သူဖြစ်ခဲ့တဲ့ ဖြစ်စဉ်ကို အခုနောက်ပိုင်း လူသုံးများနေတဲ့ Wechat လို့ ခေါ်တဲ့ လူမှုကွန်ရက်ကနေ ဆက်သွယ်ရင်း ပြောပြပါတယ်။ တရုတ်ပြည်မှာ ကွဲကွာသွားခဲ့တဲ့ ခင်ပွန်းဖြစ်သူကတော့ အဂျာမရှိတော့တဲ့ နောက်ပိုင်း နောက်အိမ်ထောင်ပြုပြီး အဆက်အသွယ်ဖြတ်နေလိုက်ပါတော့တယ်။ အောင်အောင်လေးကတော့ ဆွေမျိုးအိမ်မှာ နေထိုင်ရင်း ပင်ပန်းဆင်းရဲစွာ ကြီးပြင်းလို့လာခဲ့ရပါတယ်။

အောင်အောင် ၈ တန်းရောက်တော့ ပညာသင်ကြားနေစဉ်မှာပဲ ကျောင်းစာကို စိတ်မဝင်စားတော့ဘူး။ ကျောင်း မတက်ချင်တော့ဘူးလို့ဆိုလာတယ်။ ကျောင်းမှာ အများနဲ့ တန်းတူမနေနိုင်တဲ့အတွက် သူကျောင်းထွက်ချင်လာတယ်။ ကျောင်းထွက်လိုက်တယ်။ အဖွားနဲ့အတူ နေ့လယ်နေ့ခင်းတွေမှာ လယ်ယာအလုပ် ဝင်လုပ်ကူနေခဲ့ပါတယ်။

"အမိမဲ့သား၊ ရေနည်းငါး" ဆိုသလို ရေနည်းအိုင်မှာနေရတဲ့ ငါးတစ်ကောင်ဟာ အသက်ရှင်သန်ဖို့ ခက်ခဲသလို မိဘအထိန်းအကွပ်မရှိတဲ့ သားလေးတစ်ယောက်အတွက် ရပ်တည်ရှင်သန်ဖို့က မလွယ်ဘူး။ အသက်ကြီးတဲ့ အဖွားဖြစ်သူတွေကလည်း သူ့ကို မျက်စိဒေါက်ထောက်ကြည့်ဖို့ အချိန်မရှိဘူးလေ။ အဲဒီတော့ အောင်အောင်လေးက ၁၄ နှစ်အရွယ်မှာ သေရည်ဆိုတဲ့ အရက်ကို စတင်စမ်းသပ်တတ်ခဲ့တယ်။ ကွမ်းယာနဲ့ ဆေးလိပ်ဆိုတာကတော့ ပြောမနေပါနဲ့တော့။

"ကျောင်းမှ မတက်တော့တာ၊ ဘာမှ မလိုတော့ဘူး။ နေ့တိုင်း ထမင်းစားနေရရင်တော်ပြီ။ လောကကြီးမှာ တစ်ခါပဲ လူလာဖြစ်တာ ပျော်ပျော်နေရမယ်။ စားဖို့ သောက်ဖို့ ဖန်ဆင်းထားတာပဲ"လို့ ပေါ့ပျက်ပျက်စကားလုံးတွေနဲ့ ဘဝကို အရှုံးပေးစပြုလာတယ်။

ဆိုလိုချင်တာက မသမာတဲ့ ပွဲစားမိန်းမတစ်ယောက်ရဲ့ မရိုးသားမှု၊ အယုံလွယ်တဲ့ အဂျာရဲ့ပေါ့ဆမှု၊ ချမ်းသာလိုစိတ် လွန်ကဲမှုတို့က ဘေးထွက်ဆိုးကျိုးအနေနဲ့ ကလေးတစ်ယောက် ဘဝပျက်စေခဲ့တာကို ပြောချင်တာပါ။ ဒီလိုဖြစ်စဉ်မျိုးတွေ၊ ဒီ့ထက်မကတဲ့ ဖြစ်စဉ်မျိုးတွေ လောကမှာ အများကြီး ရှိကောင်း ရှိပါလိမ့်ဦးမယ်။

မြစ်ကြီးနားမြို့မှာ နေထိုင်တဲ့ အမျိုးသမီးတစ်ဦးကတော့ - "ကျွန်မကို အမျိုးသားတစ်ယောက်က ကြိုက်တယ်။ လက်ထပ်ယူမယ် ပြောပြီး တရုတ်ပြည်ကို ခေါ်သွားတယ်။ အဲဒီမှာ ရောက်တော့ တရုတ်အဖိုးကြီးတစ်ယောက်ဆီ ရောင်းစားလိုက်တယ်"လို့ ပြောပြပါတယ်။

အဲဒီ အမျိုးသမီးကို ရောင်းစားလိုက်တဲ့ အမျိုးသားက မြို့နဲ့အလှမ်းဝေးတဲ့ ကျေးရွာတွေက အပျိုလေးတွေကို လက်ထပ်ယူမယ်လို့ ပြောဆိုပြီး တရုတ်နိုင်ငံထဲခေါ်ယူရောင်းစားတဲ့ ဖြစ်စဉ်တွေ ကြုံနေရတဲ့ မိန်းမပျိုလေး အယောက် ၂၀ ကျော်ရှိပြီဖြစ်တယ်လို့ ရောင်းစားခံခဲ့ရပြီး ပြန်လည်လွတ်မြောက်လာတဲ့ အမျိုးသမီးတစ်ဦးက ပြောပါတယ်။

ပြီးခဲ့တဲ့နှစ်က တရုတ်နိုင်ငံကို ရောင်းစားခံရတဲ့ မြန်မာနိုင်ငံက အမျိုးသမီး ၆၀ ရာခိုင်နှုန်းလောက်က တရုတ် အမျိုးသားတွေရဲ့ အဓမ္မလက်ထပ်ခြင်းကိုခံခဲ့ရတယ်လို့ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ သိရပါတယ်။

ကျန်တဲ့ ၄၀ ရာခိုင်နှုန်းက 'ပြည့်တန်ဆာအလုပ်ကို စေခိုင်းခံရခြင်း၊ အဓမ္မစေခိုင်းခံရခြင်း၊ ကလေးလူကုန်ကူးခြင်းနဲ့ ကြွေးမြီဖြင့် နှောင်းဖွဲ့ခိုင်းစေခံရခြင်း'တွေကို ခံစားနေရတယ်လို့ ရဲတပ်ဖွဲ့က ပြောထားပါတယ်။

မြန်မာနိုင်ငံမှာ လူကုန်ကူးခံရမှုနဲ့ ပတ်သက်ပြီး ၁၉၉၅ ခုနှစ်လောက်ကစပြီး ကမ္ဘာ့နိုင်ငံ အသီးသီးထက် စောလျှင်စွာ သတိပြုမိပြီး အမျိုးသားရေးတာဝန် တစ်ရပ်အနေနဲ့ ၁၉၉၇ ခုနှစ်က သတ်မှတ်ဆောင်ရွက်မှုတွေ ရှိပေမယ့် တားဆီးနှိမ်နင်းရေးလုပ်ငန်း လုပ်ဆောင်မှုတွေကတော့ နှောင့်နှေးနေပါသေးတယ်။

မြန်မာနိုင်ငံ၌ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၅ ခုနှစ် စက်တင်ဘာလ ၁၃ ရက်က ပြဋ္ဌာန်းခဲ့ပေမယ့် နည်းဥပဒေကတော့ ယနေ့ထိ ထွက်ရှိလာနိုင်ခြင်း မရှိသေးဘူးလို့လည်း သိရတယ်။

"ကျွန်တော်တို့ နိုင်ငံက ဥပဒေရှိပေမယ့် တရုတ်နိုင်ငံက ဥပဒေမရှိတဲ့အတွက် ဒီကိစ္စကို ကိုင်တွယ်ဖြေရှင်းဖို့ ခက်ခဲမှုတွေ ရှိနေပါတယ်"လို့ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့က တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

ထိုင်း၊ မလေးရှားနဲ့ စင်္ကာပူနိုင်ငံတွေကို အလုပ်လုပ်ကိုင်ဖို့ နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ထိုးထားတာမျိုး ရှိပါတယ်။ ဒါကြောင့် တစ်ဘက်နိုင်ငံတွေကိုသွားပြီး အလုပ်လုပ်ကိုင်

စာ - ၁၁ သို့ »

# နိုင်ငံတော်သမ္မတရုံးမှညွှန်ကြားချက်ဖြင့် ကချင်ပြည်နယ်အစိုးရတွင် တာဝန်ထမ်းဆောင်နေသော ဝန်ကြီးနှစ်ဦးကို နုတ်ထွက်ခွင့်ပြုပြီး တစ်ဦးကို တာဝန်မှရပ်စဲလိုက်သည့်အပေါ် ပြည်သူတို့၏ အမြင်



**ဒေါ်ခေါ်န်နန် (ဒါရိုက်တာ)** Kachin women Union

ကျွန်မတို့က အခုလိုမျိုးဖြစ်သွားတာတော့ စဉ်းစားတယ်။ ဝန်ကြီးနှစ်ဦးကို နုတ်ထွက်ခွင့်ပေးလိုက်တာတော့ မတူဘူးပေါ့နော်။ ဦးH လအောင်ကိုကျတော့ လုပ်ငန်းကနေ ရပ်ဆိုင်းလိုက်တယ်ဆိုပြီး ထွက်လာတယ်ပေါ့နော်။ အဲ့ဒါနဲ့ပတ်သက်ပြီးတော့မှ ကျွန်မတို့က ဦးHလအောင်ရဲ့ လုပ်ငန်းပိုင်းကိုရော နည်းနည်းစုံစမ်းတာ ရှိတယ်ပေါ့နော်။ ဘာပဲဖြစ်ဖြစ်ဒီလိုမျိုး နုတ်ထွက်လိုက်တာပဲဖြစ်ဖြစ်၊ နုတ်ထွက်ခွင့်ပြုတာပဲဖြစ်ဖြစ် ကျွန်မတို့ ပြည်သူလူထုကို ဘယ်လိုတွေ မှားယွင်းနေတယ်၊ ရပ်စဲမှုက အပြစ်ဘယ်လောက်များ ကြီးသလဲပေါ့။ ပြည်သူတစ်ယောက်အနေနဲ့ ခွဲဝေမှု၊ ဝေဝါးမှုမရှိအောင်ပေါ့နော်။ အဲ့လိုမျိုးတော့ သိချင်ပါတယ်လို့။ အခုလိုကျတော့ စိတ်ထဲမှာ ဇဝေဇဝါဖြစ်နေတယ်။ ပွင့်လင်းမြင်သာမှုလည်း မရှိဘူး။ ဒီလိုမျိုးမြန်မြန်ဆန်ဆန် လုပ်လိုက်တဲ့အခါကျတော့ ပြည်သူလူထုအတွက်လည်း စိတ်မကောင်းဘူး။ ဖွံ့ဖြိုးရေးပိုင်းမှာဆိုရင်လည်း အရမ်းနှောင့်နှေးသလို ခံစားရတယ်။ ကချင်ပြည်နယ်ရဲ့ အုပ်ချုပ်ရေးပိုင်းဆိုရင် ထည့်တာလည်းသူတို့ပဲ။ အခု ဖြုတ်ပြန်တော့လည်း သူတို့ပဲဆိုတော့။ ပြောရမယ်ဆိုရင် အချိန်အကြာကြီး အလုပ်အပေါ်မှာ စိတ်နှစ်ပြီး မလုပ်ဆောင်နိုင်သေးတဲ့ အချိန်မှာ အခုလိုမျိုး လုပ်နေတာကတော့ မကောင်းဘူးပေါ့နော်။ လူ ခဏခဏ လဲနေရင်လည်း ဖွံ့ဖြိုးရေးပိုင်းမှာ အရမ်းထိခိုက်တာပေါ့။ အခုလိုဖြစ်တာက ပြောရမယ်ဆိုရင် အဲ့ဒီလိုဆိုတော့ ပြည်သူလူထုက အစိုးရအပေါ် ယုံကြည်မှုလည်း အားနည်းလာနိုင်တယ်။ အဲ့ဒါနဲ့ပတ်သက်ပြီး ကျွန်မတို့အနေနဲ့ စုံစမ်းတာတော့ ရှိတယ်။ နည်းနည်းလေး စိတ်မကောင်းတာလေးတော့ ဖြစ်တယ်။ တကယ်လို့များ ကိုယ်စားပြုတက်လာမယ့် လူကြီးမှာလည်း အဲ့လိုမျိုးပြန်ဖြစ်လာမလား။ ပြီးတော့ ပြန်တက်လာတဲ့ လူကြီးတွေကရော ကိုယ်လုပ်နိုင်တဲ့ လုပ်ငန်းတွေ တာဝန်ကျေပွန်အောင် ဆောင်ရွက်နိုင်ပါ့မလား။ ပြည်သူလူထုတွေက အရမ်း သိပ်ပြီးတော့မှ စိတ်ပျော်ရွှင်မှုတော့ မရှိဘူးလို့ ပြောချင်ပါတယ်။



**ဒေါက်တာတူးဂျာ (ကချင်ဒီမိုကရေစီပါတီ ဥက္ကဋ္ဌ)**

ဒါကတော့ ပါတီအတွင်းက ဖြစ်တဲ့ကိစ္စဆိုတော့လေ။ သူတို့ဘယ်လိုတွေ ပြဿနာတွေ ရှိတယ်ဆိုတာကတော့ ပွင့်လင်းမြင်သာမှုမရှိတဲ့အတွက် ကျွန်တော်တို့ ပြည်သူတွေအနေနဲ့ မသိရဘူးပေါ့လေ။ အဂတိလိုက်စားမှုကတော့ အဓိကဖြစ်မယ်လို့ ခန့်မှန်းမိတာပေါ့။ သူတို့အနေနဲ့ ပြည်သူတွေကို ချပြတာတွေမရှိဘူးဆိုတော့ ဘာကြောင့်ဖြစ်တယ်ဆိုတာကို ခန့်မှန်းဖို့တော့ ခက်တယ်။ ထုတ်တယ်ဆိုရင်လည်း အမှန်တရားသက်သေနဲ့ ထုတ်ရမယ်လို့ မြင်မိတယ်။ ဒီမိုကရေစီခေတ်ကြီးထဲမှာ ပြည်သူတွေကသာ အဓိကဖြစ်တယ်။ အမှန်တရားကို ပွင့်ပွင့်လင်းလင်း ချပြပေးရမယ်။ ပြည်သူတွေလည်း သံသယကင်းလာမယ်။ ဇဝေဇဝါ မဖြစ်တော့ဘူးလေ။ အခုကကျတော့ ပြည်သူလူထုတွေက ဘာကြောင့် ထုတ်လိုက်တယ်ဆိုတာကို ရှင်းရှင်းလင်းလင်းမသိတဲ့ အခါကျတော့ ရေရှည်မှာ မကောင်းဘူးပေါ့လေ။ အစိုးရလုပ်ဆောင်ချက်က ပုံစံမလာဘူး။ အားနည်းချက်တွေ အများကြီးရှိသေးတယ်လို့ မြင်ပါတယ်။ ဘာပဲဖြစ်ဖြစ် ပွင့်လင်းမြင်သာမှု ရှိရမယ်။ လူထုကို ချပြရမယ်။ လူထုကို အမှန်တရားမချပြဘူးဆိုရင် အစိုးရပုံရိပ်ပဲ ထိခိုက်လာမယ်လို့ မြင်ပါတယ်။

**ဦးသက်နိုင် (ဖားကန့်မဲဆန္ဒနယ်တွင် မဲထည့်ခဲ့သော ပြည်သူ )**

ကျွန်တော့်အမြင်ကတော့ ပွင့်လင်းမြင်သာမှုမရှိဘူးလို့ မြင်တယ်။ ဘာကြောင့်မို့ သူတို့ကို ထုတ်လိုက်တယ်ဆိုတာ။ လူတစ်ယောက်က အပြစ်ကို ထောက်ပြပြီးမှ ထုတ်ရင် ပိုကောင်းတယ်လို့ မြင်တယ်။ အခုက ပွင့်လင်းမြင်သာတဲ့ ခေတ်ကြီးမှာ အပြစ်ရှိတယ်ဆိုရင်လည်း အပြစ်ရှိတဲ့အကြောင်း တင်ပြပြီးတော့ ထုတ်စေချင်တာပေါ့။ အခု ကျွန်တော်လည်း NLD မှာ လှုပ်ရှားနေတယ်ဆိုတော့ အာဏာရှင်စနစ်ကို မကြိုက်လို့ လုပ်နေတဲ့အချိန်မှာ အထက်ကထုတ်ခိုင်းလို့ ထုတ်တယ်ဆိုရင်တော့ ဒါ အာဏာရှင်စနစ်လို့ပဲ မြင်တာပေါ့။ ကျွန်တော့်အနေနဲ့ကတော့ အမှန်ကိုအမှန်ပေါ့၊ အပြစ်ရှိရင် အပြစ်ရှိတယ်ပေါ့။ ဒါမှလည်း ဒီမိုကရေစီဆိုတဲ့ လမ်းကြောင်းကို ပေါ်လွင်အောင်ဖော်ဆောင်နေတဲ့ အချိန်လည်းဖြစ်တယ်ပေါ့။ သူတို့က ဘာတွေစားလို့၊ ဘာတွေလုပ်လို့ ထုတ်တယ်ဆိုတဲ့ဟာကို ပွင့်ပွင့်လင်းလင်း အပြစ်တွေနဲ့ထောက်ပြီးတော့ ထုတ်ခိုင်းစေချင်တယ်။ ဒါမှလည်း ကိုယ်ကသာ ဘာကြောင့် ထုတ်လိုက်တယ်ဆိုတာ တအုံအုံတမြေ့မြေ့နဲ့ ခံစားနေရမှာ။ ဖြုတ်ဆိုတော့ ဘာကြောင့်ဖြုတ်မှန်းလည်း မသိဘူး။ သမိုင်း မလှဘူးလေ။ နောက်ကျန်တဲ့ အုပ်ချုပ်စဉ်ကာလအတွင်းမှာ မှန်မှန်ကန်ကန်နဲ့ အုပ်ချုပ်မှပဲ နောက် ၂၀၂၀မှာလည်း အောင်မြင်မှုရမှာပေါ့လေ။ ဒီလိုမျိုး ပြည်သူပြည်သားတွေက ကိုယ့်ပါတီအပေါ်မှာ ထင်ယောင်ထင်မှားဖြစ်လာမှာလည်း စိုးရိမ်တယ်။



» စာ - ၉ မှ

လိုတဲ့ မြန်မာအလုပ်သမားတွေကို သွားရောက်လုပ်ကိုင်ခွင့်တွေ ပေးထားတယ်လို့ သိရပါတယ်။

ဒါပေမဲ့ တရုတ်နိုင်ငံနဲ့ (MoU) စာချုပ်လက်မှတ်ရေးထိုးထားခြင်း မရှိတဲ့အတွက် အဲဒီနိုင်ငံကို သွားရောက် အလုပ်လုပ်ကိုင်ခြင်းဟာ မြန်မာနိုင်ငံသားတွေအနေနဲ့ တရားမဝင်သွားရောက်နေထိုင် လုပ်ကိုင်ခြင်းသာ ဖြစ်တယ်လို့လည်း သိရပါတယ်။

ကမ္ဘာမှာ ဒီလူကုန်ကူးမှုလုပ်ငန်းဟာ ကမ္ဘာဦးစကတည်းက ကျေးကျွန်စနစ်နဲ့ ရှိခဲ့ပေမယ့် လွန်ခဲ့တဲ့ နှစ် ၂၀၀ လောက်က ငုပ်လျှိုးသွားခဲ့တဲ့ လုပ်ငန်းပဲဖြစ်တယ်လို့ လူကုန်ကူးမှုအကြောင်းအရာနဲ့ ပတ်သက်ပြီးလေ့လာနေတဲ့ အဖွဲ့အစည်းတွေက ပြောပါတယ်။ ဒါပေမယ့် ၁၉၈၀ ခုနှစ်လောက်မှာတော့ ခေတ်သစ်ကျေးကျွန်စနစ်လို့ ခေါ်လို့ရတဲ့ လူတစ်ဦးကို လူတစ်ဦးတစ်ယောက်က မိမိရဲ့အကျိုးအမြတ်အတွက် ရည်ရွယ်ချက်ရှိရှိနဲ့ အလိုမတူဘဲ လုပ်အား ခေါင်းပုံဖြတ်တဲ့စနစ်အဖြစ် တစ်ဖန်ပေါ်ပေါက်လာခဲ့တယ်လို့ သိရပါတယ်။

လွန်ခဲ့တဲ့ ၂၀၀၀ ခုနှစ်မှာတော့ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်က "ကမ္ဘာပေါ်မှာရှိတဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေအားလုံးထဲမှာ လူကုန်ကူးမှုဟာ အဆိုးဝါးဆုံးသော ဥပဒေချိုးဖောက်မှု ဖြစ်တယ်" ဆိုပြီး လက်မှတ်ရေးထိုးကြေညာခဲ့တယ်လို့ လူကုန်ကူးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့မှ အငြိမ်းစားတစ်ဦးက ပြောပါတယ်။

မြန်မာနိုင်ငံက နိုင်ငံတကာမှာ လူကုန်ကူးမှုအဖြစ်အများဆုံးနိုင်ငံတွေထဲမှာ ပါဝင်နေပြီး တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဆိုရင် ရန်ကုန်တိုင်းဒေသကြီးမှာ လူကုန်ကူးမှုတွေ၊ လူမှောင်ခိုမှုတွေ ကျူးလွန်ခံရတာ အများဆုံးဖြစ်ပွားနေတယ်လို့ သိရပါတယ်။

ကချင်ပြည်နယ်မှာတော့ ၂၀၁၇ ခုနှစ်မှာ လူကုန်ကူးခံရမှု စုစုပေါင်း ၃၂ မှု ရှိပါတယ်။

၂၀၁၈ ခုနှစ် အတွင်းမှာတော့ အောက်တိုဘာလ ၃၁ ရက်အထိအမှုပေါင်း ၂၂ မှု ရှိပြီးတော့ ၉၀ ရာခိုင်နှုန်းက အမေမှ လက်ထပ်ခံရတဲ့အမှုတွေဖြစ်တယ်လို့ ကချင်ပြည်နယ်လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့၏ စာရင်းအရ သိရပါတယ်။

လူကုန်ကူးမှု လျှော့ချနိုင်ဖို့အတွက် ကချင်ပြည်နယ်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့မှ ရပ်ကျေးအုပ်ချုပ်ရေးမှူးတွေ၊ အမျိုးသမီးရေးရာအဖွဲ့တွေနဲ့ ပူးပေါင်းပြီး သင်တန်းတွေ ပို့ချတာ၊ လက်ကမ်းစာစောင်တွေဝေတာမျိုးတွေ ပြုလုပ်နေတယ်လို့ သိရပါတယ်။

တရုတ်နိုင်ငံကို အကြောင်းအမျိုးမျိုးကြောင့် လူကုန်ကူးမှုခံခဲ့ရတဲ့ မြန်မာနိုင်ငံသားတွေအနေနဲ့ ဘေကျင်းမြို့မှာရှိတဲ့ မြန်မာသံရုံး ၂ ဒုန်ဇီမန်အပြင်လမ်း၊ ချောင်ရန် ဖုန်းနံပါတ် ၀၁၀ ၆၅၃၂၀၃၅၉၊ ယူနန်ခရိုင်၊ ကူမင်းမြို့က မြန်မာကောင်စစ်ဝန်ရုံး၊ အမှတ် ၉၉၊ ယင်းဘင်လူ၊ ဂွမ်ဒုကျူ ဖုန်းနံပါတ် ၀၈၇၁- ၈၁၆၂၈၀၆၊ ၈၁၆ ၈၁၄၊ ဂွမ်ရှိခရိုင်၊ နန်နင်းမြို့က မြန်မာကောင်စစ်ဝန်ရုံး အမှတ် ၁၆-၇၊ ၀၇၇၁၅၆ ၇၂၈၄၅၊ ၅၆၇၂၃၉၁၊ အရေးပေါ် ဖုန်းလိုင်းဖြစ်တဲ့ ၁၁၀၁ စတဲ့ဖုန်းတွေကို ဆက်သွယ်အကြောင်းကြားပြီး အကူအညီတောင်းနိုင်တယ်လို့လည်း သိရပါတယ်။

အကူအညီတောင်းနိုင်တယ်ဆိုပေမယ့် အနှောင်အဖွဲ့တွေကြားမှာ ထိန်းချုပ်ခံထားရတဲ့ မိန်းမသားတွေအဖို့ လွတ်လမ်းဆိုတာ မဟာစိန်ခေါ်မှုကြီးတစ်ခုပါ။ ရုပ်ဆိုးတဲ့ တရုတ်လူပျိုကြီးတွေ၊ အဖိုးကြီးတွေနဲ့ လက်ထပ်ပြီး သားသမီး မွေးပေးနေရတဲ့ မြန်မာ အမျိုးသမီးတွေ တရုတ်နိုင်ငံထဲမှာ ဘယ်လောက်တောင် များနေမလဲဆိုတာ မတွေးဝံ့စရာပါပဲ။ လူကုန်ကူးမှုတွေ၊ လူမှောင်ခိုမှုတွေကျူးလွန်ခံရတဲ့အပြင် သူ့ရဲ့နောက်ကွယ်မှာ ဆက်လက်ဖြစ်ပျက်နေတဲ့ ဘဝတွေကလည်း မရေမတွက်နိုင်အောင် ရှိနေမှာပါ။

အစိုးရအနေနဲ့ မြန်မာနိုင်ငံသားတွေကို ကာကွယ်ဖို့၊ ကယ်တင်ဖို့အတွက် ကြိုးစားမှုတွေ ရှိပေမယ့်လည်း အောင်မြင်မှုရတာ နည်းနေပါသေးတယ်။ အဓိကက အလုပ်အကိုင် ရှားပါးမှုကြောင့် တိုင်းတစ်ပါးကို အလုပ်လုပ်ဖို့ သွားတဲ့သူတွေ နေ့စဉ်နဲ့အမျှ ကုန်ကူးခံနေရတာပါ။ လူတစ်ယောက်ကို လောဘစိတ်ဖြစ်လာအောင် မက်လုံးတွေနဲ့ ဖြားယောင်းလာမယ့် ပွဲစားတွေက အလုပ်လက်မဲ့ အမျိုးသမီးတွေကို ပစ်မှတ်ထား ဆွယ်တရားဟောမှာပါ။ ဒါကို မြန်မာအမျိုးသမီးတို့ အယုံလွယ်ပြီး လောဘမတက်မိဖို့ အရေးကြီးပါတယ်။ အလိမ်ခံရမှုတိုင်းဟာ အလိမ်ခံရသူရဲ့ လောဘစိတ်နဲ့ အများကြီးသက်ဆိုင်ပါတယ်။ ပွဲစားက ပေးလာမယ့် မက်လုံးတွေကို ယုံမှတ်ပြီး လိုက်သွားရင်တော့ နောက်ပိုင်းမှာ ကျန်ရစ်ခဲ့မယ့် ဘေးထွက်ဆိုးကျိုးတွေက အောင်အောင်လေးရဲ့ ဘဝလို လုံးပါးပါးရပါလိမ့်မယ်။ အခုဆို အောင်အောင်က အမေပြန်လာမယ့်ရက်ကို စောင့်ရင်း မူးယစ်ဆေးဝါးတွေတောင် သုံးတတ်နေပြီလေ။

သူ့ရဲ့ အကြောင်းပြချက်က အမေ့ကို သွားရှာချင်တယ်တဲ့။ အမေ့ကို ကယ်တင်ချင်တယ်တဲ့။ အမေ့ဆီရောက်အောင် သွားချင်တယ်တဲ့လေ။ ပွဲစားပါးစပ်က လောဘတက်အောင် မြူဆွယ်တဲ့ မရေရာတဲ့ မက်လုံးပေးမှုတွေနောက်ကို လိုက်မိရင်တော့ သူတို့ဆင်တဲ့ အဝင်လွယ်ပြီး အထွက်ခက်တဲ့ ထောင်ချောက်ထဲကို တန်းရောက်သွားမှာပါ။ မိမိတစ်ဦးတစ်ယောက်ရဲ့ ဘဝတင်မကဘဲ သားတစ်ကွဲ၊ လင်တစ်ကွဲနဲ့ ဘဝတွေကွဲကွာနေကြရပြီး နောက်ဆုံးတော့ ကိုယ့်အိမ်ကိုယ်တောင် ပြန်မလာနိုင်တော့တဲ့ သူတွေတရုတ်ပြည်ထဲမှာ မြောက်မြားစွာရှိနေတယ် ဆိုတာသတိပြုကြဖို့ စာနာစိတ်နဲ့ ရေးသားလိုက်ပါတယ်။

❑

Ann, Benadeth မေးမြန်းသည်

## M Kawn La (ကချင်အမျိုးသားကွန်ဂရက်ပါတီ ဥက္ကဋ္ဌ)



ကျွန်တော်ပြောရရင်တော့ ဒါကဒီလိုဖြစ်တယ်ဆိုတာ သူတို့အတွင်းရေးကိစ္စပေါ့နော်။ သူတို့ပါတီအတွင်း ဘာအခက်အခဲရှိလဲတော့ မသိဘူးလေနော်။ ဝန်ကြီးသုံးဦးရဲ့ လုပ်ဆောင်ချက်နဲ့ NLD အဖွဲ့က ဘယ်လိုမြင်လဲ မသိဘူးလေ။ သူတို့လည်း ပွင့်ပွင့်လင်းလင်း ဘာမှ မပြောဘူးဆိုတော့. .။ ဒီဟာတွေက နိုင်ငံရေးပေါ် လစီဗျ. . . ကျွန်တော်တို့ သုံးသပ်လိုတာကလေ။ ရွေးကောက်ပွဲနိုင်ရင် နိုင်တဲ့ပါတီတွေက ခန့်တာ. . ရွေးကောက်ပွဲနိုင်တယ်ဆိုတဲ့အခါ လူထုတွေက မဲပေးတာ။ NLD က လူထုရဲ့ဆန္ဒအရ ရွေးကောက်ပွဲနိုင်တယ်။ နိုင်ပေမဲ့ စီမံခန့်ခွဲမှုအရ ဝန်ကြီးနေရာတွေကို ဖြစ်သလိုခန့်တာတွေပေါ့ အရေးကြီးဆုံးက။ အဲ့ဒီတော့ နံပါတ် ၁)က ရွေးကောက်ပွဲမှာ နိုင်အောင်မဲပေးလိုက်တဲ့ လူထုကိုတော့ သင့်တော်တဲ့ အကျိုးအကြောင်းတော့ ပြောသင့်တယ်။ ထုတ်ချင်ထုတ်၊ ထည့်ချင်ထည့်ဆိုတာက အမိန့်အာဏာနဲ့ပိုင်တဲ့ အစိုးရက လုပ်တာလေ။ ပြည်သူတွေက ဒါမျိုးမလုပ်ဘူးလေ။ အဲ့တာမျိုးတွေက ပုံရိပ်ကိုထိခိုက်တယ်လို့ ကျွန်တော်မြင်တယ်။ အာဏာနဲ့ ပြုလုပ်တဲ့ အစိုးရရဲ့အပြုအမူကိုတော့ ကျွန်တော်တို့ မကြိုက်ဘူးပေါ့နော်။ အုပ်ချုပ်တဲ့နေရာမှာ နည်းလမ်းက နှစ်ခုရှိတယ်။ သူတို့က ဒုတိယနည်းလမ်းကို ကျင့်သုံးထားတယ်။ သူတို့က အဲ့ဥပဒေနဲ့ အရေးယူလိုက်တယ်လို့ မြင်တယ်။ အဲ့လိုနည်းလမ်းဥပဒေနဲ့ အရေးယူတာက ကျွန်တော် အပွင့်လင်းဆုံး ပြောရမယ်ဆိုလို့ရှိရင် အခု တော်တော်များများလည်း ဝန်ကြီးကို ဖြုတ်ချရမယ်လို့ ပြောတယ်။ အမှန်က လွှတ်တော်မှာ စွဲချက်တင်၊ တင်ပြီးတော့မှ ဒါက လွှတ်တော်ဆိုင်ရာပေါ့။ လွှတ်တော်ဆိုင်ရာဆိုတာက လူထုကိုပြန်တင်ပြတဲ့ နည်းလမ်းပေါ့။ သူတို့ကို ခုခံချေပခွင့်တွေ ပေးဖို့တော့ လိုတယ်ဗျ။ အခုဟာက အုပ်ချုပ်မှုအာဏာနဲ့ ဖြုတ်လိုက်တာ။ အမှန်က နိုင်ငံရေးအရဆို အုပ်ချုပ်သူလူတန်းစားရဲ့ အုပ်ချုပ်မှုအာဏာနဲ့ ဖြုတ်လိုက်တာဆိုတော့ Defacto အစိုးရရဲ့ အပြုအမူဖြစ်တယ်လို့တော့ မြင်တယ်။ ကျန်တဲ့အတွင်းရေးတော့ ကျွန်တော်ဘယ်လိုဖြစ်နေလဲ မသိဘူးပေါ့။ အတွင်းရေးကိစ္စတိတိကျကျသိရင်တော့ ကျွန်တော်တို့ ဝေဖန်လို့ရတယ်။ အခုကျွန်တော်တို့ သုံးသပ်နိုင်တာက Defacto အစိုးရ အပြုအမူတော့ မလုပ်စေလိုဘူး။ ပြည်သူလူထုမဲဆန္ဒနဲ့ ရွေးပေးလိုက်တဲ့ လွှတ်တော်ပုံစံနဲ့ပဲ ခုခံချေပခွင့်ပေးသင့်တယ်။ သူတို့ရဲ့ အခွင့်အရေးလည်းရှိတယ်လေ။ တရားရုံးမှာ တရားစီရင်ရင်တောင် တရားခံက ခုခံချေပခွင့်ရှိတယ်။ မပေးဘူးဆိုတာကတော့ ဒီမိုကရေစီပုံရိပ်ထိခိုက်တယ်လို့ပဲ ကျွန်တော်ပြောချင်တယ်။



## ဦးဂဲနက်(စ်) (ဒါရိုက်တာ) တရားလွှတ်တော်ရှေ့နေ

ဒီမိုကရေစီအစိုးရလက်ထက်မှာ ဝန်ကြီးသုံးဦးကို နုတ်ထွက်စေခြင်း၊ ရပ်စဲခြင်းဆိုတာ အင်မတန် အကျည်းတန် ရုပ်ဆိုးတဲ့ ကိစ္စတစ်ခု ဖြစ်စေပါတယ်။ ဘာကြောင့် နုတ်ထွက်စေရသလဲ. . .။ သူတို့ ဘာလုပ်ခဲ့သလဲ။ အဂတိကြောင့်လား. . ဆိုတာကို လူထုရှေ့မှာ ချပြပေးဖို့ တောင်းဆိုချင်ပါတယ်။ ဒီလိုမှမဟုတ်ရင် နောက်နောင် အခုလိုကိစ္စရပ်တွေ ဖြစ်ပေါ်လာရင် ပြည်သူတွေ အစိုးရအပေါ် အယုံအကြည် ကင်းမဲ့သွားစေနိုင်ပါတယ်။

မြစ်ကြီးနားသတင်းဂျာနယ်
( ဇန်နဝါရီ ၂၈ ၊ ၂၀၁၉ )

# ဂက်စ်မီးဖိုသုံးစွဲသူများနှင့် မီးလောင်မှုအန္တရာယ်



ဇန်နဝါရီ ၂၃

ဂက်စ်ဓာတ်ငွေ့ကို ပရိုပိန်း(Propane)နှင့် ဗျူတိန်း (Butane) ရောစပ်ပါဝင်နေသည့် ရေနံဓာတ်ငွေ့ရည် (liguid Petroeum Gas-LPG)သည် ဂက်စ်မီးဖိုမှာ အသုံးပြုသည့် ဓာတ်ငွေ့ပင် ဖြစ်ကြောင်းနှင့် ရေနံဓာတ်ငွေ့ကို ဓာတ်ငွေ့စက်ရုံတွင် Compressors များ၊ Condesers ကြီးများ သုံးပြီး အအေးခံ သိပ်သည်းကျစ်လစ်သွားစေကာ ဖိအား (Pressure)ဖြင့် အိုးထဲတွင် သိုလှောင်ပေးထားခြင်းအားဖြင့် အလွယ်တကူ သုံးစွဲနိုင်ရန် ပြုလုပ်ထားကြောင်း သိရသည်။

"ဓာတ်ငွေ့ တွေဟာ သတ်မှတ်ထားတဲ့ အင်္ဂါရပ်၊ ဂုဏ်သတ္တိတွေ ရှိပါတယ်။ သူဆီမှာရှိတဲ့ ဂုဏ်သတ္တိတွေကို ဂက်စ်အိုးသုံးစွဲသူတွေ၊ ရောင်းချတဲ့သူတွေအနေနဲ့ အကြမ်းဖျင်း သိထားဖို့ လိုအပ်ပါတယ်။ ဂက်စ်ဓာတ်ငွေ့ထည့်တဲ့ စလင်ဒါအိုးရဲ့ ဖိအားနဲ့ ခံနိုင်အားမျှတမှုရှိဖို့လိုပါတယ်"ဟု ပြည်နယ်မီးသတ်ဦးစီးမှူး ဦးစိုးဝင်းက ပြောသည်။

အိုးအထွက်မှာ Valve ရှိပြီး ဖိအားထိန်းနှင့် ဖိအားလျှော့ချကာ မီးဖိုကိုရောက်ရှိစေသည့်အတွက် ပရိုပိန်း/ဗျူတိန်းအရော ရေနံဓာတ်ငွေ့ရည်သည် သက်ရှိသတ္တဝါတွေ ပုံမှန်အသက်ရှူနိုင်သည့် ပြင်ပလေထုဖိအားကဲ့သို့ သာမန်အခန်းအပူချိန်နှင့် သာမန်ဖိအားမှာ အလွယ်တကူ အငွေ့ပျံပြီး မီးလောင်နိုင်ကြောင်း သိရသည်။

အိုးအထွက်နှင့် ဖိအားထိန်းများ မကောင်းသည့်အတွက် ဂက်စ်က ပိုက်လိုင်းထဲတွင် တစ်ချိန်လုံးရှိနေသည့် အချိန်မီးဖိုနှင့် အနီးအနား ပတ်ဝန်းကျင်ရှိ အခြားမီးဖိုကြောင့်ဖြစ်စေ၊ မီးခြစ်လိုက်ခြင်းကြောင့်ဖြစ်စေ၊ နေအပူချိန် တိုက်ရိုက်ထိတွေ့ခြင်းကြောင့် ဖြစ်စေ အပူချိန်မြင့်မားသည့် အခြေအနေမှ ဓာတ်ငွေ့ယိုစိမ့်နေသည့် ပိုက်လိုင်းတွင် မီးစွဲလောင်ရာမှ မီးမသတ်နိုင်သည့်အခါတွင် ဂက်စ်အိုးကို မီးမြိုက်သလိုဖြစ်ပြီး အထဲမှ ဂက်စ်များ ပူပြီးပွလာရာ အိုးအတွင်းရှိ မီးလောင်လွယ်သည့် အပူချိန်ကို ရောက်ရှိသွားပြီး အလွယ်တကူမီးလောင်ကာ ထွက်ပေါက်မရှိသည့် ဓာတ်ငွေ့ကြောင့် ပေါက်ကွဲပြီး ပေါက်ကွဲအားကြောင့် အပြင်ကိုထွက်လာသည့် ဂက်စ်မှနောက်တစ်ဆင့်ထပ်မံကူးစက် လောင်ကျွမ်းသွားရခြင်းပင် ဖြစ်ကြောင်း သိရသည်။

ဂက်စ်မီးဖိုသုံးစွဲပါက သတိထားသင့်သည့် အချက်များမှာ. . .

(၁) အိုးအထွက် Valve ၊ Pressure regulator Valve၊ မီးဖို Spark and Gas Valve များ ကောင်းမကောင်း အမြဲစစ်ဆေးရမည်။ အိုးအထွက်ကိုပိတ်သည့်အခါတွင် လက်ကို ဖိပိတ်ရမည်ဖြစ်ပြီး ထုရိုက်၍ပိတ်ခြင်းမျိုး၊ ဂက်စ်အိုးကိုရွှေ့သည့်အခါဆောင့်ချခြင်းမျိုး၊ ပစ်ချခြင်းမျိုး၊ ဒလိမ့်တုံးပုံစံတူ လှိမ့်ခြင်းမျိုးများ မပြုလုပ်သင့်ကြောင်း သိရသည်။

အိုးအထွက် Valve ကို Pressure regulator Valve နှင့် လှည့်တပ်သည့်အခါ အိုးအထွက် အမခေါင်းသည် အရစ်က ဘယ်ရစ်ဖြစ်သလို Pressure regulator Valve အဖိုခေါင်းကလည်း ဘယ်ရစ်သာဖြစ်သည်။ Pressure regulator Valve အဖိုခေါင်းထိပ်တွင် Rubber seal တပ်ထားပါသည်။

ထိုသို့ Rubber seal ပြတ်ခြင်း၊ ပြဲခြင်း၊ မကောင်းခြင်းမျိုးဖြစ်နေပါက Pressure regulator Valve ကို ဆက်မသုံးသင့်ကြောင်းနှင့် အိုးအထွက် Valve၊ Pressure regulator Valve အရစ်များကိုအမဲဆီသုတ်လိမ်းခြင်းမျိုး လုံးဝ မပြုလုပ်သင့်ကြောင်း သိရသည်။

(၂) Pressure regulator Valve ကို အတွင်းမှာ Diaphragm ၊ Spring တို့နှင့် ပြုလုပ်ထားသည့် အတွက် ထိပ်ရှိ ဘုလုံးလေးကို တွန်းလိုက်ပါက အိုးအထွက် ပွင့်ပြီး မီးဖိုဆီ ဂက်စ်ရောက်ပါသည်။ ထို့ကြောင့် ၎င်းဘုလုံးသည် တွန်း၍၊ ဖိ၍ရမည် ဖြစ်သည်။ ဘုလုံးလေးကို တွန်းမှ ဂက်စ်က မီးဖိုမှ ထွက်လာမည် ဖြစ်သည်။ ထိုသို့ အလုပ်မလုပ်ပါက Pressure regulator Valve အသစ်လဲရန် လိုအပ်နေကြောင်း သိနိုင်သည်။

(၃) ပိုက်လိုင်း ကောင်းမကောင်း အခါအားလျော်စွာ စစ်ဆေးရမည် ဖြစ်သည်။ အလွယ်တကူ စစ်ဆေးနိုင်သည့် နည်းလမ်းမှာ ဂက်စ်အိုးအထွက် Valve, Pressure regulator Valve ဖွင့်ထားချိန် ဘုလုံးကို ဖိ၍ဖွင့်ထားပြီးသည့်အခါ ဆပ်ပြာရည်ဖျော်ကို အမြှုပ်ထအောင်မွှေပြီး ဆပ်ပြာရည်အမြှုပ်များကို ပိုက်လိုင်းတစ်လျှောက် ဖြစ်စေ၊ ဂက်စ်ယိုစိမ့်နေသည်ဟု သံသယရှိသည့် နေရာကိုဖြစ်စေ၊ပိုက်ဆက်များကိုဖြစ်စေသုတ်ကြည့်လျှင် ပူစီဖောင်းများ ထလာသည့် နေရာသည် ဂက်စ်ယိုစိမ့်နေသည်ကို သိရမည်ဖြစ်သည်။

ပိုက်လိုင်းတစ်လျှောက် ပူစီဖောင်းများ မထပါက ပိုက်လိုင်းကောင်းသည် ဟု ယူဆရမည် ဖြစ်သည်။ အကောင်းဆုံး နည်းလမ်းသည် အိုးနှင့် မီးဖိုရှိ ပိုက်ဆက်ကို ဖြုတ်ပြီး တစ်ဘက်ကို ပိတ်ကာ အခြားတစ်ဘက်က စက်ဘီးလေထိုးတံဖြင့် ထိုး၊ ဆပ်ပြာရည်(သို့မဟုတ်) ရေဇလုံထဲနှစ်ကြည့်လျှင် ပူစီဖောင်းများ ထသည်ကိုတွေ့ပါက ၎င်းနေရာသည် ဂက်စ်ယိုစိမ့်နေပါသည်။ ထိုသို့ဖြစ်ပါက ပိုက်ကို အသစ်လဲရန် လိုအပ်ပြီး ပိုက်များသည် ရာသီဥတုဒဏ်ကြောင့် မာသွားပါက အသစ်လဲပေးရန် လိုပါသည်။

(၄)ထို့အတူ မီးဖိုတွင် ကပ်ငြိနေသည့် ဆီခိုးဆီငွေ့များနှင့် အညစ်အကြေးများ၊ အမှိုက်များသည်လည်း မီးလောင်လွယ်သည့်အတွက် အခါအားလျော်စွာ သန့်ရှင်းပေးရန်လိုအပ်ကြောင်း၊ မီးဖိုမှ ဓာတ်ငွေ့ထွက်ပေါက်များကိုလည်း မကြာခဏ သန့်ရှင်းပေးရန် လိုအပ်ကြောင်း သိရသည်။

(၅) ဂက်စ်ယိုစိမ့်လျှင် အနံ့ရပါသည်။ ဂက်စ်အနံ့သည် အလွန်အနံ့ပြင်းပြီး သိသာလှသည်။ ဂက်စ်ယိုစိမ့်နေသည်ဟု သံသယရှိနေလျှင် လျှပ်စစ်မီးခလုတ်ပင် မဖွင့်သင့်ကြောင်း သိရသည်။ ဂက်စ်ယိုစိမ့်နေကြောင်း သံသယရှိပါက မီးဖိုက Swith Valve ကို အရင်ပိတ်ပါ။ ပြီးလျှင် အိုးအထွက် Valve ကို ပိတ်ပြီး ဂက်စ်ယိုစိမ့်မှုကို သေချာစွာ စစ်ဆေးရမည် ဖြစ်သည်။ ထိုအခါ ဂက်စ်ယိုစိမ့်နေပါက ပိုက်လိုင်းလက်ကျန်သာ ယိုစိမ့်နိုင်မည်ဖြစ်ပြီး ဂက်စ်ယိုစိမ့်မှုကိုလည်း ရှာဖွေနိုင်မည် ဖြစ်ကြောင်း သိရသည်။ ဂက်စ်ယိုစိမ့်မှု မစစ်ဆေးဘဲ လုံးဝအသုံးမပြုသင့်ပါ။

(၆) ချက်ပြုတ်သည့်အခါ တံခါးများ ဖွင့်ထားခြင်း၊ လေဝင်လေထွက် ကောင်းမွန်ရန် လေမှုတ်စက်များ၊ အပူငွေ့နှင့် မီးခိုးထုတ်စက် ဖွင့်ထားခြင်းများလည်း ပြုလုပ်ထားသင့်သည်။

(၇) ရေနံဓာတ်ငွေ့ရည်သည် လေထက် လေးသဖြင့် အောက်ခြေပိုင်း၌သာရှိနေတတ်ပြီး ထိုနေရာများတွင် လျှပ်စစ်မီးခလုတ်များ၊ Extention Wire ကြိုးခွေများ စသည့် မီးလောင်နိုင်သည့် ပစ္စည်းများနှင့် ရှုပ်ထွေးမနေသင့်ဘဲ ရှင်းလင်းနေရမည် ဖြစ်သည်။

(၈) ဂက်စ်အိုးနားမှာ အခြားမီးဖိုများ ရှိမနေသင့်ပါ။ ဂက်စ်အိုးကို နေရောင်တိုက်ရိုက်ထိတွေ့ခြင်းများ၊ အပူချိန်မြင့်မားသည့် နေရာများ၊ ဂက်စ်အိုးအနီးသို့ လွယ်ကူစွာမသွားလာနိုင်သည့် နေရာများ၌မထားသင့်ကြောင်း၊ နွေရာသီကာလ ပူပြင်းသည့် ကာလများတွင် ဂက်စ်အိုးကို ဂုန်နီအိတ်(သို့မဟုတ်)စောင်ကဲ့သို့ အထတ်စထူထူကို ရေစွတ်၍ အုပ်ထားသင့်ကြောင်း သိရသည်။

(၉) ချက်ပြုပြီးချိန်တွင် အိုးအထွက် Valve ကို ဦးစွာပိတ်ပြီး မီးဖိုပေါ်ကမီးငြိမ်းသွားမှ မီးဖိုမှ Switch Valve ကို ပိတ်ပါ။ သို့မှသာ ပိုက်လိုင်းထဲတွင် ဂက်စ်များကျန်ရှိတော့မည် မဟုတ်ပါ။

(၁၀) ဂက်စ်အိုးနှင့် မီးဖိုရှိသည့်နေရာသည် လေဝင်လေထွက်ကောင်းရန် အလွန်အရေးကြီးပြီး စုပ်ထုတ်နိုင်ရန် Exhaust Fans များလည်း တပ်ဆင်ထားသင့်ကြောင်း ဂက်စ်အိုးနှင့် မီးဖိုကို ကလေးများ လက်လှမ်းမမှီနိုင်သည့်နေရာတွင် မထားရန်လည်း ဂရုပြုသင့်ကြောင်း သိရသည်။

(၁၁) ပိန်ရှုံ့နေသည့် အိုးများ၊ သံချေးကိုက်နေသည့် အိုးများ၊ အထွက် Valve မကောင်းသည့် အိုးများကို မသုံးသင့်ပါ။

(၁၂) မီးဖိုအနီးနားတွင် အလွယ်တကူ အသုံးပြုနိုင်သည့်ပေါင်ဒါ(သို့မဟုတ်)အမြှုပ်မီးသတ်ဆေးဗူးဆောင်ထားသင့်သည်။ အကယ်၍ ပိုက်လိုင်းအနီးအနားတွင်မီးလောင်ပါက စောင်ကဲ့သို့ ခပ်ထူထူအဝတ်စမျိုးကို ရေဆွတ်ပြီး မီးလောင်သည့် နေရာပေါ်သို့ ပစ်တင်ခြင်းဖြင့် မီးငြိမ်းသတ်နိုင်သည်။

(၁၃) မီးဖိုနှင့် ပတ်သက်ပြီး သံသယတစ်ခုခုရှိပါက နားလည်တတ်ကျွမ်းသူများကို ခေါ်ယူဆွေးနွေးပါ။ ဂက်စ်မီးဖိုကို ကချင်ပြည်နယ်တွင်သာမက တစ်နိုင်ငံလုံးရှိ အိမ်များ၊ တိုက်ခန်းများ၊ စားသောက်ဆိုင်များတွင် တွင်ကျယ်စွာ အသုံးပြုနေကြပြီဖြစ်ပြီး ဂက်စ်မီးဖိုသည် သုံးတတ်လျှင် ချက်ပြုတ်ကြော်လှော်သည့် နေရာတွင်လွယ်ကူလျှင်မြန်စွာ ချက်ပြုတ်နိုင်ခြင်း၊ ချက်ပြုတ်သုံးစွဲသည့် အိုးများညစ်ပေမှု မရှိခြင်း၊ ပတ်ဝန်းကျင် လေထုညစ်ညမ်းမှုမရှိခြင်း စသည့်အကျိုးကျေးဇူးများ ရရှိသော်လည်း ဂရုမပြုမသုံးစွဲတတ်ပါက အလွန်ကြောက်စရာကောင်းသည့် ဘေးဒုက္ခဆိုးများကို သုံးစွဲသူသာမက သုံးစွဲသူ၏ အနီးနားပတ်ဝန်းကျင်ကိုပါ ထိခိုက်စေမည် ဖြစ်သည်။

ထို့အပြင် မိုးပျံပူဖောင်း ပြုလုပ်ရာတွင် ဟိုက်ဒရိုဂျင်ပါအောက်ဆိုက် ဓာတ်ငွေ့ကို အသုံးပြုရသည့်အတွက် အန္တရာယ်များစွာ ရှိသည့် လုပ်ငန်းဖြစ်သဖြင့် မိုးပျံပူဖောင်းပြုလုပ်မည် ဆိုပါကလည်း နားလည်တတ်ကျွမ်းသည့် ပညာရှင်များထံလေ့လာပြီး ပြုလုပ်သင့်ကြောင်း သိရသည်။

"ဓာတ်ငွေ့ ၅ မျိုး လောက်ကိုထည့်ပြီးတော့ မိုးပျံပူဖောင်းလုပ်တဲ့နေရာမှာ သုံးရတာဖြစ်ပါတယ်။ အဲဒါကို ဘယ်ဆိုင်မှာမှ မလုပ်ပေးဘူး။ ကိုယ့်ဘာသာပဲလုပ်ရတာဖြစ်တယ်။ လုပ်ငန်းသက်ပေါ် မူတည်ပြီးတော့ အတွေ့အကြုံအရပဲ လုပ်သွားတာဖြစ်တယ်။ အဲဒါဆိုတော့ အန္တရာယ်များတယ်။ သေချာချိန်ဆပြီးတော့ထည့်ရမှာဖြစ်တယ်။ ကော့စတိုင်က သေချာချိန်ဆနိုင်မှ မပေါက်ကွဲမှာ"ဟု မြစ်ကြီးနားမြို့တွင် ၁၆ နှစ်ကျော် ဂက်စ်အိုး ရောင်းချလာခဲ့သူ အမျိုးသားတစ်ဦးက ၎င်း၏ အတွေ့အကြုံကိုပြောသည်။

လုပ်ငန်း လုပ်သူများသည် သိပ္ပံနည်းစနစ်တကျ မဟုတ်ဘဲ မိမိ၏ အတွေ့အကြုံအရသာ လုပ်နေသည့်အတွက် ဓာတ်ငွေ့အချိန်အဆမှားယွင်းက အန္တရာယ်ကျရောက်ရခြင်းဖြစ်ကြောင်း ပြည်နယ်မီးသတ်ဦးစီးမှူးဦးစိုးဝင်းက ပြောသည်။

"ရေလို ဒီအတိုင်း လောင်းထည့်လို့ မရဘူး။ တစ်စက်ချင်း ချရတာ ဖြစ်တယ်။ အဲဒီလို ချတဲ့အခါ မီတာက တက်နေမှာ ဖြစ်တယ်။ အဲဒါကို စောင့်ပြီးတော့ ထည့်ရတာ ဖြစ်တယ်။ မဟုတ်ရင် ဓာတ်ပြုအား အရမ်းကောင်းသွားလို့ ပေါက်ကွဲနိုင်တယ်။ မြစ်ကြီးနားမှာတော့ မိုးပျံပူဖောင်းလုပ်တာမျိုးကို ကိုယ်ဟာနဲ့ကိုယ် လုပ်ကြတာများတယ်။ ဒါပေမယ့် ကျွမ်းကျင်တဲ့သူ နည်းပါတယ်"ဟု ဂက်စ်အိုးရောင်းချလာခဲ့သူ အမျိုးသားတစ်ဦးက ၎င်း၏ အတွေ့အကြုံကို ပြောသည်။

ထို့ကြောင့် ဂက်စ်အိုး မီးဖိုသုံးစွဲသူနှင့် ရောင်းချသူများအနေဖြင့် ဖော်ပြပါအချက်များကို ဂရုပြုသုံးစွဲပါက အန္တရာယ်ကင်းရှင်းစွာ သုံးစွဲနိုင်မည်ဖြစ်ကြောင်း မြစ်ကြီးနားသတင်း ဂျာနယ်မှ ဖော်ပြပေးလိုက်ပါသည်။

မွန်းမွန်းပန်

# အဝေးသင်တက္ကသိုလ် အနီးကပ်သင်တန်း နှစ်ကြိမ်တက်ရောက်ရမည့် အစီအစဉ်ကို ကန့်ကွက်သူ များပြားနေ

မြစ်ကြီးနား၊ ဇန်နဝါရီ ၂၅

အဝေးသင် တက္ကသိုလ်များတွင် အနီးကပ်သင်တန်း နှစ်ကြိမ်တက်ရောက်ရမည့် အစီအစဉ်ကို ကန့်ကွက်သူများရှိနေသဖြင့် ပြန်လည်သုံးသပ်ပေးသွားမည် ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ဦးဝင်းမော်ထွန်းက ပြောကြားခဲ့သည်။



အဝေးသင် ဝိဇ္ဇာဘာသာတွဲများတွင် ပညာသင်ယူနေသော ကျောင်းသူ၊ ကျောင်းသားများသည် လာမည့် မေလတွင် ၅ ရက်၊ အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် ၅ရက်၊ နှစ်ကြိမ်ခွဲ၍ တက်ရောက်ရမည်ဟု ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနက ဇန်နဝါရီ ၁၆ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အဝေးသင်တက်ရောက်နေသော ကျောင်းသူ/သားများသည် လုပ်ငန်းခွင် ဝင်ရောက်နေသူများပြားသဖြင့် ထိုကဲ့သို့ အနီးကပ်နှစ်ကြိမ်တက်ရောက်ရန် အဆင်မပြေမှုများရှိကြောင်း စိတ်ပညာ ဒုတိယနှစ် ကျောင်းသားမောင်စည်သူအောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"သူတို့ အဲ့လိုပြင်ဆင်လိုက်တာက တကယ်အလုပ်လုပ်တဲ့သူတွေအတွက် အဟန့်အတားတစ်ခုများ ဖြစ်နေမလား။ ကျွန်တော်ဆိုရင် အလုပ်လုပ်ချင်လို့ အဝေးသင်ယူခဲ့တာ။ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်တို့အလုပ်မှာ ခွင့်က ၁၅ ရက်လောက်ပဲပေးတယ်ဆိုတော့ အခုလိုအမှန်တကယ် တက်ရမယ်ဆိုရင် ကျွန်တော်က ပညာရေးထက် အလုပ်ကိုပဲရွေးချယ်သွားမှာပါ"ဟု ၎င်းက ပြောသည်။

အဝေးသင် အနီးကပ်သင်တန်း နှစ်ကြိမ် တက်ရောက်ရမည့် အစီအစဉ်ကို ပြန်လည်သုံးသပ်ပေးမည့်အရေးနှင့်ပတ်သက်၍ မြစ်ကြီးနားတက္ကသိုလ်သို့ ညွှန်ကြားချက်တစ်စုံတစ်ရာ မလာသေးကြောင်း ပါမောက္ခချုပ် ဒေါက်တာအောင်ဝင်းက ပြောသည်။

"အဝေးသင် ကျောင်းသားတွေက အများအားဖြင့် အစိုးရဝန်ထမ်းတွေ၊ ကုမ္ပဏီဝန်ထမ်းတွေများတော့ တစ်နှစ်ကိုနှစ်ကြိမ် ခွင့်ယူဖို့ဆိုတာ ခက်ခဲတယ်။ ဆိုတော့ ဝန်ကြီးက ပြန်စဉ်းစားမယ်လို့ ပြောသွားတယ်။ ဆရာကြီးတို့ဆီကိုတော့ ဘာမှ အကြောင်းပြန်လာခြင်း မရှိသေးဘူး"ဟု ၎င်းက ပြောသည်။

ယခင်က အဝေးသင်ပညာရေးသည် ရန်ကုန်/မန္တလေးတက္ကသိုလ် တို့၏ ဌာနခွဲအဖြစ်သာ ဖွင့်လှစ်ခဲ့ရာမှ ယခုနှစ်မှစတင်၍ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်တွင် One Campus Two Systems စနစ်ဖြင့် နေ့သင်တန်းနှင့် အဝေးသင်နှစ်မျိုးဖြင့် ၂၀၁၉-၂၀ မှစတင် သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

Ann

Movie View

**▶ ယခုအပတ် ရော(မြစ်ကြီးနား)ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ**

၂၅ - ၁ - ၂၀၁၉ မှ ၃၁ - ၁ - ၂၀၁၉ အထိ
မြန်မာရုပ်ရှင်ကို ညနေ ၃ း ၃၀ နာရီ တွင် -
**အဓိပတိလမ်းက နဂ္ဂတစ်များ**

နေ့လယ် ၁၂ း ၃၀ နှင့် ည ၆ း ၃၀ နာရီ ပွဲချိန်များတွင်
**လေးပါးကျော့ရှိန်ဝရဇိန်**
















## အသိပေးကြေညာခြင်း

ဦးဌေးကိမ် မှတ်ပုံတင်အမှတ် ၅/နယန(နိုင်) ဂဂ၅ဂ၉၇ နှင့် သားဖြစ်သူ မောင်ဂင်ဆိုင်း ကိုင်ဆောင်ထားသော မှတ်ပုံတင်အမှတ် ၁/ မကန(နိုင်) ၁၈၁၅ဂ၁တွင် ပါရှိသည့်အဖ နာမည် ဦးဌေးတင် သည် တစ်ဦးတည်းဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးဌေးကိမ်
၅/နယန(နိုင်) ဂဂ၅ဂ၉၇

# စာအုပ်စင်ကဏ္ဍ

ညီထွန်းလင်း



| မူရကာမိ၏ မူရကာမိ |
| --- |
| စာရေးသူ = ရဲမြလွင်(ဘာသာပြန်) |
| စာအုပ်တိုက် - ကွမ်းခြံလမ်းစာပေ |
| တန်ဖိုး = ၄၀၀၀ ကျပ် |

ကမ္ဘာကျော် ခေတ်ပြိုင်ဂျပန်စာရေးဆရာ မူရာကာမိ၏ စာပေ၊ဘဝ စသည်တို့နှင့် ပတ်သက်သည့် အတွေးအမြင်များအကြောင်း စာအုပ်ဖြစ်သည်။ မူရာကာမိ၏ စာပေဖန်တီးပုံ၊ စာပေနှင့်ပတ်သက်သည့် အတွေးအမြင်၊ သူဖြတ်သန်းလာခဲ့သည့် စာပေခရီးနှင့် သူ၏စာပေလက်ရာ ဖန်တီးမှုများအကြောင်းကို ကိုယ်တိုင်ရေးသားဖော်ထုတ်ရှုမြင်သုံးသပ်ထားသော စာအုပ်တစ်ဖြစ်သည်။ ထို့အပြင် ယခုစာအုပ်တွင် စာရေးဆရာတစ်ယောက်အနေနှင့် သူ၏ဘဝနေနည်းထိုင်နည်း ဟန်ပန်တို့ကိုလည်း ပြောပြထားသည်။ ယခုစာအုပ်သည် စာပေဝါသနာ ပါသူများ၊ မူရာကာမိကို စိတ်ဝင်စားသော စာဖတ်ပရိတ်များ လက်မလွှတ်တမ်း ဖတ်ရှုသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

"ထို အဖြစ်အပျက်နှင့် နိုင်းစာလျှင် ဇာတ်ကြောင်းကို အလေးမထားဘဲ မိမိ၏အတွင်းပိုင်းမှ ဇာတ်လမ်းကို ဖန်တီးသော စာရေးဆရာက ပိုမို ပျော်စရာကောင်းပေလိမ့်မည်။ မိမိ၏ပတ်ဝန်းကျင်တွင် သဘာဝအတိုင်း ပေါ်ထွက်လာကြသော အကြောင်းအရာများ၊ နေ့စဉ်နှင့်အမျှ မြင်တွေ့နေရသော ရှုခင်းများနှင့် သာမန်လူနေမှုဘဝတွင် ကြုံတွေ့ရသော လူတစ်ဦးချင်း အကြောင်းတို့ကို ဦးနှောက်ထဲတွင် မှတ်သားစုဆောင်းထားပြီး ထိုအချက်အလက်များကို မိမိ၏ ဖန်တီးနိုင်သော စွမ်းပကားဖြင့် ဇာတ်လမ်းများကိုတည်ဆောက်ကာ ရေးသွားသည်ကမှ ပိုပြီးသက်သာလွယ်ကူပေလိမ့်မည်။ တစ်နည်းအားဖြင့် သဘာဝကို အသစ်တဖန် ပြန်လည်အသက်သွင်းသည့်နည်းဟုလည်း ခေါ်ဆိုနိုင်ပေသည်။ ထိုနည်းကိုသုံးပါက စစ်ပွဲကြီးများတွင် ပါဝင်ဆင်နွှဲနေရန်လည်း မလိုတော့ပေ။ နွားရိုင်းများနှင့် ယှဉ်ပြိုင်သတ်ပုတ်နေစရာလည်း မလိုတော့ပေ။ ကျားသစ်ချီးတာ ဆိုသော သားရဲကောင်ကြီးများ ကိုလည်းစွန့်စားပြီးလိုက်လံပစ်ခတ်နေရန်လည်း မလိုတော့ပေ။

ဤနေရာတွင် စာဖတ်သူများက မိမိအား အထင်လွဲမှားသွားကြမည်ကိုလည်း စိုးရိမ်ရပေသေးသည်။ ကျွန်တော့်အနေနှင့် စစ်ပွဲများ၊ နွားရိုင်းသတ်ပွဲများနှင့် မုဆိုးလိုက်ခြင်းများကို အဓိပ္ပာယ်မဲ့သောလုပ်ရပ်များဟု ဆိုလိုခြင်းမဟုတ်ပေ။ ထိုအလုပ်များသည် လူသားတစ်ဦးအတွက် အလွန်အဖိုးထိုက်တန်သော အတွေ့အကြုံများပင်ဖြစ်ကြသည်။ ( စာ - ၁၃၄ မှ)



| ပရက်ရှပ်စ်မန်မို |
| --- |
| စာရေးသူ = ချိုပိန်းနောင် |
| စာအုပ်တိုက် = နှစ်ကာလများစာပေ |
| တန်ဖိုး = ၂၀၀၀ ကျပ် |

"ဆူဆိုက် ကော်ဖီဆိုင်၊ ဖွင့်ဆောင်းမရတဲ့ ထီး၊ လနီနီကိုမြင်တဲ့သူ"အစရှိသည့်စာအုပ်များကို ရေးသားခဲ့သည့် ဆရာမချိုပိန်းနောင်၏ စာအုပ်သစ်တစ်အုပ် ဖြစ်သည်။ ချိုပိန်းနောင်၏ အရေးအသားများမှာ ခေတ်ပြိုင်စာပေပုံစံများဖြစ်ကြပြီး၊ ဖန်တီးရေးသားပုံများ၊ အတွေးအမြင်များ၊ အကြောင်းအရာများမှာ ဆန်းသစ်မှု ရှိလှသည်။ စာရေးသက် သိပ်မရှိလှသေးသော်လည်း အဆိုပါစာအုပ်များဖြင့် ချိုပိန်းနောင်ဆိုသည့် နာမည်တစ်ခု စာပေလောကတွင် ထင်ရှားလာသည်မှာတော့ ငြင်းမရသော အမှန်တရားတစ်ခုဖြစ်သည်။ ယခုစာအုပ်မှာ သူမ၏ ဘဝတစ်စိတ်တစ်ပိုင်းကို ပြန်လှန်အမှတ်ရထားသော အမှတ်ရချက်များဖြစ်သည်။

လူငယ် မိန်းကလေးတွေထဲမှာ အရမ်းသဘောကျတဲ့ မိန်းကလေးမိတ်ဆွေ သုံးယောက်ရှိတယ်။ အားလုံးက မန္တလေးသူတွေပါ။ ပထမတစ်ယောက်က နှစ်ဦးမေတဲ့။ နောက် နှစ်ယောက်က ပန်းချီဆွဲတဲ့ ညီအစ်မနှစ်ယောက်။ ဖြူစင်သန့်နဲ့ မချမ်းတဲ့။ နှစ်ဦးမေက နာမည်ကြီး မဂ္ဂဇင်းတစ်ခုမှာ နှစ်တွေအကြာကြီး အယ်ဒီတာ လုပ်ခဲ့တဲ့သူ။ ဖြူစင်သန့်က ကျွန်မသမီးလေး မအိကျန်ရဲ့ ပေါ့ထရိတ်ဆွဲပေးခဲ့တဲ့ ပန်းချီဆရာမလေး။ မချမ်းကတော့ အေးမြပန်းချီကားစီးရီးတွေနဲ့ နာမည်ကျော်လာသူ။ သူတို့ရဲ့ အပြင်ဘဝကိုပဲ ကြည့်ကြည့်၊ ဆိုရှယ်မီဒီယာမှာပဲကြည့်ကြည့် ပန်းချီကားလေးတွေ၊ အပြုံးတွေ၊ စာအုပ်တွေ၊ အစိမ်းရောင်အပင် ပေါက်စနလေးတွေ၊ မြန်မာ့ချည်ထည်တွေ၊ ရိုးရိုးရှင်းရှင်း လည်ပတ်စရာနေရာတွေနဲ့ ပြည့်နေတတ်တယ်။ သူတို့ရဲ့ဘဝဟာ အပူအပင်ကင်းကင်းနဲ့ အရာရာချောမောပြီး ဖြတ်သန်းနေသလိုပဲ ထင်ရတယ်။ ဒါပေမဲ့ လူတိုင်းကတော့ အခက်အခဲကတော့ ရှိကြတာပေါ့လေ။ သူတို့ကတော့ သူတို့ရဲ့ အခက်အခဲကို ထုတ်မပြချင်ကြသူတွေ၊ ဒါမှမဟုတ် ထုတ်မပြတတ်ကြသူတွေ၊ ဒါမှမဟုတ် ထုတ်ပြဖို့ စိတ်မပါကြသူတွေ၊ ဒါမှမဟုတ် ထုတ်ပြရလောက်အောင် စိတ်ညစ်စရာ မထားကြ၊ မရှိကြသူတွေ ဖြစ်နေကြတယ်။ မိန်းကလေးထဲမှာ သူတို့လောက် အေးအေးချမ်းချမ်းနေတတ်တဲ့ မိန်းကလေးတွေ အတော်ရှားတယ်။ ဆိတ်ငြိမ်တိုးတိတ်ပြီး အေးချမ်းတဲ့ ရှင်သန်မှုတွေကို မြင်ရပြီး ကိုယ့်ကိုပါ အပူငြိမ်းအောင် လုပ်ပေးနိုင်သူတွေပေါ့။

မနှစ်က ဒီလိုအချိန် မန္တလေးကို ရောက်တော့ နှစ်ဦးနဲ့တွေ့ပြီး စကားပြောဖြစ်တယ်။ နှစ်ဦးက သူ့ရဲ့ခါးရိုးဆစ်တစ်ခု နိမ့်နေတဲ့အကြောင်းကို ပြောပြတယ်။ အလုပ်ဒဏ်ကြောင့် ခါးရောဂါဖြစ်ပြီးနောက်ပိုင်းမှာ လခစားအလုပ်ကနေ နားလိုက်ပြီး သူ့ရဲ့ကိုယ်ပိုင်အလုပ်လေးဖြစ်တဲ့ ဗမာ့ချည်ထည် အဝတ်အထည်အလုပ်ကိုပဲ ဆက်လုပ်ဖြစ်နေတယ်လို့ပြောပြတယ်။ ( စာ - ၇၆ မှ)

# ၂၀၁၉- ၂၀ ပညာသင်နှစ်အတွက် ဖက်ဒရယ်ဥပဒေ အကယ်ဒမီ ကျောင်းဝင်ခွင့်လျှောက်ထားနိုင်ပြီ

မြစ်ကြီးနား၊ ဇန်နဝါရီ ၂၂

ကေအိုင်အို ထိန်းချုပ်နယ်မြေဖြစ်သည့် မိုင်ဂျာယန်မြို့ရှိ ဖက်ဒရယ်အကယ်ဒမီကျောင်းအတွက် ဥပဒေပညာများသင်ယူရန် စိတ်ဝင်စားသူများ ကျောင်းဝင်ခွင့်လျှောက်နိုင်ပြီ ဖြစ်ကြောင်း သိရသည်။

ဖက်ဒရယ်အကယ်ဒမီကျောင်း ဝင်ခွင့်လျှောက်ထားသူများသည် အသက် ၃၅ နှစ်အောက် တိုင်းရင်းသားလူမျိုး ဖြစ်ရမည်ဖြစ်ပြီး အခြေခံပညာ အထက်တန်းအောင်မြင်ပြီးနောက်၊ ပြည်တွင်းရှိ တက္ကသိုလ်တစ်ခုခုမှ ဒုတိယနှစ် အောင်မြင်သူများ(သို့မဟုတ်) ဒီပလိုမာရရှိထားကြောင်း အထောက်အထားများ ပါရှိရမည်ဖြစ်ကြောင်း စီမံခန့်ခွဲရေးအဖွဲ့ဝင် ဦးလဖိုင်နော်ဆန့်က ပြောသည်။

"ဗမာဆိုရင်လည်း တိုင်းရင်းသားတစ်စုလို့ သတ်မှတ်ထားတယ်။ အဲဒါကြောင့် တိုင်းရင်းသား လူမျိုးများတက်လို့ရအောင် စီစဉ်ထားတာ ဖြစ်တယ်"ဟု ၎င်းက ပြောသည်။

ဝင်ခွင့်လျှောက်လွှာနှင့်အတူ အခြေခံပညာ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်၊ တက္ကသိုလ်ဒုတိယနှစ် အောင်မြင်ကြောင်း အထောက်အထား၊ ကျန်းမာရေး ဆေးထောက်ခံချက်များနှင့် တစ်ပါတည်း ဖက်ဒရယ်အကယ်ဒမီ တည်ရှိရာ မိုင်ဂျာယန်မြို့ (သို့မဟုတ်) legalaidnetwork@gmail.com, aaronlaphai@legalaidnetwork.org, hpaudedoiling@legalaidnetwork.org သို့ ပူးတွဲ လျှောက်ထားရမည်ဖြစ်ကြောင်း၊ လူတွေ့စစ်ဆေးမှုများလည်း ပြုလုပ်မည်ဖြစ်ကြောင်း ဦးလဖိုင်နော်ဆန့်က ပြောသည်။

"Entranceက မေးတယ်။ မေးခွန်းက online ကနေလည်း မေးတယ်၊ နယ်ဝေးကသူတွေအတွက်"ဟု ၎င်းက ဆိုသည်။

ပညာသင်နှစ် တစ်နှစ်တာကာလတွင် အစားအသောက် စရိတ်အတွက် တရုတ်ယွမ်ငွေ ၃၅၀၀၊ မြန်မာကျပ်ငွေ ရှစ်သိန်းဝန်းကျင်ခန့် ပေးသွင်းရမည်ဖြစ်ပြီး ပညာသင်စရိတ်နှင့် အဆောင်နေထိုင်စရိတ်ကို အခမဲ့ခွင့်ပြုထားကြောင်းသိရသည်။

လျှောက်လွှာများကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ လက်ခံသွားမည်ဖြစ်ပြီး ဖက်ဒရယ်ဥပဒေအကယ်ဒမီ တက်ရောက်နိုင်ရန် အရည်အချင်းပြည့်မီသူများကို ဧပြီလ ၁၅ ရက်နေ့တွင်ထုတ်ပြန်ကြေညာအသိပေးသွားမည် ဖြစ်ကြောင်းနှင့် ရွေးချယ်ခံရသူများသည် ဧပြီလ ၃၀ ရက်နေ့ထက်နောက်မကျဘဲ ကျောင်းသို့ အရောက်လာရမည် ဖြစ်ကြောင်း သိရသည်။

မျိုးမြတ်မြတ်ပန်



# မြစ်ဆုံစီမံကိန်းကြောင့် ပြောင်းရွှေ့ခံ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုကြိုးပမ်းဆောင် ရွက်သွားမည်ဟု တရုတ်ကုမ္ပဏီပြော

မြစ်ကြီးနား၊ ဇန်နဝါရီ ၂၄

ဧရာဝတီမြစ်ဆုံ မြစ်ညာ မြစ်ဝှမ်းစီမံကိန်း ACHC/ SPIC ကုမ္ပဏီက မြစ်ဆုံစီမံကိန်းကြောင့် ပြောင်းရွှေ့ခံကျေးရွာများမှ ဒေသခံများ ဖွံ့ဖြိုးတိုးတတ်ရေးကို ပိုမိုကြိုးပမ်းလုပ်ဆောင်သွားမည်ဟု ယင်းစီမံကိန်းမှ တာဝန်ရှိသူများက ပြောသည်။

ဇန်နဝါရီလ ၁၉ ရက်နေ့က ဝိုင်းမော်မြို့နယ် နောင်းချိန်းအုပ်စု အခြေခံပညာမူလတန်းလွန်ကျောင်းအတွက် ACHC/ SPIC မှ ဆောက်လုပ်လှူဒါန်းခဲ့သော ကျောင်းဆောင်သစ် ဖွင့်ပွဲနေ့တွင် တရုတ်ကုမ္ပဏီက ပြောကြားခဲ့ခြင်း ဖြစ်သည်။


တရုတ်ကုမ္ပဏီအနေဖြင့် အောင်မြင်သာ စံပြကျေးရွာနှင့် မလိယာန်စံပြကျေးရွာရှိ ဒေသခံများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အသက်မွေးဝမ်းကျောင်းသင်တန်းများ၊ အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရေးအတွက် လစဉ်ထောက်ပံ့ကြေးများကိုလည်း ကူညီလုပ်ဆောင်ပေးနေကြောင်း သိရသည်။

အဆိုပါ တရုတ်ကုမ္ပဏီအနေဖြင့် အောင်မြင်သာ စံပြကျေးရွာတွင် လျှပ်စစ်အသုံးပြုနည်းဆိုင်ရာ လျှပ်စစ်အန္တရာယ်မှ ကာကွယ်ရေးတို့နှင့် ပတ်သက်၍ မကြာသေးခင်က ပညာပေးဟောပြောပွဲများကို ပြုလုပ်ပေးခဲ့ပြီး ယင်းကျေးရွာများအတွက် လျှပ်စစ်မီးကို အခမဲ့ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

လတ်တလောတွင် မြစ်ဆုံစီမံကိန်းနှင့် ပတ်သက်ပြီး ပြည်သူများအနေဖြင့်ဝေဖန်ပြောဆိုမှုများစွာ ရှိနေသော်လည်း အစိုးရအနေဖြင့် မြစ်ဆုံစီမံကိန်းနှင့် ပတ်သက်ပြီး ရှေ့ဆက် မည်သို့ဆောင်ရွက်မည်ကို တိတိကျကျရှင်းလင်းချပြခြင်း မရှိသေးပေ။

Ah Je

# လာမည့်ပွင့်လင်းရာသီတွင် မီးပြတ်တောက်မှု မရှိစေရန်တာဝန်ယူသွားမည်ဟု ဘူးဂါးပြော



မြစ်ကြီးနား၊ ဇန်နဝါရီ ၂၃

ယခုနှစ် ပွင့်လင်းရာသီတွင် မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်တို့၌ လျှပ်စစ်မီး ပြတ်တောက်မှု မရှိစေဘဲ ၂၄ နာရီ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း ဘူးဂါးလျှပ်စစ်ဓာတ်အားပေးလုပ်ငန်း ကုမ္ပဏီလီမိတက်မှ မန်နေဂျာ(ဖြန့်ဖြူး) ဦးလအောင်က ပြောသည်။

ယခင်နှစ်များက ပွင့်လင်းရာသီအချိန်က မီးပြတ်တောက်မှုများ ရှိခဲ့သော်လည်း ယခုနှစ်တွင် ၎င်းတို့ကုမ္ပဏီပိုင် အထက်မလိရေအားလျှပ်စစ်စက်ရုံ (ပါဂျောင်)ကို လည်ပတ်မောင်းနှင်နေပြီဖြစ်သည့် အတွက် မီးပျက်မှုမရှိအောင် ဖြန့်ဖြူးပေးမည်ဟု ဆိုသည်။

"လက်ရှိ ဖြန့်ဖြူးပေးနေတဲ့မြို့မှာ လျှပ်စစ်ဓာတ်အား လိုအပ်ချက်က လျှပ်စစ်ဓာတ်အားစက်ရုံက ထုတ်တဲ့ ဓာတ်အားနဲ့ နိုင်ငံတော်က နေဝယ်ယူတဲ့ ဓာတ်အား အရတော့ အခုလာမယ့် ပွင့်လင်းရာသီကာလမှာ ခွဲတမ်းအရ ပေးမှာ မရှိပါဘူး။ ၂၄ နာရီ အပြည့်ပေးမှာ ဖြစ်ပါတယ်"ဟု ဦးလအောင်က ပြောသည်။

ဘူးဂါးကုမ္ပဏီလီမိတက် လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းသည် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် စာချုပ်ချုပ်ဆိုကာ မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်တို့ကို ဓာတ်အားဖြန့်ဖြူးပေးနေပြီး ဝိုင်းမော်မြို့နယ်တွင် လိုအပ်နေသည့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်မှာ ၄ မဂ္ဂါဝပ်ကျော်နှင့်မြစ်ကြီးနားမြို့နယ်တွင်း လိုအပ်နေသည့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၀ ဝန်းကျင်ခန့်ကို ဖြန့်ဖြူးနေကြောင်း သိရသည်။

အဆိုပါ လျှပ်စစ်ဓာတ်အား လိုအပ်ချက်မှာ ၎င်းတို့၏ ထုတ်လုပ်နိုင်စွမ်းနှင့် လုံလောက်မှုရှိကြောင်း၊ သတ်မှတ်မြို့နယ်မှအပ တခြားဒေသများသို့ ဖြန့်ဖြူးပေးသွားရန် အစီအစဉ် မရှိသေးကြောင်းနှင့် ဘူးဂါးကုမ္ပဏီလီမိတက်မှ မီးဝယ်ယူသုံးစွဲသည့် ပြည်သူလူထုများအနေဖြင့် လျှပ်စစ်နှင့်ပတ်သက်ပြီး သိရှိလိုသည့်အကြောင်းအရာများ ရှိပါက ရုံးချိန်အတွင်း လာရောက်စုံစမ်းမေးမြန်းနိုင်ကြောင်း ဦးလအောင်က ဆက်လက်ပြောကြားခဲ့သည်။

ထို အထက်မလိရေအားလျှပ်စစ်စက်ရုံ (ပါဂျောင်) မှ ရရှိသည့် ဓာတ်အားများကို ယခင်နှစ် မိုးတွင်းကာလကတည်းက စမ်းသပ်မောင်းနှင်ခဲ့ပြီး ဒီဇင်ဘာလတွင် အပြီးသတ်ကာ ပြည်သူလူထုထံသို့ ဖြန့်ဖြူးပေးနေပြီဖြစ်ကြောင်းလည်း သိရသည်။

မွန်းမွန်းပန်

# မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေ ပေးဆပ်ရန် တောင်သူ ၇၀ ရာခိုင်နှုန်းကျော် ကျန်နေသေးဟုဆို

ဇန်နဝါရီ ၂၃

ယခင်နှစ်မှစ၍ ပုံစံ (၇) အာမခံစနစ်ဖြင့် မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ ထုတ်ချေးပေးခဲ့သော မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူ ၇၀ ရာခိုင်နှုန်းခန့် လာရောက်ပေးဆပ်ရန် ကျန်ရှိနေသေးကြောင်း ပြည်နယ်စိုက်ပျိုးရေးဘဏ်မှ သိရသည်။

ယမန်နှစ်က မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေအတွက် တောင်သူများကို ငွေကျပ် ၂၇ ဘီလီယံကျော် (၂၇,၈၄၄,၈၀၀,၀၀၀ ကျပ်) ထုတ်ချေးပေးခဲ့ရာ ဇန်နဝါရီလ ၂၂ ရက်အထိ ၇ ဘီလီယံ (၇,၂၀၂,၃၅၀,၀၀၀ ကျပ်) လာရောက် ပေးဆပ်ခဲ့ပြီး ဘီလီယံ ၂၀ ကျော်(၂၀,၆၄၂,၄၅၀,၀၀၀ ကျပ်) ရရှိရန်ကျန်နေသေးကြောင်း သိရသည်။

"တောင်သူတွေကမဆပ်ဘဲနဲ့တော့ မနေကြဘူး။ ရှိုးသားကြလို့ပဲ။ ကိုယ်ချေးထားတဲ့ ပိုက်ဆံကိုတာဝန်ယူစိတ် အပြည့်ရှိကြတယ်။ ပုံစံ (၇) အပေါင်ခံထားရတာကလည်း နိုင်ငံတော်အစိုးရက ချမှတ်ထားတဲ့မူပဲ ဖြစ်ပါတယ်။ လက်ရှိ အချိန်အထိတော့ ထုတ်ပြန်ချက်ကတည်ဆဲပဲဖြစ်ပါတယ်" ဟု ပြည်နယ်စိုက်ပျိုးရေးဘဏ်မှ ဒုတိယကြီးကြပ်ရေးမှူး ဦးဇော်နိုင်က ပြောသည်။

ယခင်က တောင်သူများအနေဖြင့် ပြေစာ၊ ပုံစံ(၇) တို့ဖြင့် အပေါင်ခံကာ ဆယ်ယောက်တစ်စု၊ ၅ ယောက်တစ်စု ဝိုင်းချုပ်စနစ်ဖြင့် ထုတ်ချေးပေးခဲ့ရာ ၂၀၁၈ ခုနှစ်မှစ၍ ပုံစံ(၇) အပေါင်ထားစနစ်ဖြင့် တောင်သူများကို ငွေထုတ်ချေးပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"ဒီမှာတော့ ပြေစာနဲ့ ထုတ်ချေးတဲ့အတွက် မဆပ်တာမျိုးမရှိပေမယ့် တခြားတိုင်းနဲ့ပြည်နယ်တွေမှာ မဆပ်ကြတဲ့ သူတွေများတဲ့အတွက် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် နိုင်ငံတော်အစိုးရက ပုံစံ(၇)နဲ့ အာမခံစနစ်ကို ပြောင်းလဲဖို့ (တစ်နိုင်ငံလုံးကို) ထုတ်ပြန်ကြေညာခဲ့တာဖြစ်ပါတယ်" ဟု ဦးဇော်နိုင်က ရှင်းပြသည်။

ယခုနှစ် လာရောက်ဆပ်ပြီးငွေ၏ အတိုးနှုန်းမှာ ၃၂၂,၄၅၁,၁၆၆ ကျပ်ကျော် ရရှိပြီဖြစ်ကြောင်းနှင့် တောင်သူများအနေဖြင့် ချေးငွေထုတ်ချေးစဉ် ချေးငွေ၏ ၁ ရာခိုင်နှုန်းကို စုဆောင်းခဲ့ရာ စုဆောင်းငွေမှာ ၇၂,၀၂၃,၅၀၀ ကျပ်ရှိပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ စုဆောင်းငွေများကို တောင်သူများအနေဖြင့် စုဆောင်းထားစဉ်ကာလအတွင်း တစ်လအတိုးနှုန်း ၁၀၀ လျှင် ၈ ရာခိုင်နှုန်းဖြင့် အတိုးပေးထားကြောင်းနှင့် တောင်သူများ လိုအပ်လာပါက မိမိ စုဆောင်းငွေများကို နိုင်ငံတော်ပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များနည်းတူ မိမိလိုသလောက် ထုတ်ယူ သုံးစွဲနိုင်ကြောင်းလည်း သိရသည်။

မွန်းမွန်းပန်



မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube : myitkyinanewsjournal
( ဇန်နဝါရီ ၂၈ ၊ ၂၀၁၉ )

# ငါဒို့သွေး ငါဒို့သား ငါဒို့ဧရာဝတီ

မြတ်သွေးထက် ရေးသားသည်။

တကယ်တော့ မြစ်ဆုံစီမံကိန်းဆိုတာ စစ်အစိုးရအတွက် တစ်ချက်ခုတ်နှစ်ချက်ပြတ် စီမံကိန်းတစ်ခုလို့ ဆိုနိုင်ပါတယ်။ ၂၀၁၅ ရွေးကောက်ပွဲမှာ အာဏာကို လက်လွှတ်လိုက်ရတဲ့ အရပ်သားအစိုးရ တစ်ဖြစ်လဲ သမ္မတဦးသိန်းစိန် အပါအဝင် အာဏာရှင်တစ်စုက နောက်တက်လာတဲ့ အစိုးရအတွက် ကျပ်တည်းဆိုးဝါးတဲ့ အခြေအနေတွေနဲ့ ရင်ဆိုင်ရအောင် တမင်ရည်ရွယ်ချက်နဲ့ ဒီ စီမံကိန်းကို အကောင်အထည်ဖော်ခဲ့ကြတာလည်း ဖြစ်နိုင်စရာအကြောင်း ရှိပါတယ်။ ဒါကြောင့် မြစ်ဆုံပြဿနာကို ဆုံးခန်းတိုင်အောင် မဖြေရှင်းခဲ့ဘဲ "ကျွန်တော်တို့ အစိုးရသက်တမ်းမှာ မြစ်ဆုံစီမံကိန်းကို ရပ်ဆိုင်းထားမှာ ဖြစ်ပါတယ်"ဆိုပြီး ၃၀၊ ၉၊ ၂၀၁၁ နေ့မှာ နိုင်ငံကို ကြေညာခဲ့တာပါ။ သဘောကတော့မြစ်ဆုံကိစ္စနဲ့ပတ်သက်ပြီး တိုင်းပြည်လူထုနဲ့ NLD အစိုးရ ပဋိပက္ခတွေဖြစ်လာရင် "နိုင်ငံတော်မတည်မငြိမ်ဖြစ်နေလို့ တိုင်းပြည်ရဲ့အာဏာကို မလွဲသာမရှောင်သာပဲ ပြန်သိမ်းလိုက်ရပါတယ်" ဆိုတဲ့ အကွက်မျိုး ဆိုက်အောင်ဖန်တီးခဲ့တာလို့ယူဆနိုင်လို့ပါ။

နောက်ပြီး လက်ရှိအနေအထားအထိ မြစ်ဆုံဆည်တည်ဆောက်ရေး စီမံကိန်းအတွက် ကုန်ကျထားတဲ့ငွေက စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း(၈၀၀) လောက်ရှိတယ်လို့ တရုတ်ကုမ္ပဏီတွေဘက်က ဆိုလာပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဖြေရှင်းဖို့အတွက် NLD အစိုးရ တက်လာကာစမှာပဲ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် တရုတ်နိုင်ငံကို သွားရောက်ပြီး ဆွေးနွေးဖို့ ကြိုးစားခဲ့ပါသေးတယ်။ တကယ်တော့ ဒါဟာ ၂၀၁၅ ရွေးကောက်ပွဲ စည်းရုံးရေးခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ကို ရောက်ခဲ့တုန်းက ကချင်ပြည်နယ်လူထုရှေ့မှာ ပြောသွားတဲ့စကားအတိုင်း တစ်တိုင်းပြည်လုံးမသိရသေးတဲ့ စာချုပ်ပါ အချက်အလက်တွေကို လေ့လာဆန်းစစ်ဖို့အတွက်လို့ ဆိုရမှာပါ။ ဒါပေမဲ့လည်း လက်ရှိအခြေအနေအထိ ကုန်ကျထားတဲ့ အမေရိကန်ဒေါ်လာ သန်း(၈၀၀)ကို မြေပြင်ပေါ်မှာ ဘယ်နေရာဘယ်လောက် သုံးစွဲကုန်ကျထားကြောင်း တရုတ်ကုမ္ပဏီတွေဘက်က တိတိကျကျ ရေးဆွဲချပြလာတာမျိုးမရှိသလို နောက်ကြောင်းပြန်မလှည့်ရလို့ ဆိုထားတဲ့ မြန်မာ စစ်အစိုးရကတော့ ဘာအကြောင်းကြောင့်နဲ့မှ တာဝန်ယူ ချပြလာစရာ အကြောင်းမရှိပါဘူး။ ဆိုတော့ ဒီအချက်ကို နိုင်ငံသားတိုင်း ပါးပါးနပ်နပ် သိရှိထားဖို့ လိုအပ်ပါလိမ့်မယ်။

ဒီနေရာမှာ ထပ်ပြီး တွေးစရာရှိလာတာက တရုတ်ကုမ္ပဏီဘက်က ကုန်ကျထားတဲ့ အမေရိကန်ဒေါ်လာသန်း(၈၀၀)ဆိုတာ စီမံကိန်းလုပ်ကွက်ထဲမှာ ကုန်ကျတယ်ဆိုတာထက် တရားမဝင် ဘဏ်စာရင်းတွေထဲကို အများဆုံး ရောက်သွားတာလား ဆိုတာကတော့ မြန်မာစစ်အစိုးရနဲ့အတူ စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးခဲ့သူတွေသာ အသိဆုံးဖြစ်မှာပါ။ မြစ်ဆုံဆည် စီမံကိန်းလုပ်ကွက်အတွက် မြေပြင်ပေါ်က လက်ရှိအနေအထားကို ကြည့်မယ်ဆိုရင် ရေဝပ်ဧရိယာ ပြောင်းရွှေ့ အောင်မြင်သာစံပြကျေးရွာနဲ့ ၉၉ မီဂါဝပ်လောက်ပဲ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်တဲ့ ချီဖွေငယ် ဓာတ်အားပေးစက်ရုံငယ် တစ်လုံးပဲ ထင်သာမြင်သာ ရှိပါတယ်။ ဒီလောက် အနေအထားလေးနဲ့ အမေရိကန်ဒေါ်လာ သန်း(၈၀၀) ကုန်တယ်ဆိုတာ အံ့ဩစရာပါပဲ။ တကယ်တော့ ဒီမြစ်ဆုံရေအားလျှပ်စစ် စီမံကိန်းကို မြန်မာစစ်အစိုးရနဲ့ တရုတ် CPI(SPIC) တို့က ၂၀၀၆ ခုနှစ်ကတည်းက နှစ်ဘက်နားလည်မှု စာချွန်လွှာ MoU စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြတာပါ။ ဒါကြောင့် ဒီကိစ္စနဲ့ပတ်သက်ပြီး နေအိမ်အကျယ်ချုပ် ကျခံခဲ့ရတဲ့ ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်လည်း မသိခဲ့ရသလို ပြည်သူလူထု တစ်ရပ်လုံးလည်း တစ်လုံးတစ်ပါဒမှ သိခွင့် မရခဲ့ကြပါဘူး။ MoU,MoA,JVA စာချုပ်တွေ အဆင့်ဆင့် ချုပ်ဆိုခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေထဲမှာ ဦးသိန်းစိန်လည်း ပါဝင်ပါတယ်။ ဒါပေမဲ့ ပြည်သူလူထုကို အသိပေးကြေညာတာမျိုး မလုပ်ခဲ့ပါဘူး။ နောက်ဆုံး စီမံကိန်းကို အကောင်အထည် စဖော်မှ ပြည်သူလူထုအားလုံး သိရှိပြီး ကန့်ကွက်ခဲ့ကြတာပါ။ ခုလည်း ပြဿနာရင်းမြစ်ကို နားမလည်တဲ့သူ တချို့နဲ့ NLDပါတီမလိုလားသူတချို့ကပါတီနဲ့ဒေါ်အောင်ဆန်းစုကြည်ကို တိုက်ခိုက်နေကြပါသေးတယ်။ ဒါကို သတိမရှိသေးရင်တော့ စားနေကျကြောင်ပါးက အသင့်စောင့်ဆိုင်းနေတယ်လို့ပဲ ဆိုရမှာပါ။



ဧရာဝတီမြစ်ဘေးတွင် မြစ်ဆုံဆည်စီမံကိန်းကို ကန့်ကွက်ဆန္ဒပြနေကြသောပြည်သူများ

တရုတ်အစိုးရကလည်း ဧရာဝတီ မြစ်ဆုံဆည်စီမံကိန်း ပြန်စဖို့အတွက် NLD အစိုးရတက်လာချိန် ကတည်းကစပြီး စတင်ကြိုးပမ်းလာတာကို တွေ့နေရပါတယ်။ ရေဝပ်ဧရိယာပြောင်းရွှေ့အောင်မြင်သာစံပြကျေးရွာကကျောင်းမှာ ကျောင်းသားငယ်တွေကို ကံစမ်းမဲ လက်ဆောင်တွေ ပေးနေသလို၊ မြို့ပေါ်ကျောင်းတွေမှာလည်း ကျောင်းသားကလေးငယ်တွေအတွက် ကျောပိုးအိတ်နဲ့ စာရေးကိရိယာ ထောက်ပံ့တာမျိုးတွေအထိ လုပ်လာနေတာကို တွေ့ရပါတယ်။ ဒီနေရာမှာ ပြောချင်တာတစ်ခုက စီးပွားရေးဘာသာရပ်မှာ သင်ကြားတဲ့ "Gift is no free goods (လက်ဆောင်သည် အလကားရတဲ့ ကုန်စည်မဟုတ်)" ဆိုတာကိုပါ။ ဒါကြောင့် မြန်မာကျောင်းသားငယ်တွေကို လက်ဆောင်ပစ္စည်းတွေ ထောက်ပံ့ထားတဲ့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး "ဟောင်းလိုင် (HongLiang)"က "ဧရာဝတီမြစ်ဆုံ ရေအားလျှပ်စစ် စီမံကိန်းကို ကချင်ပြည်သူများကကန့်ကွက်မှုမရှိပဲ၊ပြင်ပကသာ ကန့်ကွက်နေတာပါ"လို့ မကြာခင်ကပဲ ပြောသွားသေးတယ် ဆိုတာကိုလည်း ပြည်သူအားလုံး ဂရုပြုဖို့ လိုပါလိမ့်မယ်။

နောက်ပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး "ဟောင်းလိုင်(Houng Liang)နဲ့ ကောင်စစ်ဝန်ချုပ် "မစ္စတာဝမ်ယု (Mr. WangYu)"တို့ပါဝင်တဲ့(၁၁) ဦးအဖွဲ့က အစိုးရသစ်တက်စကာလဖြစ်တဲ့ ၃၊ ၆၊ ၂၀၁၆ ရက်နေ့ မြစ်ကြီးနားခရီးစဉ်အတွင်း ကချင်ပြည်နယ်အစိုးရအဖွဲ့တွေနဲ့ တွေ့ဆုံခဲ့ရာမှာ တရုတ်နိုင်ငံတကာ စီးပွားရေးဌာန ညွှန်ကြားရေးမှူးချုပ် "မစ္စတာလျူဇန်း(Mr. Lieu Zan)"က မြစ်ဆုံစီမံကိန်းနဲ့ ပတ်သက်ပြီး အချက်(၃)ချက်ကို ချပြခဲ့ပါတယ်။ ဒီ အချက်တွေကတော့ "(၁)မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကို ဖျက်ပစ်နိုင်ကြောင်း၊ ဖျက်သည့်အတွက် အမေရိကန်ဒေါ်လာ သန်း(၈၀၀) ပေးလျော်ရမည်။(၂)ရပ်ဆိုင်းထားသည့် ဆည်စီမံကန်းကို ပြန်စပြီး ပြီးစီးသည်အထိ ဆောက်လုပ်ခွင့်ပြုမည်ဆိုပါက စီမံကိန်းမှ အမေရိကန်ဒေါ်လာ သန်း(၅၀၀)နှစ်စဉ်အခွန်ငွေရမည်။ (၃) အထက်ပါ အချက်(၂)ချက်ကို တစ်ခုမျှ မလိုက်နာဘဲ ဆည်စီမံကိန်းကို ရပ်ဆိုင်းထားသ၍ တရုတ်ကုမ္ပဏီများတင်ရှိနေသည့် အလုံးအရင်း ချေးငွေများ၏အတိုး အမေရိကန်ဒေါ်လာ သန်း(၅၀)ကို မြန်မာက နှစ်စဉ်ပေးဆပ်ရမည်"ဆိုပြီး ပြောခဲ့ဖူးပါတယ်။ ဒါပေမဲ့လည်း ဒါဟာ မြန်မာစစ်အစိုးရနဲ့ စာချုပ်ချုပ်ခဲ့တဲ့အထဲမှာ ထည့်သွင်းရေးသား ချုပ်ဆိုထားမှု ရှိမရှိ ဆိုတာကိုတော့ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် ဘယ်ပြည်သူ တစ်ဦးတစ်ယောက်မှ ယနေ့ အချိန်အထိ အတိအကျ မသိရှိရသေးပါဘူး။ တကယ်တော့ ဒါဟာ တရုတ်ကုမ္ပဏီဘက်က စစ်အစိုးရနဲ့ ချုပ်ဆိုထားတဲ့စာချုပ်ကို ပွင့်ပွင့်လင်းလင်း တည်တည်ကြည်ကြည် မှန်မှန်ကန်ကန် ချပြလာတာမျိုး မဟုတ်ဘဲ အခြေအနေအရ လိုသလို တစ်ဖက်သတ်ရေးဆွဲ ချပြနေတာမျိုး ဖြစ်တယ်လို့ပဲ ဆိုရမှာပါ။

သို့သော်. . . . . သို့သော်. . . . တရုတ်အစိုးရဘက်က ဆည်အတွက် ကုန်ကျထားတဲ့ငွေက သန်း(၁၀၀၀) လောက် ရှိတယ်ဆိုပြီး တရားဝင်ချုပ်ဆိုထားတဲ့ စာချုပ်ကို ချမပြဘဲ တစ်နှစ်ကို အမေရိကန်ဒေါ်လာ သန်း(၅၀)အတိုးနှုန်းတောင်းခံနေပါတယ်။ ဒါကို မြန်မာအစိုးရသစ်က မြစ်ဆုံဆည်ကို ရပ်ဆိုင်းထားခဲ့တဲ့(၃၀၊ ၉၊ ၂၀၁၁)ကနေ ယနေ့(၃၀၊ ၉၊ ၂၀၁၈)အထိ တစ်နှစ်ကို အမေရိကန်ဒေါ်လာ သန်း(၅၀)နှုန်းနဲ့ (၇)နှစ်စာအတိုးနှုန်း အမေရိကန်ဒေါ်လာ သန်း(၃၅၀)တိတိ ပေးဆပ်ထားပြီး ဖြစ်တယ်လို့ သိရပါတယ်။ တကယ်တော့ တရုတ်ကုမ္ပဏီကို အမေရိကန်ဒေါ်လာ သန်း(၁၀၀၀) ချက်ချင်း ပေးလျော်လိုက်ရင် မြစ်ဆုံအရေး စိတ်အေးရပြီ ဆိုပေမယ်လို့ မြန်မာအစိုးရသစ်က ပြည်သူ့ဘဏ္ဍာကို ခြိုးခြံချွေတာသုံးစွဲနေပြီး တရုတ်နိုင်ငံနဲ့ ဆက်ဆံရေး ကတောက်ကဆ မဖြစ်ချင်တာကြောင့် မြစ်ဆုံကိစ္စကို ယတိပြတ် မချမှတ်နိုင်သေးတာလို့ပဲ ယူဆရလိမ့်မယ် ထင်ပါတယ်။

ဒါကြောင့် မေခ၊ မလိခ မြစ်ဆုံဒေသနဲ့ ဧရာဝတီမြစ်ကြီးကို ချစ်မြတ်နိုးတဲ့ နိုင်ငံသူနိုင်ငံသားအပေါင်းမြစ်ဆုံဆည်စီမံကိန်းရဲ့ ဇစ်မြစ်ကို ဂယနဏ သိထားသင့်သလို ဒီကိစ္စနဲ့ပတ်သက်ပြီး ပြေလည်အောင် ဖြေရှင်းပေးနိုင်မယ့် ခေါင်းဆောင်ဟာ ဘယ်သူဖြစ်မလဲဆိုတာ ရှာဖွေကြည့်ပြီး သွေးစည်းညီညွတ်မှု မပြိုကွဲအောင် ထိန်းသိမ်းရင်း အောင်မြင်သည်အထိ ဆက်လက် တိုက်ပွဲဝင်ကြဖို့ တိုက်တွန်း ဆန္ဒပြုလိုက်ရပါတယ်။

❑

# လာမည့်စာသင်နှစ်တွင် တိုင်းရင်းသားစာပေ ပထမတန်းကို စတင်သင်ကြားတော့မည်

မြစ်ကြီးနား၊ ဇန်နဝါရီ ၂၅

ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းနှင့် တိုင်းရင်းသားစာပေကို လာမည့် ၂၀၁၉-၂၀ ပညာသင်နှစ်တွင် ပထမတန်းကို စတင်သင်ကြားပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ဒေသ သင်ရိုးညွှန်းတမ်းတွင် ကချင်ပြည်နယ်အတွင်းရှိ ကချင်မျိုးနွယ်စု ခြောက်မျိုး၊ ရှမ်းမျိုးနွယ်စု ငါးမျိုးတို့၏ ယဉ်ကျေးမှု၊ ရိုးရာဓလေ့နှင့် သမိုင်းကြောင်းများပါဝင်မည်ဖြစ်ပြီး တိုင်းရင်းသားစာပေကိုလည်း မျိုးနွယ်စုအလိုက် ထည့်သွင်းရေးဆွဲထားကြောင်း သိရသည်။

ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းနှင့် တိုင်းရင်းသားစာပေကို ကချင်ပြည်နယ်အတွင်းရှိ ကချင်မျိုးနွယ်စု ခြောက်ဖွဲ့၊ ရှမ်းမျိုးနွယ်စု ငါးဖွဲ့တို့မှကိုယ်စားလှယ်များက ရေးဆွဲခဲ့ကြခြင်းဖြစ်ကာ လာမည့်စာသင်နှစ်တွင် စတင်သင်ကြားပေးနိုင်ရန် စီစဉ်နေကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး (သင်ကြား/သင်တန်း) ဦးလှညွှန့်က ပြောသည်။

"ရေးဆွဲမှုကတော့ ကျွန်တော်တို့ တိုင်းရင်းသားတစ်ဖွဲ့ကို ၅ ဦးနှုန်းနဲ့ တိုင်းရင်းသားအဖွဲ့ ၁၁ ဖွဲ့ကနေ ကိုယ်စားလှယ် ၅၅ ဦးနဲ့ ဆွေးနွေးထားပါတယ်။ ဆွေးနွေးပြီးတော့ တိုင်းရင်းသားစာပေ ပုံနှိပ်ဖြစ်ဖို့အတွက်လည်း အဆင်သင့်ဖြစ်သလောက်ဖြစ်နေပါပြီ။ လာမယ့်နှစ်မှာတော့ ပထမတန်းကို စတင်သင်ကြားမယ်။ ဒုတိယတန်းနဲ့ တတိယတန်းကတော့ ပုံနှိပ်စာအုပ် ပြီးစီးမှုအခြေအနေပေါ် မူတည်ပြီးတော့ ဆောင်ရွက်သွားမှာပါ" ဟု ၎င်းက ပြောသည်။

ကချင်ပြည်နယ်အတွင်းရှိ စာသင်ကျောင်းများတွင် လူမျိုးအလိုက်စာပေများကို တိုင်းရင်းသားစာပေသင်ဆရာများနှင့် သင်ခွင့်ရရှိစေရန်၊ ယင်း မူဝါဒများနှင့်အညီ ပညာရေးသင်ရိုးညွှန်းတမ်းနှင့် ကိုက်ညီအောင် အသစ်ပြန်လည် ပြင်ဆင်ရေးဆွဲနေခြင်းဖြစ်ကြောင်း ဦးလှညွှန့်က ဆက်လက်ပြောသည်။

တိုင်းရင်းသားစာပေများကိုနိုင်ငံတော်၏သင်ရိုးညွှန်းတမ်းနှင့်အညီ ကမ္ဘာ့အဆင့်မီဖြစ်စေရန် ပညာရှင်များကလာရောက် သင်တန်းပို့ချပေးပြီးမှသာ မျိုးနွယ်စု ကိုယ်စားလှယ်အသီးသီးမှ ရေးဆွဲထားကြောင်းနှင့် ဒေသသင်ရိုးညွှန်းတမ်းတွင် မိမိလူမျိုး၏ ဆင်းသက်လာပုံ အကြောင်းအရာ၊ ထင်ရှားသော ပုဂ္ဂိုလ်များအကြောင်း၊ သမိုင်းကြောင်း၊ တောတောင်ရေမြေသဘာဝ၊ အသုံးအဆောင်ပစ္စည်းများ၊ ဓလေ့ထုံးတမ်းများနှင့် ရိုးရာအစားအသောက်များ အစရှိသော အကြောင်းအရာများကို မျိုးနွယ်စုအလိုက်ကိုယ်စားပြု ပါဝင်ရေးဆွဲသည့် သင်ရိုးညွှန်းတမ်းကို တက္ကသိုလ်အဆင့် ပညာရှင်များက ပြန်လည်ရေးဆွဲထားကြောင်း လာချိတ်စာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့၊ အတွင်းရေးမှူး ဦးဇခုန်ယိမ်းရော်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"တိုင်းရင်းသားစာပေကတော့ ကျွန်တော်တို့ ရေးဆွဲပြီးသွားပြီ။ အချောထွက်လာဖို့ပဲ လိုတော့တယ်။ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းကတော့ ကျွန်တော်တို့က ကိုယ့်လူမျိုးရဲ့ အကြောင်းအရာတွေကို ရေးခိုင်းပြီးတော့ တက္ကသိုလ်က ပညာရှင်တွေက ရေးဆွဲနေတယ်။ ၂၀၁၈ ဒီဇင်ဘာမှာ အပြီးလို့ ပြောတယ်"ဟု ၎င်းကပြောသည်။

သင်ရိုးညွှန်းတမ်း ကို ပထမတန်း၊ ဒုတိယတန်းနှင့် တတိယတန်းအထိ ရေးဆွဲထားပြီဖြစ်ကြောင်း၊ အတန်းငယ်များ၏သင်ရိုးတွင် တိုင်းရင်းသားများ၏ အကြောင်းအရာများကို ခြုံငုံရေးဆွဲထားသော်လည်း အတန်းကြီးပိုင်းတွင် အကြောင်းအရာတစ်ခုစီအပေါ် အသေးစိတ် ပြန်လည် ဖော်ပြသွားမည်ဖြစ်ကြောင်း လော်ဝေါ် တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့၊ အတွင်းရေးမှူး ဦးဒေါင်ဟောင်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"သင်ရိုး ရေးဆွဲမှုကတော့ Grade 1/ 2 ထိပြီးပြီ 3 ကတော့ အရန်အနေနဲ့ပေါ့။ အခု အငယ်တန်းတွေမှာတော့ သင်ခန်းစာတွေကို အကုန်ခြုံပြီး ဆွဲထားတယ်။ ဥပမာ နာမည်လေးတွေလောက်ပဲပေါ့။ အတန်းကြီးပိုင်း ရောက်လာရင်တော့ တစ်ခုချင်းစီ ပြန်ဆွဲထုတ်ပြီး အသေးစိတ် ရှင်းလင်းထည့်သွင်းသွားမှာပါ။ စိုက်ပျိုးမွေးမြူရေးတွေ၊ သမိုင်းကြောင်းတွေ စသဖြင့် အသေးစိတ် ပြန်သွားမှာပါ"ဟု ၎င်းက ပြောသည်။

ယခင်က တိုင်းရင်းသားစာပေများကို အစိုးရကျောင်းပိတ်ရက် နွေရာသီများတွင်သာ သင်ကြားခဲ့ရသော်လည်း ယခုကဲ့သို့ တိုင်းရင်းသားစာပေနှင့် ဒေသသင်ရိုးညွှန်းတမ်းများကို အစိုးရကျောင်းများတွင် သင်ကြားခွင့် ရရှိလာခြင်းအပေါ် အလွန်ပင် ဝမ်းမြောက်မိကြောင်း ဦးဒေါင်ဟောင်းက ဆက်လက်ပြောသည်။

ရေးဆွဲထားသော သင်ရိုးညွှန်းတမ်းများကို သက်ဆိုင်ရာ ပြည်နယ်အစိုးရ၏ ပံ့ပိုးမှု၊ ပညာရေးဌာန၏ ခွင့်ပြုချက်များဖြင့် ပုံနှိပ်ထုတ်ဝေကာ သက်ဆိုင်ရာပြည်နယ်အစိုးရ၏ ခွင့်ပြုချက်နှင့် သင်ရိုးညွှန်းတမ်း ကော်မတီ၏အတည်ပြုချက် ရယူအပြီးတွင် ကျောင်းသား၊ ကျောင်းသူများထံ ရောက်ရှိအောင် ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် ဆရာကိုင်စာအုပ်များကိုလည်း ထုတ်ဝေနိုင်ရန် ဆောင်ရွက်နေကြောင်း သိရသည်။

သင်ရိုးညွှန်းတမ်းကို လာမည့် နွေရာသီတွင် အပြီးသတ်ဆောင်ရွက်နိုင်ရန် စီစဉ်ထားရာ လာမည့်ကျောင်းဖွင့်ချိန် မတိုင်မီ တိုင်းရင်းသားစာပေသင်မည့် ဆရာ၊ ဆရာမများကိုလည်း သင်တန်းများ ပို့ချနိုင်ရန် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အခြေခံပညာကျောင်း တစ်ကျောင်းတွင် မျိုးနွယ်စုတူ ကျောင်းသား အနည်းဆုံး ၁၀ ယောက်အတွင်း ရှိလျှင် ဆရာမတစ်ဦးနှုန်းဖြင့် ခန့်ထားပေးသွားမည် ဖြစ်ကြောင်းလည်း သိရသည်။

Ann

# နေအိမ်ခြံဝင်းကို ဖျက်ဆီးကာ မြေစာပစ်လမ်းဖောက်လုပ်သည့် ကုမ္ပဏီကို ခြံရှင်က နိုင်ငံတော်သမ္မတထံတိုင်တန်း

မြစ်ကြီးနား၊ ဇန်နဝါရီ ၂၅

ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာအုပ်စု၊ ကုဋ္ဌေကျေးရွာတွင် ကျောက်စိမ်းတူးဖော်ရေး ကုမ္ပဏီတစ်ခုမှ နေအိမ်ခြံဝင်းကို ဖျက်ဆီးကာ မြေစာပစ်လမ်းလုပ်ခဲ့ခြင်းအပေါ် မကျေနပ်၍ ခြံဝင်းပိုင်ရှင်က နိုင်ငံတော်သမ္မတရုံးသို့ ဇန်နဝါရီလ ၂၅ ရက်နေ့က စာတင်တိုင်ကြားထားကြောင်း သိရသည်။

၂၀၁၇ ခုနှစ် နိုဝင်ဘာလက စိမ်းလဲ့ရတနာဝင်း ကျောက်မျက်တူးဖော်ရေး ကုမ္ပဏီက ကိုဆွေမင်းထွန်းဆိုသူ ပိုင်ဆိုင်သည့် အိမ်ဝင်းကို ခြံစည်းရိုးများ ဖျက်ဆီးကာ မြေစာပစ်လမ်းဖောက်လုပ်ခဲ့သဖြင့် ခြံရှင်ဖြစ်သူက ယင်းအခြေအနေကို ဖြေရှင်းပေးရန် ဖားကန့်မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြခဲ့သော်လည်း ကုမ္ပဏီလုပ်ကွက်ဟုဆိုကာ လက်မခံဘဲ ပယ်ချခဲ့ကြောင်း ခြံပိုင်ရှင် ကိုဆွေမင်းထွန်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ဒါက ကျွန်တော် မတရားသက်သက် ခံရတာပါ။ ဒီကိစ္စကို အဆင့်ဆင့်တိုင်နေတာ ကြာပါပြီ။ ဘာမှလည်း မလုပ်ပေးကြပါဘူး။ အားကိုးစရာ အစိုးရဝန်ထမ်းတွေလည်း မရှိတော့ဘူး"ဟု ကိုဆွေမင်းထွန်းက ရှင်းပြသည်။

တစ်ဧကခန့် (၀.၆၃) ဧကကျယ်ဝန်းသည့် ယင်းမြေနေရာသည် ၁၉၉၂ ခုနှစ်က တိုက်နယ်ဆေးရုံ ဆောက်လုပ်ရန်အတွက် ရန်ပုံငွေရရှိအောင် ရောင်းချသည့်အခါတွင် ငွေကျပ်ငါးသောင်းဖြင့် တရားဝင် ဝယ်ယူထားသည့် နေရာဖြစ်ပြီး ပုံစံ(၁၀၅-၁၀၆) ရရှိထားပြီး ဖြစ်ကြောင်း၊ ၂၀၀၉ ခုနှစ် ဇူလိုင်လက မြယမုံ ကျောက်မျက်တူးဖော်ရေး ကုမ္ပဏီလုပ်ကွက်မှ ရေများ ပေါက်ကျသဖြင့် အိမ်ဘေးရှိ ဒေါ်ရွယ်အိမ်နှင့် ကိုဆွေမင်းထွန်း၏နေအိမ် အောက်ထပ်တစ်ခုလုံး ပျက်ဆီးခဲ့ကြောင်း၊ ထိုသို့ ပျက်ဆီးခဲ့သော်လည်း ဒေါ်ရွယ်အား ငွေကျပ် သိန်း ၃၀ နှင့် မြေနေရာ အစားပေးပြီး ကိုဆွေမင်းထွန်းအား နစ်နာကြေး မပေးသည့်အပြင် ကုမ္ပဏီပိုင်လုပ်ကွက်ဟု သတ်မှတ်ခဲ့ကြောင်း တိုင်ကြားစာတွင် ဖော်ပြထားသည်။

"သက်သေ အထောက်အထားတွေလည်း အကုန်ရှိပါတယ်။ ကျွန်တော်မြေတွေကိုလည်း အားလုံးရှေ့မှာ တိုင်းတာပဲ။ အကုန်တိုင်းတယ်။ ပေ ၃၀ လောက်တောင် မြေစာပစ်လမ်းဖောက်လုပ်တဲ့ နေရာမှာ သုံးထားတယ်။ ဒီလောက်ထိ ရှင်းနေတာကို ဖြေရှင်းမပေးတာက သက်ဆိုင်ရာအစိုးရဝန်ထမ်းတွေက ကျွန်တော့်ကို သက်သက်လှည့်ပတ်ညစ်နေကြတာ"ဟု ကိုဆွေမင်းထွန်းက ဆက်လက်ရှင်းပြသည်။



ယင်းကိစ္စနှင့် ပတ်သက်ပြီး အကြောင်းအရင်းမှန်ကို သိရှိနိုင်ရန်အတွက် ဖားကန့်မြို့နယ် အုပ်ချုပ်ရေးမှူးကို မြစ်ကြီးနား သတင်းဂျာနယ်မှ ဖုန်းဖြင့် ဆက်သွယ်ခဲ့သော်လည်း အဆက်အသွယ် မရရှိခဲ့ပေ။

ဖားကန့် ကျောက်စိမ်းတွင်း ဒေသတွင် မြေယာပြဿနာဖြေရှင်းရမှု အများအပြားရှိနေပြီး ယင်းသို့ဖြစ်ပေါ်ရခြင်းမှာ ကျောက်မျက်ကုမ္ပဏီများမှ နှစ်စဉ် ကျောက်မျက် တူးဖော်ပြီး မြေစာများ သွန်ပစ်နေခြင်းကြောင့် မူလမြေမှန်များ ပျောက်ဆုံးကာ အငြင်းပွားနေရခြင်း ဖြစ်သည်ဟု ဒေသခံများက သုံးသပ်သည်။

စည်သူ(မြစ်ကြီးနား)

# ဆယ်စုနှစ်ကျော် အင်္ဂလိပ်စာကို သင်ကြားပို့ချခဲ့ပြီး ဂုဏ်ထူးရှင်ပေါင်း မြောက်မြားစွာကို မွေးထုတ်ပေးခဲ့တဲ့ပညာမိုး အဆင့်မြင့် ကိုယ်ပိုင်သင်တန်းနှင့် ဘော်ဒါကို တည်ထောင်သူ ဦးမျိုးမင်း(အင်္ဂလိပ်စာ)နှင့် တွေ့ဆုံခြင်း



**ဆရာရေ မင်္ဂလာပါ။ ဆရာက ဟိုးအရင်ကတည်းက အင်္ဂလိပ်စာကို သင်ကြားခဲ့တယ်ဆိုတာ သိရပါတယ်။ ဘယ်နှခုနှစ်လောက်က စပြီး သင်ကြားဖြစ်ခဲ့တယ် ဆိုတာရယ်၊ ပြီးတော့ ဘယ်လိုကြောင့် အင်္ဂလိပ်စာ တစ်မျိုးတည်းကို အထူးပြု သင်ဖြစ်ခဲ့တယ်ဆိုတာလေး သိပါရစေရှင့်။**

ဟုတ်ကဲ့ မင်္ဂလာပါ။ ဆရာက အင်္ဂလိပ်စာကို ၂၀၀၃ ခုနှစ်ပေါ့။ အဲ့ကတည်းကစပြီး သင်ကြားဖြစ်ခဲ့တယ်။ အခုဆိုရင် စာသင်သက်က ၁၅ နှစ်ကျော်လောက် ရှိပါပြီ။ ဆရာ စသင်တဲ့အချိန် မြစ်ကြီးနားမြို့မှာဆိုရင် အပြင်စာသင်တဲ့ ကျူရှင် ဆရာတွေလည်း နည်းနည်းလေး နည်းနေသေးတယ်။ အဲ့ဒီအချိန်ဆရာက ဒုတိယနှစ် ကွန်ပျူတာတက္ကသိုလ်ကျောင်းကို တက်ရင်းနဲ့ အင်္ဂလိပ်စာဘာသာရပ်ကို လေ့လာရင်းသင်ရင်းနဲ့ စတင်ပြီးတော့ သင်ကြားဖြစ်ခဲ့တာပါ။

**ဆရာက အင်္ဂလိပ်စာသင်တဲ့အခါ အသင်အပြကောင်းပြီး ထူးချွန်တဲ့ တပည့်တွေကိုလည်း အများအပြားမွေးထုတ်ခဲ့တယ်လို့ ကြားသိရပါတယ်။ ဆိုတော့ ဆရာ့ရဲ့ သင်ကြားမှုပိုင်းကိုရော ပြောပြလို့ ရမလားရှင့်။**

ဆရာက အင်္ဂလိပ်စာသင်တဲ့အခါမှာ အဓိက ကတော့ ကလေးတွေအပေါ်မှာထားတဲ့ စေတနာပေ့ါ။ သူတို့ကို ကောင်းကောင်း တတ်စေချင်တဲ့ စေတနာပေ့ါ။ စေတနာကို အရင်းခံပြီးတော့ သင်ရတာ။ သင်တဲ့အခါမှာ ဉာဏ်ရည်မြင့်တဲ့ ကလေးတွေ ရှိတယ်။ ဉာဏ်ရည်နိမ့်တဲ့ ကလေးတွေ ရှိတယ်။ အဲ့ဒီအခါမှာ ကလေးတွေအပေါ်မှာ မတူညီတဲ့ သင်ကြားမှုပုံစံပေ့ါ။ ဉာဏ်ရည်နိမ့်တဲ့ ကလေးတွေဆိုရင်လည်း ထပ်ခါထပ်ခါ နားလည် သဘောပေါက်အောင် သင်ပေးရတယ်။ ဉာဏ်ရည်မြင့်တဲ့ ကလေးတွေကျတော့လည်း သူတို့ကို တစ်ခေါက်သင်တာနဲ့ ရတယ်။ ဒါပေမဲ့ သင်ခန်းစာတွေများများလုပ်ပေးရတယ်ပေ့ါ။ ဒီလိုပုံစံမျိုးနဲ့ သင်ပေးတဲ့အခါကျတော့ ကလေးတွေလည်း ထူးချွန်ထက်မြက်တဲ့ကလေးတွေအဖြစ် သူတို့ ဖြစ်သွားတာပါပဲ။

**ဟုတ်ကဲ့ပါ။ ဆရာက အခုဆိုရင် ပညာမိုးဆိုတဲ့ ကိုယ်ပိုင်သင်တန်းနဲ့ ဘော်ဒါလည်း ဖွင့်ထားပြီဆိုတော့ ဘာသာရပ်အားလုံး သင်နေပြီပေ့ါနော်။ ဘယ်နှခုနှစ်ကနေ ဖွင့်လှစ်ဖြစ်ခဲ့တယ် ဆိုတာကို ပြောပြပေးပါဦး။**

ဆရာက ဘော်ဒါစဖွင့်ဖြစ်ခဲ့တာတော့ ၂၀၁၇-၁၈ ပညာသင်နှစ်မှာ ပညာမိုးကို စတင် တည်ထောင်တယ်။ မြစ်ကြီးနားမှာ ဘော်ဒါဆောင်တွေ များလာတော့ တည်ထောင်ဖြစ်ခဲ့တာပေါ့ (ရယ်လျက်)။ ပြီးတော့ မြစ်ကြီးနားမြို့မှာ ဆရာ့ရဲ့ အင်္ဂလိပ်စာ တစ်ဘာသာတည်းကို တော်နေ၊ ထူးချွန်နေလို့မဖြစ်ဘူး။ အဲ့ဒီတော့ ဘာသာစုံ ထူးချွန်လာအောင်ဆိုပြီးတော့ ဘာသာစုံဆရာတွေကိုလည်း ခေါ်ပြီးတော့ ဆရာ့အနေနဲ့ ဖွင့်လှစ်ဖြစ်ခဲ့တာပါ။

**ဆရာ့တို့ ဘော်ဒါဆောင်မှာ ဘယ်နှစ်တန်းကနေ စတင်ပြီးတော့ အဆောင်နေ လက်ခံပါသလဲရှင့်။**

ဘော်ဒါဆောင်က အဓိကက ကိုးတန်း၊ ဆယ်တန်းပေ့ါ။ ပြီးမှ အလယ်တန်းကလေးတွေကိုလည်း အဆောင်နေ လက်ခံပေးပါတယ်။ အလယ်တန်းက အဓိက ဘာလဲဆိုရင် အင်္ဂလိပ်နဲ့ သင်္ချာပေ့ါ။ အင်္ဂလိပ်က ဆရာကိုယ်တိုင် သင်ပေးတယ်။ ဒီ ၂ ဘာသာကို အဓိကထားပြီးတော့ သင်ပေးတာပေ့ါ။ အဆောင်ကတော့ ဒီနှစ်ဆိုရင် ၇ တန်းကနေ စပြီးတော့ နေကြတယ်။ ၇ တန်း၊ ၈တန်း၊ ၉တန်း၊ ၁၀ တန်းပေ့ါ။

**ဆရာ သင်ကြားပြသပေးခဲ့တဲ့ထဲက ထူးထူးချွန်ချွန်နဲ့ အောင်မြင်ခဲ့တဲ့ ကျောင်းသားတွေကိုလည်း ပြောပြပေးပါဦး။**

ဟုတ်ကဲ့။ ဆရာက စာသင်သက် ၁၅ နှစ်ကျော်ပြီဆိုတော့ ဆရာသင်တဲ့ထဲက ထူးချွန်တဲ့ တပည့်တွေတော့ အများကြီးပါ။ အင်္ဂလိပ်စွမ်းရည်မှာ ပြည်နယ်အဆင့် ပထမရပြီး နိုင်ငံတော်အဆင့်ထိ ဆက်လက်ယှဉ်ပြိုင်နိုင်တဲ့သူတွေ ရှိပါတယ်။

**ဆရာ စသင်ကြားခဲ့ကတည်းက မွေးထုတ်ပေးခဲ့တဲ့ တပည့်ဦးရေက ဘယ်လောက်လောက်များ ရှိမလဲရှင့်။**

ဆရာက အင်္ဂလိပ်စာကို စသင်ကတည်းက ဆိုရင်တော့ ကျောင်းသားဦးရေ ထောင်ကြီးပိုင်း လောက်တောင် ရှိတော့မယ်ပေ့ါနော်။ တချို့ဆိုရင် အင်ဂျင်နီယာတွေ၊ အင်ဂျင်နီယာကျောင်း တက်နေတဲ့သူတွေ၊ ကွန်ပျူတာတက်တဲ့သူတွေ၊ ပြီးတော့ ဆေးတက္ကသိုလ်တွေ၊ ဘွဲ့ရတဲ့ ကလေးတွေတောင် အများအပြားရှိပါပြီ။ တချို့တပည့်တွေဆိုရင် လုပ်ငန်းခွင်ဝင်နေတဲ့သူတွေ ဒီအသိုင်းအဝိုင်းမှာဆိုရင် ကျူရှင်ဆရာတွေအဖြစ်နဲ့ ပြန်သင်ကြားပေးနေတဲ့ သူတွေတောင်ရှိနေပါပြီ။ နယ်ပယ်တိုင်းမှာ သူ့နေရာနဲ့သူ ထူးချွန်နေတဲ့ တပည့်တွေ အများအပြားရှိပါတယ်။

**၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ ဆရာ့ကိုယ်ပိုင်ဘော်ဒါရဲ့ အောင်ချက်ရာခိုင်နှုန်းလေးကို သိပါရစေ။**

ဆရာ့ဘော်ဒါက မနှစ်ကမှ စပြီးတော့ ဖွင့်တာဆိုတော့ ဆယ်တန်းကျောင်းသားဦးရေက ၄၀ ကျော်လောက် ရှိတယ်။ စာမေးပွဲဖြေတဲ့ အယောက်လေးဆယ်ကျော်ထဲမှာ ၃၀ ကျော် အောင်မြင်ခဲ့ပါတယ်။ အဲ့ဒီထဲမှာ ဂုဏ်ထူးရှင်တွေလည်း ပါပါတယ်။

**ဆရာ့အဆောင်ရဲ့ လက်ရှိ အဆောင်နေ ကျောင်းသားဦးရေကို သိပါရစေ။**

လက်ရှိ ကျောင်းသားဦးရေက အလယ်တန်း၊ အထက်တန်းဆိုရင် ဒီနှစ်က အဆောင်နေကျောင်းသားတွေဆိုရင် အယောက် ၆၀ ကျော် ၇၀ လောက် ရှိပါတယ်။

**သင်ကြားပြသပေးတဲ့ ဘာသာရပ်ဆိုင်ရာ ဆရာဆရာမဦးရေကို ပြောပြပေးပါဦး။**

ဘာသာရပ်ပေါင်းစုံမှာ လက်ရှိ မြစ်ကြီးနားမြို့အတိုင်းအတာနဲ့ဆိုရင် ဂုဏ်ထူးရှင်ပေါင်း မြောက်မြားစွာ နှစ်စဉ် မွေးထုတ်ပေးနေတဲ့ ဆရာ၊ ဆရာမတွေနဲ့ ဖွဲ့စည်းထားတယ်။ သူတို့ကိုယ်တိုင်ကလည်း သူတို့သင်ကြားပေးတဲ့ ဘာသာရပ်တစ်ခုစီတိုင်းအပေါ်မှာ နိုင်နိုင်နင်းနင်းနဲ့ သင်ပြနိုင်တယ်။ နဝမတန်းမှာသင်တဲ့ ဆရာ၊ ဆရာမတွေလည်း အများကြီး ရှိပါတယ်။ ပြီးတော့ စာစစ်ပေးတဲ့ဆရာတွေ၊ ဂိုက်ကြည့်ပေးတဲ့ဆရာတွေ ကိုးတန်း၊ ဆယ်တန်းအားလုံးပေါင်းဆိုရင် အယောက် ၂၀ ဝန်းကျင်နဲ့ ဖွဲ့စည်းတည်ထောင်ထားပါတယ်။

**ဆရာ့အဆောင်က ကျောင်းသားတွေကို ဘယ်လိုသင်ကြားပြသလဲ ဆိုတာလေးလည်း သိပါရစေ။**

ဘာသာရပ် တစ်ခုချင်းစီကို သက်ဆိုင်တဲ့ ဆရာ၊ဆရာမတွေက သင်သွားတယ်။ ပြီးလို့ရှိရင် သူတို့သင်ပေးတဲ့ဟာတွေကို နောက်ကနေ ပြန်လိုက်ပြီး သင်ပေးတဲ့ ဆရာတွေ ရှိတယ်။ သူတို့ နားမလည်လိုက်တဲ့ လွတ်သွားတဲ့စာတွေကို နောက်ကနေ ပြန်လိုက်ပြီး သင်ပေးတဲ့ ဆရာဆရာမတွေလည်း ရှိပါတယ်။ အဲ့လိုမျိုးတွေ ပံ့ပိုးကူညီ ပေးသွားတယ်ပေ့ါ။ နောက်ပြီး ဘော်ဒါဆောင်မှာနေတဲ့ ကလေးတွေကိုကျတော့ ညစာကျက်ဝိုင်းမှာ သီးသန့် ဆရာတွေကနေပြီး ဘာသာရပ်အလိုက်မှာ ပြန်ပြီး သင်ပြသွားတယ်ပေ့ါ။ ဆယ်တန်းတွေဆို မနက်ဆိုရင် လေးနာရီခွဲ နှိုးတယ်။ ငါးနာရီဆိုရင် စာသင်ခန်းရောက်ရမယ်။ ပြီးတော့ ၅ နာရီကနေ ၆ နာရီကို လေ့ကျင့်ခန်းတွေလုပ်တယ်။ ၆ နာရီကနေ စာပြန်သင်တယ်ပေ့ါနော်။ ညဆိုရင် ၇နာရီကနေ ၉နာရီက သူတို့ဘာသာရပ်အလိုက် ဆရာ၊ ဆရာမတွေက ပြန်ကြည့်ပေးတယ်။ ၉ နာရီကနေ ၁၁ နာရီအထိက ကိုယ်ပိုင်စာကြည့်ချိန်ပေ့ါ။ ၁၁ နာရီဆိုရင် အိပ်ချိန်ပေ့ါ။

**ကျောင်းသား၊ ကျောင်းသူတွေကို စည်းကမ်းပိုင်းဆိုင်ရာတွေမှာ ဘယ်လိုထိန်းကျောင်းပါသလဲ။**

စည်းကမ်း ထိန်းသိမ်းမှုပိုင်းကတော့ ဆရာတို့က မတင်းလွန်း၊ မလျော့လွန်းပေ့ါ။ တင်းလွန်းလည်း ပြတ်သွားမယ်။ လျော့လွန်းလည်း ပျက်သွားမယ်ဆိုတော့ အခုခေတ်ကလေးတွေ အခြေအနေအရ ဆရာ့အနေနဲ့ကတော့ သူတို့ကို ညစဉ်ညတိုင်းမှာ သူ့ကိုးကွယ်ရာဘာသာအလိုက် ဝတ်ပြုဆုတောင်းမှုတွေ လုပ်ကြတယ်။ ပြီးတော့ ကျောင်းသားတိုင်းကို ဆရာက ညစာကျက်ဝိုင်း မစခင် ဩဝါဒခြွေတယ်။ စည်းကမ်းလိုက်နာဖို့၊ စာကြိုးစားကြဖို့ စသည်ဖြင့်ပေ့ါနော်. . .။ အဲ့တာတွေပြီးတဲ့အခါမှ သူတို့ရဲ့ကိုယ်ပိုင်စာလေ့လာတဲ့အခန်းမှာ စာလုပ်ကြတယ်။ ဆရာ့အနေနဲ့ကတော့ အမြဲတမ်း ပုံမှန် ဩဝါဒခြွေပြီးတော့မှ သူတို့လုပ်မယ့်အလုပ်ကို လုပ်ခိုင်းတာ ဖြစ်တဲ့အတွက်ကြောင့် အရမ်းကြီး အခက်အခဲမရှိပါဘူး။ သူတို့လည်း ဘာသာတရားရဲ့ အဆုံးအမတွေနဲ့ ဆရာတို့ ဆုံးမပေးတဲ့အခါကျတော့ ကလေးတွေကို ထိန်းသိမ်းရတာ တအားကြီး အခက်အခဲတော့ မရှိပါဘူး။

**အဆောင်နေကျောင်းသား၊ ကျောင်းသူတွေရဲ့ ကျန်းမာရေးနဲ့ ပတ်သက်ပြီးတော့ စီ**

**စဉ်ပေးတဲ့ အပိုင်းတွေကော ရှိပါသလားရှင့်။**

ကျန်းမာရေးနဲ့ပတ်သက်လို့တော့ ဆရာဝန်တွေနဲ့ ချိတ်ဆက်ထားပေးပါတယ်။ မနှစ်က ဆိုလို့ရှိရင်တော့ သူနာပြုတစ်ယောက် ခေါ်ထားပေးပါတယ်။ ဆိုးဆိုးရွားရွား ဖျားနာတယ်ဆိုရင်တော့ ဆေးရုံတွေဆီ လိုက်လံ ပို့ဆောင်ပေးပါတယ်။

**ဆယ်တန်း ကျောင်းသူ၊ ကျောင်းသားတွေကို တစ်ဝိုင်းကို လူဦးရေ ဘယ်လောက်နဲ့ သင်ကြားပေးပါသလဲ။**

ဆယ်တန်းတော့ ဆရာက ကလေးတွေကို စာမေးပွဲစစ်ပေးပြီး တော်တဲ့ကလေးတွေကို ၁၅ ယောက်ဝိုင်းနဲ့ သင်ပေးတယ်။ သူ့ အရည်အချင်းပေါ် မူတည်ပြီးတော့ ခွဲပေးလိုက်တယ်။ ည စာကျက်ဝိုင်းမှာ ဆိုရင်လည်း ဒီ ၁၅ ယောက်ဝိုင်းကို သီးသန့် သင်ကြားပေးတယ်။ Section နဲ့ဝိုင်းကို သီးသန့်ခွဲပြီး သင်ပေးပါတယ်။ ဘာလို့လဲဆိုရင် ခွဲပြီးသင်မှပဲ သူတို့က၊ ဉာဏ်ရည် လိုက်နိုင်တဲ့ ကလေးတွေကျတော့ သူ့အရည်အချင်းအလိုက်၊ မလိုက်နိုင်တဲ့ ကလေးတွေကျတော့လည်း သီးခြားစီ လုပ်ပေးတော့ သူတို့အတွက် ပိုအဆင်ပြေတာပေါ့။ ငွေကြေးအနေနဲ့ သီးခြားကောက်ခံမှုတွေတော့ မရှိပါဘူး။ ဆရာတို့က စာမေးပွဲစစ်ဆေးပြီးတော့ပဲ ခွဲတာပါ။

**နွေရာသီ သင်တန်းတွေကော ဖွင့်လှစ်ပါသလား။**

ဟုတ်ကဲ့။ ဆယ်တန်းဆိုရင် ဆရာတို့က နွေရာသီကတည်းက ဖွင့်လှစ်သင်ကြားပေးတယ်။ အဲ့ဒီထဲကမှ တကယ်တော်တဲ့ ကြိုးစားတဲ့ ကလေးတွေဆိုရင် စာမေးပွဲစစ်ပြီး ခုနကပြောတဲ့ ဝိုင်းနဲ့ သင်ကြားပေးတယ်ပေါ့။ ဆိုတော့ နှစ်ကြိမ်သင်ရသလို ဖြစ်တာပေါ့။ နွေရာသီမှာ သင်ခန်းစာက ပြီးသင့်သလောက် ပြီးနေပြီ။ ကျောင်းဖွင့်တော့ ဒုတိယအကြိမ် ပြန်သင်သလို ဖြစ်တာပေါ့။ နောက်ပြီးတော့ အင်္ဂလိပ် Grammar သင်တန်းလည်း ဆရာတို့ နွေရာသီမှာ ဖွင့်လှစ်ပါတယ်။

**အဆောင်နေကျောင်းသားတွေရဲ့ နေထိုင်မှုနဲ့ စားသောက်မှုပုံစံတွေကို ဘယ်လို စီစဉ်ထားပါသလဲ။**

ဆရာ့အနေနဲ့ ဘော်ဒါကျောင်းသားတွေကို အစားအသောက်ပိုင်းကျတော့ တစ်နေ့ကိုသုံးနပ် ကျွေးတယ်။ မနက်စာကိုတော့ သရေစာတစ်ခုခု ကျွေးတယ်။ ပြီးတော့ နေ့လည်စာနဲ့ ညစာကိုတော့ အသားဟင်း တစ်မျိုးမျိုးနဲ့ တစ်နေ့ကို သုံးနပ်ကျွေးပါတယ်။ အစားအသောက်ကို အဆောင်မှာပဲ ကျန်းမာရေးနဲ့ ညီညွတ်အောင် ကိုယ်တိုင်ချက်ပြုတ်ပြင်ဆင်ပေးပါတယ်။ တချို့အိမ်က ချိုင့်ပို့တဲ့ကလေးတွေလည်း လက်ခံပါတယ်။ နေထိုင်မှုကတော့ ဆရာတို့က တစ်ယောက်ကို ခုတင်တစ်လုံးပေးထားတယ်။ တစ်ယောက်တည်း ကိုယ်ပိုင် သုံးနိုင်အောင်ပေါ့။

**ဆရာ့အနေနဲ့ လာမယ့်နှစ်ဆိုရင် ကိုယ်ပိုင်အထက်တန်းကျောင်း ဖွင့်လှစ်မယ်လို့ ကြားသိရပါတယ်. . .။ ဘယ်လိုဖွင့်လှစ်သွားဖို့ စီစဉ်ထားလဲဆိုတာနဲ့ ပတ်သက်ပြီးတော့ ပြောပြပေးပါဦး။**

လာမယ့်နှစ် ၂၀၁၉-၂၀ မှာ ကိုယ်ပိုင်အထက်တန်းကျောင်းဖွင့်ဖို့ လျှောက်ထားတယ်။ လျှောက်ထားဆဲဖြစ်တယ်။ အဆင့်မီတဲ့ ကျောင်းတစ်ကျောင်း ဖြစ်အောင်တော့ ဆရာ့အနေနဲ့ လုပ်ဆောင်သွားဖို့ ရည်ရွယ်ချက်ရှိတယ်။ ဒါကြောင့်မို့လို့ကိုယ်ပိုင် ကျောင်းဖွင့်တဲ့အခါ အဆင့်မီတယ်ဆိုတာ ကလေးတွေမှာ ကာယ၊ ဉာဏ၊ စာရိတ္တပေါ့၊ ဒီသုံးခုနဲ့ ပေါင်းပြီး ဆရာတို့ ဖွင့်လှစ်သွားမယ်။ Music ပိုင်းနဲ့ ပတ်သက်ပြီးတော့ တကယ်လို့ အငယ်တန်းကလေးတွေ ၉ တန်း၊ အလယ်တန်းတွေ လာရောက်အပ်နှံမယ် ဆိုလို့ရှိရင်လည်း Music ဆိုလည်း တစ်ချိန်၊ ရသဆိုလည်း ရသတစ်ချိန် သင်ပေးဖို့တွေပေါ့။ အားကစားဘက်မှာလည်းပဲ ဆရာတို့ အဓိကကတော့ ဘောလုံးပေါ့။ ဘောလုံးအားကစားကိုလည်း သီးသန့် သင်ကြားပေးမယ်။ စာသင်ချိန်မဟုတ်တဲ့ အချိန်တွေမှာလည်း ဒါတွေနဲ့ ပတ်သက်ပြီးတော့ သင်ကြားပေးဖို့ ဆရာ့အနေနဲ့ စီစဉ်ထားတယ်။ ပြီးတော့ ပညာရပ်နဲ့ ပတ်သက်ပြီးတော့ ဆရာတို့က အဓိကကွန်ပျူတာ ပညာကိုလည်း စာသင်ချိန်ထဲမှာ ထည့်ထားပေးမယ်။ အင်္ဂလိပ်စာကတော့ 4 skills နဲ့ သွားဖို့တော့ ဆရာတို့ စီစဉ်ထားတယ်။ Writing/ Listening/ Speaking/Reading ကိုလည်း train ဖို့အတွက် ဆရာတို့ စီစဉ်ထားတယ်။ ဆယ်တန်းကလေးတွေကျတော့ အဓိကသူတို့က စာနဲ့ပဲ လုံးပန်းရမှာဖြစ်တဲ့အတွက် ဆရာတို့က စာပေဘာသာရပ်နဲ့ ပတ်သက်ပြီးတော့ စာသင်ဝိုင်းတွေနဲ့ သူတို့ရဲ့ အတန်းပိုင်ဆရာ သီးသန့်၊ ဂိုက်ဆရာတွေ၊ သင်ကြားရေးဆရာတွေနဲ့ပဲ သီးသန့်စီဖွဲ့ဖို့တော့ စီစဉ်ထားပါတယ်။ ကလေးတွေအတွက် အားတဲ့အချိန်မှာ စာပေနဲ့လည်း ပျော်မွေ့နိုင်အောင် စာကြည့်တိုက်လည်း လုပ်ထားပေးတယ်။ ဒါက ကိုယ်ပိုင်ကျောင်းမှာ ကျောင်းတစ်ကျောင်းရဲ့ အင်္ဂါရပ်နဲ့ညီအောင်တော့ ဆရာတို့ ပုံဖော်ဖို့တော့ စိတ်ကူးထားပါတယ်။ နေထိုင်ဖို့ အဆောင်တွေကိုလည်း မိန်းကလေးဆောင် သပ်သပ်၊ ယောကျ်ားလေးဆောင် သပ်သပ် စီစဉ်ထားပါတယ်။

**ကိုယ်ပိုင်ကျောင်းမှာ သင်ကြားပေးမယ့် ဆရာ၊ ဆရာမတွေကိုလည်း ပြောပြပေးပါဦး။**

သင်ကြားပြသပေးမယ့် ဆရာ၊ဆရာမ တွေကတော့ ဒီနှစ်မှာ လက်ရှိသင်ကြားပေးနေတဲ့ ဆရာတွေအပြင် ထပ်လောင်းပြီးတော့လည်း ခေါ်ဆောင်ထားတဲ့ ဆရာ၊ ဆရာမတွေ ရှိပါတယ်။ ညစာကျက်ဝိုင်းမှာ ကြည့်ဖို့ ဆရာ၊ ဆရာမတွေလည်း ပြီးတော့ ကလေးတွေကို အနီးကပ်ကြည့်ပေးဖို့ ဆရာ၊ ဆရာမတွေလည်း ဆရာတို့ အင်အားဖြည့်ထားပါတယ်။

**ကျောင်းလခ အနေနဲ့ရော ဘယ်လို စီစဉ်ထားလဲရှင့်။**

ကျောင်းလခ အနေနဲ့ကတော့ အရမ်းကြီးလည်း မများအောင်၊ အရမ်းကြီးလည်း မနည်းအောင် စီစဉ်ထားတယ်။ ဆရာ့ကျောင်းကို ငွေမရှိလို့၊ မတက်လိုက်ရဘူးဆိုတာမျိုးလည်း မရှိရအောင် ကျောင်းလခကို ဆရာက လူတန်းစားပေါင်းစုံတတ်နိုင်တဲ့ သင်တန်းကြေးမျိုးကို ဖန်တီးပေးထားပါတယ်။ လူတန်းစားမျိုးစုံပေါ့။ သင်တန်းကြေးကို အသုတ်လိုက်ခွဲပေးနိုင်ဖို့လည်း စီစဉ်ထားပါတယ်။ ပထမတစ်ရစ်၊ ဒုတိယတစ်ရစ်၊ တတိယတစ်ရစ်ခွဲပေးနိုင်အောင် မိဘတွေလည်း ဝန်ထုပ်ဝန်ပိုး မပိအောင် ဆရာ့အနေနဲ့ အရစ်ကျခွဲပေးနိုင်ဖို့ စီစဉ်ထားပါတယ်။

**တန်းခွဲသစ်တွေကို ဘယ်တော့လောက် စတင်လက်ခံမလဲ။**

တန်းခွဲသစ်တွေကိုတော့ အခုကစပြီး လက်ခံနေပြီ။ မတ်လ ၇ ရက်ကနေ စသင်တော့မှာပါ။

Ann




# U – ၂၁ တိုင်းနှင့်ပြည်နယ် ဘောလုံးပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်း ကွာတားဖိုင်နယ်အဆင့်မှ ရှုံးထွက်ခဲ့ရ



မြစ်ကြီးနား၊ ဇန်နဝါရီ ၂၂

နေပြည်တော်တွင် ကျင်းပသည့် ၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ၂၁ နှစ်အောက်အမျိုးသားဘောလုံးပြိုင်ပွဲတွင် ကချင်ပြည်နယ် ဘောလုံးအသင်းက ကွာတားဖိုင်နယ်အဆင့်တွင် ရှုံးထွက်ခဲ့ရကြောင်း သိရသည်။

ဇန်နဝါရီလ ၁၉ ရက်နေ့ ညနေက ကွာတားဖိုင်နယ်ပွဲစဉ်တွင် ကချင်ပြည်နယ်နှင့် မကွေးတိုင်းအသင်းတို့ ယှဉ်ပြိုင် ကစားခဲ့ကြရာ မကွေးအသင်းက ၄ ဂိုး၂ ဂိုးဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။

အသက် ၂၁ နှစ်အောက် ကချင်ပြည်နယ်ဘောလုံးအသင်းသည် အုပ်စု (C) တွင် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအသင်းတို့ဖြင့် တစ်အုပ်စုတည်း ယှဉ်ပြိုင်ကစားခဲ့ကြရာ စစ်ကိုင်းတိုင်းကို ၂ ဂိုး - ဂိုးမရှိဖြင့် လည်းကောင်း၊ ချင်းပြည်နယ် အသင်းကို ၁ ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အသီးအသီး အနိုင်ရရှိကာ အုပ်စုပထမနေရာဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ၂၁ နှစ်အောက်အမျိုးသားဘောလုံးပြိုင်ပွဲကို နေပြည်တော်တွင် ဇန်နဝါရီလ ၉ ရက်မှ စတင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် အသင်းပေါင်း ၁၅ သင်း ယှဉ်ပြိုင်ခဲ့ကြသည်။

Salai




# မနောင်ကွင်းတွင် ကချင်ရိုးရာဝတ်စုံများ ငှားရမ်းအလှဆင်ပေးနေပြီ



မြစ်ကြီးနား၊ ဇန်နဝါရီ ၂၄

မြစ်ကြီးနားမြို့၊ မနောင်ကွင်းတွင် ကချင်အနုပညာရှင်များ အသင်းချုပ် ဗဟိုကော်မတီ၊ ရိုးရာဂျပ်ခုတ်ဆပ်ကော်မတီမှဦးဆောင်၍ ကချင်ရိုးရာဝတ်စုံများ ငှားရမ်းအလှဆင်ပေးခြင်းများကို ဇန်နဝါရီလ ၂၄ ရက်နေ့မှစတင်၍ ပြုလုပ်ပေးနေပြီဖြစ်သည်။

ငှားရမ်း အလှဆင်ရာတွင် လာချိတ်၊ ဇိုင်ဝါး၊ လော်ဝေါ်၊ ရဝမ်၊ လီဆူ၊ ဂျိန်းဖော အစရှိသော ကချင်မျိုးနွယ်စု ၆ မျိုး၏ ရိုးရာဝတ်စုံများကို အပြည့်အစုံပါရှိကြောင်း သိရသည်။

ထိုသို့ ငှားရမ်းဆင်မြန်းရခြင်းမှာ မြန်မာပြည်အနှံ့မှ လာရောက်သော ခရီးသွားဧည့်သည်များ မနောင်တိုင်ရှေ့တွင် ကချင်ရိုးရာဝတ်စုံများနှင့် အလွယ်တကူမှတ်တမ်းဓာတ်ပုံများ ရိုက်ကူးနိုင်ရန်၊ ကချင်လူမျိုးစုများ၏ ရိုးရာဝတ်စုံများကို သတ်မှတ်ချက်အတိုင်း တိကျမှန်ကန်စွာ ဝတ်ဆင်နိုင်ရန်နှင့် ကချင်အနုပညာရှင်များ အသင်းချုပ် ရန်ပုံငွေရှာဖွေရန်အတွက် ရည်ရွယ်၍ပြုလုပ်ရခြင်းဖြစ်ကြောင်း ကချင်အနုပညာရှင်များ အသင်းချုပ်ဗဟိုကော်မတီ၊ ရိုးရာဂျပ်ခုတ် ဆပ်ကော်မတီမှ တာဝန်ခံ ဒေါ်အင်ခွမ်ဂျာခေါ်နက မြစ်ကြီးနားသတင်း ဂျာနယ်သို့ ပြောသည်။

"ကချင်ပြည်နယ်ကို လာပြီဆိုရင် အထင်ကရနေရာဖြစ်တဲ့ မနောင်ကွင်းကိုလာလို့ရှိရင် သူတို့အတွက် အဆင်ပြေအောင်ရယ်၊ ကချင်ရိုးရာဝတ်စုံတွေကို ဝတ်ဆင်တဲ့အခါမှာ သတ်မှတ်ချက်တွေရှိတယ်။ ညာဖုံးရမှာတို့ ပေါ့နေ၊ သူ့နေရာနဲ့သူ အဲ့ဒါတွေကို မှန်ကန်အောင် ဝတ်ဆင်တတ်ဖို့ လိုတယ်. . .။ ကျွန်မတို့ကိုယ်တိုင်ဝတ်ဆင်ပေးတာပေါ့"ဟု ဒေါ်အင်ခွမ်ဂျာခေါ်နက ပြောသည်။

အဆိုပါ ဆပ်ကော်မတီအနေဖြင့် ဝတ်စုံငှားရမ်းအလှဆင်ပေးခြင်းကို ကချင်ရိုးရာနှင့် ပတ်သက်သော မင်္ဂလာဆောင်၊ မော်ဒယ်လ်များ၊ အလှမယ်များအတွက်လည်း အော်ဒါများကိုလက်ခံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရိုးရာဝတ်စုံ ငှားရမ်းခဈေးနှုန်းများကို မင်္ဂလာဆောင်၊ အခမ်းအနားတက်များကို တစ်သောင်းခွဲကျပ်၊ VCD, MTV ရိုက်ကူးသူများကို ငှားရမ်းခ တစ်သောင်းကျပ်နှင့် မနောင်ကွင်းအတွင်း အလှဓာတ်ပုံရိုက်လိုသူများအတွက် ရှစ်ထောင်၊ ငါးထောင်၊ သုံးထောင်အစရှိသဖြင့် အမျိုးအစားခွဲပြီး လူတိုင်းအဆင်ပြေစေမည့် ဈေးနှုန်းများကို သတ်မှတ်ပေးထားကြောင်း ဒေါ်အင်ခွမ်ဂျာခေါ်နက ဆက်လက်ပြောသည်။

"တစ်သောင်းခွဲက ကျတော့ တစ်ပွဲတိုးပေါ့၊ နာရီနဲ့တော့ မဟုတ်တော့ဘူး။ ဒီအပြင်က MTV, VCD ရိုက်တာတို့ကျတော့ (၃)နာရီဟုတ်မယ်။ မနောင်ကွင်းထဲမှာပဲ ဓာတ်ပုံရိုက်တာတို့ကျတော့ နာရီဝက်လောက်ဆိုရင်တော့ ငါးထောင်၊ သုံးထောင်အစားစားပေါ့။ နာရီကန့်သတ်ထားတာကလည်း လိုအပ်တယ်လေ။ ကန့်သတ်ချက်မရှိရင် တစ်နေ့လုံးဖြစ်မှာဆိုတော့ ကျွန်မတို့အတွက်လည်း အဆင်မပြေဘူး။ အားလုံး အဆင်ပြေနိုင်တဲ့ ဈေးနှုန်းတော့ လုပ်ထားပေးတာပေါ့"ဟု ၎င်းကဆိုသည်။

အဆိုပါ ရိုးရာဝတ်စုံငှားရမ်းသည့်အစီအစဉ်ကို ဇန်နဝါရီလ ၂၄ ရက်နေ့မှစ၍ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားကြောင်း သိရသည်။

Benadeth

# ယခုနှစ် ဖရဲသီးရာသီတွင် သီးနှံကုန်သည်များ အရှုံးပေါ်



ဝိုင်းမော်၊ ဇန်နဝါရီ ၂၅

ယခုနှစ် တရုတ်ဖရဲသီးဈေးကွက်မှာ ယခင်နှစ်များကထက် သိသာစွာ အရှုံးပေါ်နေကြောင်း တောင်သူများထံမှ သိရသည်။

ယခင်နှစ်များက တရုတ်ကုန်သည်များ ကိုယ်တိုင်လာရောက်ဝယ်ယူမှုများ ရှိသဖြင့် အရောင်းအဝယ်ကောင်းခဲ့သော်လည်း ယခုနှစ်တွင် လာရောက်ဝယ်ယူသူ မရှိသောကြောင့် တရုတ်ဈေးကွက်ကို အားထားနေရသော ဖရဲခင်းပိုင်ရှင်များအနေဖြင့် တရုတ်နိုင်ငံသို့ သွားရောက် တင်ပို့နေရသည်ဟု ဆိုသည်။

ယခင်နှစ်က တရုတ်ပြည်သို့ တင်ပို့လျှင် တစ်လုံး ၁၅၀၀ ကျပ်ခန့်ရရှိကြောင်း သိရပြီး ယခုနှစ်တွင် တရုတ်နိုင်ငံ၌ ဖရဲသီးဈေးကွက် မတည်ငြိမ်မှုများ ရှိနေခြင်း၊ မြန်မာနိုင်ငံတွင်လည်း ရာသီချိန် မဟုတ်သောကြောင့် ဖရဲသီးတင်သွင်းရန် ခက်ခဲခြင်းတို့ကြောင့် အရှုံးပေါ်နေရကြောင်း စန်းကားကျေးရွာတွင် မြေ ၁၃ ဧက ငှားရမ်း၍ ဖရဲခင်းစိုက်ပျိုးခဲ့သူ ဦးရွှေလီက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"တစ်နှစ်ကဆိုရင် တအားကြီး မမြတ်ရင်တောင် ရှုံးတော့ မရှုံးဘူး။ ဒီနှစ်တော့ အရင်း သုံးပုံတစ်ပုံတောင် ပြန်မရဘူး။ တရုတ်ဘက်က ရာသီဥတုက အရမ်းအေးနေတယ်ဆိုတော့ ဖရဲသီးဈေးကွက်က မရဘူး။ တရုတ်ပြည်မှာ ကိုယ်တိုင်သွားရောင်းတာတော့ ပထဦးဆုံး အကြိမ်ဆိုတော့ . . . အရင်နှစ်ကဆိုရင် သူတို့ကိုယ်တိုင် လာဝယ်တယ်။ မြန်မာပြည်မှာဆိုလည်း ပိုတောင်ရှုံးမှာ" ဟု ၎င်းက ပြောသည်။

ယခင်နှစ်က တရုတ်မျိုးရင်း ဖရဲသီးများကို တစ်နှစ်လျှင်နှစ်ကြိမ်ခွဲ၍ စိုက်ပျိုးခဲ့ရသော်လည်း ယခုနှစ်တွင် အရှုံး ပေါ်နေသောကြောင့် နောက်ထပ် တစ်ရာသီအတွက် စိုက်ပျိုးနိုင်တော့မည် မဟုတ်ကြောင်း ဦးရွှေလီက ဆက်လက်ပြောသည်။

"ခြောက်လတစ်ခါ စိုက်လို့ရတယ်။ တရုတ်ဈေးကွက်က မကောင်းဘူးဆိုတော့ နောက်တစ်သုတ် ပြန်စိုက်ဖို့တော့ကြောက်ပြီ။ အခင်းပိုင်ရှင်ကို ပြန်အပ်လိုက်တော့မယ်" ၎င်းကပြောသည်။

တောင်သူများ အရှုံးပေါ်နေသကဲ့သို့ မြို့ပေါ်တွင် လက်လီလက်ကား ရောင်းဝယ်သူများလည်း ဈေးကောင်းမရရှိဘဲ ရောင်းရငွေနှင့် အသီးများပုပ်၍ ဆုံးရှုံးရသော တန်ဖိုးမမျှမတ ဖြစ်နေကြောင်း သိရသည်။

ရာသီထွက်ဖရဲသီးမဟုတ်သောကြောင့် ပြည်တွင်းတွင်လည်း ဈေးကောင်းမရကြောင်း၊ ဝယ်ယူသူနည်းပါးကြောင်းနှင့် အသီးများမှာလည်း ကြာကြာအထားမခံသောကြောင့် အရှုံးပေါ်နေရကြောင်း မြစ်ကြီးနားအသီးအနှံ လက်လီရောင်းချသူ ဒေါ်အုန်းစန်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ဖရဲသီးဈေးက တစ်လုံး ၁၀၀၀၊ ၁၅၀၀ ပဲ ရတယ်။ တရုတ်ဖရဲသီးတွေက ရက်ကြာကြာလည်း မခံဘူး။ အများကြီး ဝယ်ထားရင်လည်း အဆင်မပြေဘူး။ ခဏလေးဆိုရင် ပုပ်သွားမှာ ဆိုတော့။ အရင်း မရတာတွေတောင်ရှိတယ်။ ရာသီသီးဆိုရင် အလုံးကြီးရင် ၅၀၀၀ အထိတောင် ရောင်းရနိုင်တယ်" ဟု ၎င်းက ပြောသည်။

ဖရဲခြံ စိုက်ပျိုးသူများသည် မြေငှားခ တစ်ဧကသုံးသိန်းနှုန်းပေး၍ ငှားရမ်းလုပ်ကိုင်ရကြောင်း သိရပြီး အလုပ်သမားများ၏ နေ့စားခမှာလည်း တစ်ရက်လျှင် ခြောက်ထောင်ကျပ်စီ ပေးကာ ငှားရမ်းရကြောင်း သိရသည်။

Ann/ Benadeth